ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့ (10-11-2015) (၈၃၈၀)

**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# မြန်မာ့အနာဂတ်အတွက် မရှိမဖြစ်လိုအပ်လာမည့် ကုန်းတွင်းဆိပ်များ

သူရိန်(ဘားအံ)

မြန်မာနိုင်ငံတွင် ကုန်းတွင်းဆိပ် (Dry Port)ဟူသော အခေါ်အဝေါ် အသုံးအနှုန်းကို ရင်းနှီးကျွမ်းဝင်ခြင်းမရှိသလို လောလောဆယ်အခြေအနေတွင် လုပ်ငန်းဆောင်ရွက်နိုင်ခြင်းလည်းမရှိသေးပါ။ အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှာ နှစ်အတန်ကြာကပင် ကုန်းတွင်းဆိပ်ဆောင်ရွက်မှုလုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေပြီဖြစ်ပါသည်။

ကုန်းတွင်းဆိပ် (Dry Port) ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးတွင် သယ်ယူပို့ဆောင်သည့် ကုန်စည်များ တင်/ချခြင်း၊ သိုလှောင်ခြင်း၊ ပုံမှန်စစ်ဆေးခြင်းနှင့် အကောက်ခွန်ဆိုင်ရာ ထိန်းချုပ်သည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေခြင်းအတွက် သယ်ယူပို့ဆောင်ရေးနည်းလမ်းတစ်ခု(သို့)တစ်ခုထက်ပိုသော နည်းလမ်းများ အသုံးပြုရာတွင် အုပ်ချုပ်ထောက်ပံ့မှုနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများ၏ အချက်အချာကျသော ဒေသနှင့် ဆက်သွယ်နိုင်သော ကုန်းတွင်းနေရာဒေသကို ဆိုလိုပါသည်။

ကုန်းတွင်းဆိပ် (Dry Port)ကို တည်ဆောက်ခြင်းအားဖြင့် ပင်လယ်ဆိပ်ကမ်းအထိ ကုန်ပစ္စည်းများကို တင်ပို့ရန် မလိုအပ်ဘဲ နီးစပ်ရာ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ကုန်သွယ်မှုပြုနိုင်ပါသည်။ ကုန်းတွင်းဆိပ်များသည် ပင်လယ်ဆိပ်ကမ်း၊ လေဆိပ်များကဲ့သို့ စစ်ဆေးဆောင်ရွက်မှုများရှိပြီး ကား၊ ရထားအသုံးပြုသယ်ယူပို့ဆောင်ရေးစနစ် သုံးခြင်းသာ ကွာခြားမှုရှိကြောင်း တွေ့ရှိရသည်။ ကား၊ ရထားသယ်ယူပို့ဆောင်ရေးစနစ်တွင်လည်း ခရီးဝေး(ကီလိုမီတာ ၃၀၀ အထက်ခန့်) သယ်ပို့မည်ဆိုပါက ရထားလမ်းကို

စာမျက်နှာ ၃ ကော်လံ ၁ သို့



နိုင်ငံတကာတွင် ရထားနှင့် ဆက်စပ်ပြီး ဆောင်ရွက်နေသည့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။

# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှရလဒ်များ ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၉**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှရလဒ်များ ထုတ်ပြန်ကြေညာခြင်းကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ယနေ့ညနေ ၃ နာရီက ကျင်းပသည့် မီဒီယာစင်တာဖွင့်ပွဲအခမ်းအနားအပြီးတွင်လည်းကောင်း၊ ညနေ ၆ နာရီတွင် လည်းကောင်း၊ ည ၉ နာရီတွင်လည်းကောင်း ပြုလုပ်သည်။

ထိုသို့ထုတ်ပြန်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ရန်ကုန်တိုင်းဒေသကြီးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၈ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦး၊ ရှမ်းပြည်နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦး စုစုပေါင်း ၂၈ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၂၄ ဦးတို့၏ အမည်စာရင်းနှင့် ရလဒ်များကို ကြေညာခဲ့သည်။

အဆိုပါ ကြေညာချက်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လသာ၊ ဆိပ်ကမ်း၊ အင်းစိန်၊ ရန်ကင်း၊ သာကေတ၊ ဒေါပုံ၊ တာမွေ၊ ပုဇွန်တောင်၊ အလုံ၊ လမ်းမတော်၊ ကမာရွတ်၊ ဒဂုံ၊ မင်္ဂလာဒုံ၊ သုံးခွ၊ ဒလ၊ ကျောက်တံတား၊ ကြည့်မြင်တိုင်နှင့် လှိုင်၊ ပဲခူးတိုင်းဒေသကြီး ရွှေတောင်၊ မန္တလေးတိုင်းဒေသကြီး အမရပူရ၊ မတ္တရာ၊ စဉ့်ကူး၊ ကျောက်ဆည်၊ မလှိုင်၊ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမဲဆန္ဒနယ်တို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၂၅ ဦးတို့ကလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာနှင့် ရှမ်းပြည်နယ် မိုင်းယန်းမဲဆန္ဒနယ်တို့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးတို့ကလည်းကောင်း၊ ရှမ်းပြည်နယ် ဟိုပန်မဲဆန္ဒနယ်တွင် "ဝ"ဒီမိုကရက်တစ်ပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျင်ဝမ်းတို့ကလည်းကောင်း၊ လသာ(၁/၂)၊ ဆိပ်ကမ်း(၂)၊ အင်းစိန်(၁/၂)၊ ရန်ကင်း (၁/၂)၊ သာကေတ(၁/၂)၊ ဒေါပုံ(၁/၂)၊ တာမွေ(၁/၂)၊ ပုဇွန်တောင်(၁/၂)၊ အလုံ(၁/၂)၊ လမ်းမတော်(၁/၂)၊ ကမာရွတ် (၁/၂)၊ ဒဂုံ(၁/၂) မဲဆန္ဒနယ်တို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၂၃ ဦးကလည်းကောင်း အနိုင်ရရှိခဲ့ကြပြီး ဆိပ်ကမ်း(၁) မဲဆန္ဒနယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကလည်းကောင်း အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ရလဒ်အပြည့်အစုံကို စာမျက်နှာ (၆၊ ၇) တွင် ဖော်ပြထားပါသည်။

**(သတင်းစဉ်)**



အတွေးအမြင်

**ကြေးမုံစာတည်းရှုထောင့်** **၁၀-၁၁-၂၀၁၅၊ အင်္ဂါနေ့**

# ညီညီညွတ်ညွတ်ရှေ့ဆက်လျှောက်လှမ်း

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို နိုင်ငံတစ်ဝန်းတွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။ သမိုင်းဝင်၊ သမိုင်းတွင်မည့် ရွေးကောက်ပွဲကြီးကို လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲကြီးအဖြစ် ပြည်တွင်း၊ ပြည်ပလေ့လာသူများရှေ့မှောက်တွင် သက်သေထူပြနိုင်ခဲ့သည်။

နိုင်ငံသူ၊ နိုင်ငံသားအများစု ကြုံတွေ့ခဲ့ရဖူးသော ၁၉၉၀ ခုနှစ်၊ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲများထက် ယခုကျင်းပသည့် ရွေးကောက်ပွဲသည် မဲဆန္ဒရှင်ပြည်သူအားလုံး မိမိနိုင်ငံတော်ကြီး ယခုထက်တိုးတက် ပြောင်းလဲစေရန်ရည်ရွယ်ချက်ဖြင့် အတက်ကြွဆုံးပါဝင်လာသည်ကို မြင်တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်။

မြန်မာနိုင်ငံသားမဲဆန္ဒရှင်များ နိုင်ငံအရှေ့အတွက် တက်ကြွစွာပါဝင်ဆောင်ရွက်မှုသည် ဒီမိုကရေစီလုပ်ငန်းစဉ်အတွက် အရေးကြီးဆုံးအချက်ဖြစ်ပါသည်။ ရွေးကောက်ပွဲမှ ပေါ်ထွက်လာသည့် ပြည်သူ့ဆန္ဒ၊ ပြည်သူ့အဆုံးအဖြတ်များအား ဝမ်းမြောက်ဝမ်းသာကြိုဆိုလက်ခံအသိအမှတ်ပြုပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အနာဂတ်အရေးအတွက် ညီညီညွတ်ညွတ် ဆက်လက်လက်တွဲလုပ်ကိုင်ကြဖို့သာဖြစ်သည်။

ကျင်းပပြီးစီးခဲ့သည့်ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလအတွင်း နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်လောင်းများ၊ နှစ်သက်ရာပါတီကို ထောက်ခံကြသူများက တက်ကြွစွာ အားပေးခဲ့ကြသည်မှာလည်း အံ့သြဖွယ်ဖြစ်သည်။ ပထမဆုံးအကြိမ်မြင်တွေ့ခွင့်ရသော လူစုံတက်စုံပါဝင်ယှဉ်ပြိုင်သည့်ရွေးကောက်ပွဲတွင် ပြိုင်ဆိုင်မှုများ ပြင်းထန်ခဲ့ခြင်းသည် လွတ်လပ်ပွင့်လင်းလာသော မြန်မာ့နိုင်ငံရေးတိုးတက်မှုကို လက်တွေ့ပြသနေခြင်းပင်ဖြစ်သည်။

ထိုကဲ့သို့ ဒီမိုကရေစီအလေ့အကျင့်ကောင်းများဖြစ်ပေါ်လာအောင် ပံ့ပိုးဖော်ဆောင်နိုင်ခဲ့ကြသော နိုင်ငံတော်အစိုးရ၊ လွှတ်တော်များ၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ ပြည်သူများအားလုံးတို့အား အသိအမှတ်ပြုရမည်ပင်။ သို့ရာတွင် မည်သည့် နယ်ပယ်တွင်မဆို မတူကွဲပြားမှုများရှိတတ်သည်ဖြစ်၍ နယ်ပယ်အသီးသီးတွင်သော်လည်းကောင်း၊ အဖွဲ့အစည်းအတွင်း၌သော်လည်းကောင်း ယုတ်စွအဆုံး မိသားစု၊ မိတ်ဆွေအတွင်း၌ပင် သဘောကွဲလွဲမှုများ ရှိခဲ့သည်။ အချို့နယ်ပယ်အတွင်း၌ ခံစားချက်များလွန်ကဲပြီး အလွန်အကျွံပြောဆို ပြုမူမှုများရှိခဲ့သည်။ အချို့ဥပဒေကို ချိုးဖောက်သည်အထိ ဖြစ်လာသောကြောင့် တိုင်ကြားမှုများ၊ အရေးယူမှုများလည်းရှိခဲ့သည်။

မည်သို့ပင်ရှိစေကာမူ မိမိတို့အားလုံးသည် တူညီသောရည်မှန်းချက်ကို လျှောက်လှမ်းနေသည်ကို မမေ့သင့်ပေ။ ယခုအခါမဲရုံအသီးသီးတွင် ဆန္ဒမဲများကိုရေတွက်ခဲ့ကြပြီး အတည်ပြုကိုယ်စားလှယ်လောင်းများအား ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်အသိပေးလျက်ရှိသည်။ ရရှိလာသော တရားမျှတသည့် မဲရလဒ်များအား ကျေနပ်စွာလက်ခံကြပြီး မိမိတို့ ချစ်မြတ်နိုးသော ပြည်ထောင်စုသမ္မတနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်အောင် ဆက်လက်ကြိုးပမ်းကြရန်ဖြစ်သည်။

ကမ္ဘာ့ဒီမိုကရေစီနိုင်ငံများတွင် ပုံမှန်ကျင်းပနေသည့် ရွေးကောက်ပွဲများရှိသည်။ ထိုရွေးကောက်ပွဲများတွင် ပြိုင်ဆိုင်မှုမည်မျှပြင်းထန်စေကာမူ ရွေးကောက်ပွဲတွင်ရှုံးနိမ့်သူက အနိုင်ရသူကို လက်ဆွဲနှုတ်ဆက်ပြီး မိမိတိုင်းပြည်အတွက် အတူလက်တွဲဆက်လက်လုပ်ကိုင် ဆောင်ရွက်ခဲ့ကြသည်မှာ အတုယူဖွယ်ဖြစ်သည်။အနိုင်ရသူက ပျော်ရွှင်နေသလို ရှုံးနိမ့်သူကလည်း အပြုံးနှင့်ကြိုဆိုနိုင်ရမည်၊ မုဒိတာပွားကြရမည်။ ယင်းသည်ပင် ဒီမိုကရေစီစနစ်၏ အနှစ်သာရပင်ဖြစ်သည်။

မည်သည့်ပါတီ၊ မည်သည့်ပုဂ္ဂိုလ်ကိုထောက်ခံခဲ့၍ အောင်မြင်သည်၊ မထောက်ခံခဲ့၍ ရှုံးနိမ့်သည်ဟူသည့် ခံစားချက်များအား အလုပ်ထဲသို့လည်းကောင်း၊ အသိုက်အဝန်းအတွင်းသို့လည်းကောင်း၊ ဘဝအတွင်းသို့လည်းကောင်း ဆက်လက်မယူဆောင်လာသင့်ပေ။ ကွဲပြားခြားနားမှုများအတွင်းမှ စုစည်းညီညွတ်မှုများကို ရှာဖွေကြရမည်ဖြစ်သည်။

ထို့ကြောင့် ရွေးကောက်ပွဲများသည် နိုင်ငံ့အတွက်အားသစ်ကိုသာဖြစ်သင့်သည်။ ရွေးကောက်ပွဲများမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်အားသစ်များကို စုစည်းကြရမည်ဖြစ်သည်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အရှိန်မြှင့်တင်ပြီး ညီညီညွတ်ညွတ် ရှေ့ဆက်လျှောက်လှမ်းကြရန် တိုက်တွန်းပါသည်။ ။

## လက်ရာမြောက်စဉ့်ထည်ပစ္စည်းများနှင့်အတူ အန်းတိတ်စဉ့်အိုးများကို စိတ်ဝင်စားမှုများပြား

**စစ်ကိုင်း နိုဝင်ဘာ ၉**

မြန်မာနိုင်ငံတွင် စဉ့်အိုးစဉ့်ထည် ပစ္စည်းများကို အမြတ်တနိုး တွင်ကျယ်စွာအသုံးပြုကြသည်။ ရွှေဘိုမြို့နယ် နွယ်ငြိမ်းရွာမှထွက်သော အိုးမျိုးစုံသည် မန္တလေးဈေးကွက်တွင် နာမည်ရသည်။ နွယ်ငြိမ်းရွာထွက် စဉ့်အိုး၊ ပန်းအိုး၊ ဘုရားပန်းအိုးမှအစ အခြားအိုးမျိုးစုံကိုဝယ်ယူကာ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်ထိ ကိုယ်ပိုင်စက်လှေများဖြင့် လချီနေထိုင်ရောင်းဝယ်သူများရှိကြသည်။



ရေအတက်အကျပေါ် မူတည်၍ လွတ်လပ်သော နေရာများကို အချိန်ကြာမြင့်စွာ ဆိုက်ကပ်ပြီး ကမ်းတွင်ချထားလေ့ရှိသည်။ နွယ်ငြိမ်းမှသယ်ယူလာသော စက်လှေများသည် ရေကျသည့်ကာလတွင် ကမ်းကပ်နိုင်ရေးအတွက် ရေနက်သည့်နေရာအထိ လှေဖြင့်ဝိတ်လျှော့ကာ သယ်ယူပြီးမှ တဖြည်းဖြည်းကမ်းကပ်ရလေ့ရှိသည်။

ကမ်းကပ်ပြီးသည်နှင့် စက်လှေပေါ်မှ အိုးမျိုးစုံကို ဂရုတစိုက်ကမ်းစပ်သို့ ချထားကြရသည်။ စက်လှေတစ်စင်းလျှင် မိသားစုငါးဦးခန့်ပါဝင်ပြီး ရောင်းဝယ်လုပ်ကိုင်ကြရသည်။ လက်ရှိကာလတွင် နွယ်ငြိမ်းအိုးတင် ကိုယ်ပိုင်စက်လှေများသည် စစ်ကိုင်းမြို့ပေါ်ရှိ ဆိုင်များသို့လည်း တင်ပို့ပေးလျက်ရှိသည်။

နွယ်ငြိမ်းရွာထွက် စဉ့်အိုးများကိုလည်း ဒေသအသီးသီးတွင်ဝယ်ယူရောင်းချကြသည်။ စစ်ကိုင်းမြို့တွင်လည်း စဉ့်ပန်းအိုးများကို ဆိုင်တွင်တင်ကာရောင်းချကြသည်။ ရောင်းချသည့် စဉ့်ပန်းအိုးများနှင့်အတူ စဉ့်ဖြင့်ပြုလုပ်သော အရုပ်များကိုရောင်းချကြသည်။ စဉ့်ရည်သုတ် ရုပ်တုများမှာ လှပပြီး စိတ်ဝင်စားဖွယ်ကောင်းလှသည်။

ယင်းတို့အနက် ဒေသအခေါ် အန်းတိတ်အိုးများမှာ လူကြိုက်များကြောင်း သိရသည်။ အန်းတိတ်ဟုခေါ်ဝေါ်သော်လည်း စဉ့်ပန်းအိုးများမှာ ရှေးဟောင်းအိုးများမဟုတ်ဘဲ ခေတ်သစ်လက်ရာအိုးများပင်ဖြစ်သည်။ ရှေးဟောင်းပုံစံကိုအတုယူကာ ပန်းအိုးများတွင် ရုပ်ကြွများထည့်သွင်းပြုလုပ် ပုံဖော်ထားသည့်အတွက် အန်းတိတ်အိုးအဖြစ် ခေါ်ဝေါ်ကြသည်။

လက်ရာမြောက်ပန်းအိုးများတွင် ဟင်္သာပုံ၊ နတ်သားပုံမှအစ အရုပ် မျိုးစုံထည့်သွင်းပြီး ရွှေဆေးပါသုတ်ပေးထား၍ ပြောင်ဝင်းလှပသည့်အတွက် စိတ်ဝင်စားမှုများပြားလျက်ရှိသည်။ လက်ရာမြောက်စဉ့်ပန်းအိုးတစ်အိုးလျှင် ငွေကျပ် ၃၅၀၀၀ ခန့်ပေးရသည်။

အိုးအရွယ်အစားနှင့် လက်ရာအလိုက် ဈေးနှုန်းများကွဲပြားမှုရှိသည်။ လက်ရှိကာလတွင် စစ်ကိုင်းမြို့ရှိ အိုးဆိုင်များတွင် လက်ရာမြောက်အန်းတိတ်အိုးများနှင့်အတူ စဉ့်ရည်သုတ် အခြားအသုံးအဆောင်ပစ္စည်းများကို တွဲဖက်ရောင်းချလျက်ရှိကြောင်း သိရသည်။

**(တိမ်တမန်)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်(ရွှေဈေး) - ၇၆၄၇၀၀ - ၇၆၅၇၀၀၊ မန္တလေး(ရွှေဈေး) ၇၆၄၇၀၀ - ၇၆၅၇၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ်၊ | ၆၈၀/၆၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ ကျပ်၊ | ၈၆၀/၈၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၈၀/၆၉၀ ကျပ်၊ | ၇၄၀/၇၅၀ ကျပ် |

**၂-၁၁-၂၀၁၅ ရက်နေ့မှ ၆-၁၁-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၅၈၉ ကျပ်နှင့် ဒီဇယ်တစ်လီတာ ၅၈၂ ကျပ် ဖြစ်ပါသည်။**
*(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သို့လှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၄. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၇၈. ၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၂. ၁၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅. ၈၂၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၄. ၉၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၄၁၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၄၁. ၉ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၁. ၃၅ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၃. ၀၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၂. ၉၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## မြစ်ကြီးနားတွင် ကျောက်စိမ်းလက်ဝတ်ရတနာအချောထည်သင်တန်း အခမဲ့သင်ကြားပေး

**မြစ်ကြီးနား နိုဝင်ဘာ ၉**

မြောက်ပိုင်းတော်ဝင်ကျောက်စိမ်းကုမ္ပဏီလီမိတက်မှ ကျောက်မျက်ရတနာအချောထည်လုပ်ငန်းသင်တန်းကို အောက်တိုဘာ ၂၇ ရက်မှစပြီး ကျောက်စိမ်းရတနာအချောထည်ပြုလုပ်ပုံအဆင့်ဆင့်ကို အခမဲ့ဖွင့်လှစ်သင်ကြားပေးနေကြောင်း မြောက်ပိုင်းတော်ဝင် ကျောက်စိမ်းကုမ္ပဏီလီမိတက်မှ စက်ရုံတာဝန်ခံ ဦး KZ နော်နော်၏ ပြောကြားချက်အရ သိရသည်။

"ကျောက်စိမ်းလက်ဝတ်ရတနာအချောထည်သင်တန်းကို အခမဲ့နှစ်နှစ်သင်ကြားပေးသွားမှာပါ။ အခုအလုပ်စဝင်တဲ့နေ့ကစပြီး သင်တန်းသားတွေရဲ့ လုပ်ခမနစ်နာရအောင် လစာသဘောမျိုးအနေနဲ့ ကျပ်ငါးသောင်းနဲ့ စားစရိတ်အပြီး ထောက်ပံ့ပေးထားပါတယ်။ ဒီထက်လုပ်ငန်းကျွမ်းကျင်လာရင် ထပ်ပြီး လစာသဘောမျိုးနဲ့ တိုးပေးသွားဖို့ရှိပါတယ်။ လက်ရှိ သင်တန်းသား ၁၇ ဦး လက်ခံထားပါတယ်။ သူတို့ကို ကျောက်စိမ်းလက်ဝတ်ရတနာ အချောထည်ထုတ်လုပ်နိုင်တဲ့အထိ သင်ကြားပေးသွားမှာပါ။ ကျွမ်းကျင်သွားရင်လည်း ပြင်ပမှာ ကိုယ်ပိုင်ဆိုင်ဖွင့်နိုင်တဲ့အထိ သင်ကြားပေးသွားမှာဖြစ်ပြီး ဒီသင်တန်းမှာ ဆက်လုပ်သွားချင်လည်း နောက်ထပ်ဖွင့်လှစ်မယ့် သင်တန်းတွေကို သင်တန်းနည်းပြဆရာအဖြစ် ခန့်အပ်သွားမှာပါ။ ဒီကြားထဲမှာလည်း သင်တန်းသားသစ်တွေ ခန့်အပ်သွားဖို့ အစီအစဉ်ရှိပါတယ်" ဟု ၎င်းက ပြောသည်။

သင်တန်းဖွင့်လှစ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဒေသခံဆင်းရဲနွမ်းပါးသူ၊ ပညာမတတ်သူ လူငယ်များ မိမိဘာသာရပ်တည်နိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်ရည်ရွယ်၍ အခမဲ့ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

"ကျောက်စိမ်းအကြမ်းထည်တွေကိုတော့ နိုင်ငံတော်အစိုးရရဲ့ ခွင့်ပြုချက်နဲ့ CD အဆင့်ရှိတဲ့ကျောက်တွေကို ဖားကန့်ကုမ္ပဏီနဲ့ အခြားပုဂ္ဂလိက ကုမ္ပဏီတွေကနေ ဝယ်ယူရရှိပါတယ်။ စက်ရုံမှာက ကျောက်စိမ်းအချောထည်၊ လက်ဝတ်ရတနာ အချောထည်ထုတ်လုပ်ဖို့အတွက် ကျောက်ဖောက်စက်နှစ်လုံး၊ အခြားစက်ပစ္စည်းစုစုပေါင်း အလုံး ၅၀ နဲ့ လုပ်ကိုင်နေပါတယ်။ လက်ဝတ်ရတနာ အမျိုးအစားအနေနဲ့ကတော့ ပုတီး၊ ပန်းပု၊ လက်ကောက်၊ အပွင့်သွေးလေးမျိုးကို အခမဲ့ အဓိကထားသင်ကြားပေးနေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**မင်းမင်း(မြစ်ကြီးနား)**

ooo


ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

## ပြည်တွင်းရေးရာ

**❂မြန်မာ့အနာဂတ်မှ**

အသုံးပြုသင့်ပြီး ခရီးတိုလျှင် ဝင်/ထွက်၊ တင်/ချမများ သက်သာလွယ်ကူသော ကားလမ်းကို အသုံးပြုသင့်ကြောင်း တွေ့ရှိခဲ့ကြပါသည်။

ကားလမ်းအစား ရထားလမ်းကို အသုံးပြုခြင်းဖြင့် လောင်စာဆီအသုံးပြုမှု သက်သာခြင်း၊ လောင်စာဆီအခိုးအငွေ့ထွက်ခြင်း သက်သာ၍ လေထုညစ်ညမ်းမှု သက်သာခြင်းကြောင့် ပြည်သူများကျန်းမာရေးထိခိုက်မှုနည်းခြင်း၊ မော်တော်ယာဉ်အသုံးပြုမှုနည်း၍ မော်တော်ယာဉ်တိုက်ခိုက်မှုအန္တရာယ်နည်းခြင်း၊ အသက်ဆုံးရှုံးမှုနည်းခြင်း၊ လမ်းထိန်းသိမ်းစရိတ်သက်သာခြင်း စသည့် တိုက်ရိုက်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သကဲ့သို့ ကားအသွားအလာနည်း၍ မြို့တွင်း၌ သွားလာနေသော ကားအသုံးပြုသူများအတွက် ယာဉ်ကြောပိတ်ဆို့မှုကြောင့် စောင့်ဆိုင်းသွားလာရသည့် အချိန်ကုန်မှုမှ သက်သာခြင်း စသည့် သွယ်ဝိုက်သည့် အကျိုးကျေးဇူးများ ရရှိကြောင်း တွေ့ရှိခဲ့ကြပါသည်။

ကုန်ပစ္စည်းများအား ကမ္ဘာ့နေရာအနှံ့အပြားသို့ သယ်ယူပို့ဆောင်ရာတွင် ရေကြောင်းအခြေအနေမပေးခြင်း၊ ကား၊ ရထားများဖြင့် သယ်ယူပို့ဆောင်ခြင်းဖြင့် အချိန်၊ ငွေစသည်တို့ ပိုမိုတွက်ခြေကိုက် ထိရောက်မှုရှိပါက ကုန်းတွင်းဆိပ်လုပ်ငန်းသည် တွင်တွင်ကျယ်ကျယ် လုပ်ဆောင်လာနိုင်သည့် သဘောသဘာဝ ရှိကြောင်းတွေ့ရှိရပါသည်။

ဤကဲ့သို့ ကုန်ပစ္စည်းများ ပို့ဆောင်ရာတွင် မိမိနိုင်ငံကို ရောက်ရှိလာမည့် ပစ္စည်းများရှိသလို မိမိနိုင်ငံကို ဖြတ်သန်း၍ ဖြတ်ကျော်သယ်ဆောင်သွားမည့် ကုန်ပစ္စည်းများလည်းရှိနေလေရာ ကိုယ့်နိုင်ငံကိုဖြတ်သန်းသွားချိန်၌ အဆင်ပြေချောမွေ့စွာ ဖြတ်သန်းသွားနိုင်ရန်နှင့် bottle neck ဖြစ်မနေရန်လိုအပ်ပါသည်။

သို့ဖြစ်ပေရာ မြန်မာနိုင်ငံအတွက် ကုန်းတွင်းဆိပ် (Dry Port)များ အကောင်အထည်ဖော်ရေးလုပ်ငန်းသည်လည်း အနာဂတ်အတွက် မရှိမဖြစ် လိုအပ်လာမည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ယူဆရပေသည်။

မြန်မာနိုင်ငံအနေဖြင့် အောက်တွင်ဖော်ပြထားသော လိုအပ်ချက်များကြောင့် ကုန်းတွင်းဆိပ် (Dry Port) များ မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်လာကြောင်း လေ့လာသိရှိရပါသည် -

- ကုန်သွယ်ရေးနှင့် ပို့ဆောင်ရေးကဏ္ဍကို တိုးတက်မြင့်မားစေရန်၊
- စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အကျိုးအမြတ်များရရှိစေရန်၊
- မြန်မာနိုင်ငံသည် မဟာဗျူဟာ အချက်အချာကျသော နေရာတွင် တည်ရှိခြင်းနှင့် အာရှတိုက်ကြီး၏ ဆုံချက်နေရာတွင် တည်ရှိနေသဖြင့် အခွင့်အလမ်းကောင်းများ ရရှိစေရန်၊
- ပင်လယ်ရေကြောင်းကုန်သွယ်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုမြင့်မားလာစေရန်၊
- တရုတ်၊ တောင်အာရှနှင့် အရှေ့တောင်အာရှ ဆက်သွယ်သည့် ကုန်းလမ်းတံတားသဖွယ်ဖြစ်နေပြီး မဟာမဲခေါင်ဒေသ၏ အချက်အချာဖြစ်နေခြင်းအပေါ်တွင် အခွင့်အလမ်းကောင်းများရရှိလာစေရန်၊
- တရုတ်၊ အိန္ဒိယနိုင်ငံ ကုန်သွယ်မှုဆုံမှတ်နေရာဖြစ်၍ ကုန်ပစ္စည်းတင်ပို့ခြင်း၊ ဖြန့်ဝေခြင်း၊ လက်ခံခြင်း၊ ရထားဖြင့် ကုန်စည်ပို့ဆောင်နိုင်ခြင်း စသည့် အခွင့်အလမ်းကောင်းများ ရယူနိုင်ရန်၊
- ကုန်ပစ္စည်းများကို ကုန်သေတ္တာဖြင့် ပြည်ပပို့ရန်နှင့် ပြည်တွင်းသို့ တင်သွင်းရန်အတွက် ကုန်းတွင်းနှင့် ပင်လယ်ဆိပ်ကမ်းအကြား ဆက်သွယ်ဆောင်ရွက်ပေးနိုင်ရန်၊
- ကုန်သွယ်မှုလုပ်ငန်းများတွင် ကုန်သေတ္တာဖြင့် တင်ပို့သည့် ကုန်ပစ္စည်းများ ရွှေ့ပြောင်းသယ်ယူနိုင်မှုကို အထောက်အကူပြုရန်နှင့် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊
- ဆိပ်ကမ်းများတွင် လုပ်ငန်းစဉ်များပြားနေမှုအပေါ် အဆင့်ဆင့်ဆောင်ရွက်မှုများ သက်သာလျော့ပါးစေရန်၊
- Third Party Logistics များနှင့် အကျိုးတူပူးပေါင်း၍ သယ်ယူပို့ဆောင်ရေးကဏ္ဍကို မြှင့်တင်နိုင်ရန်၊
- ဟင်းသီး၊ ဟင်းရွက်၊ သစ်သီး၊ ရေထွက်ကုန်ပစ္စည်းများကို အအေးခန်းကုန်သေတ္တာဖြင့် နယ်စပ်ဖြတ်ကျော် ဝန်ဆောင်မှုများအတွက် တောင်းဆိုမှုများ ရှိလာသဖြင့် ပစ္စည်းအရည်အသွေး မပျက်စီးစေရေး Cool Chain Logistic ဝန်ဆောင်မှုပေးနိုင်ရန်။

မြန်မာနိုင်ငံ၏ စီးပွားရေးကို Market Economy အဖြစ် ပြောင်းလဲကျင့်သုံးရာတွင် ထောက်ပံ့ပို့ဆောင်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ ဆက်စပ်ဆောင်ရွက်နိုင်ရန်တို့ ဖြစ်ပါသည်။

ကုန်းတွင်းဆိပ်(Dry Port) သည် လေဆိပ်များ၊ သင်္ဘောဆိပ်များကဲ့သို့ ရောက်ရှိသယ်ပို့ပေးနိုင်သည့် ကုန်ပစ္စည်းအရွယ်ပမာဏအမျိုးအစားအားလုံးအတွက် ဝန်ဆောင်မှုလုပ်ငန်းများအားလုံးကို ဆောင်ရွက်ပေးနိုင်သော ကုန်းတွင်းရှိနေရာဖြစ်သောကြောင့် ကုန်းတွင်းဆိပ် (Dry Port) တွင် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ပါသည်-

- ကုန်သေတ္တာဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်နိုင်ရေး (တင်/ချ) စီမံဆောင်ရွက်ပေးခြင်းနှင့် ကုန်ပစ္စည်းများ သိုလှောင်ရန် နေရာများ စီစဉ်ပေးနိုင်ခြင်း၊
- ကုန်သေတ္တာတွင်းသို့ ပစ္စည်းများထည့်သွင်းပေးခြင်းနှင့် ထုတ်ယူပေးခြင်း၊
- ထုထည်ကြီးမားသည့် ကုန်ပစ္စည်းများ၏ အစိတ်အပိုင်းများကို ကုန်သေတ္တာဖြင့် တင်ပို့နိုင်ရေးနှင့် သိုလှောင်ထားနိုင်ရေး စီမံပေးခြင်း၊
- ထုထည်ကြီးမားသည့် ကုန်ပစ္စည်းများ သယ်ပို့နိုင်ရေးနှင့် သိုလှောင်ထားနိုင်ရေး စီမံပေးခြင်း၊
- အကောက်အခွန်စစ်ဆေးပေးခြင်းနှင့် စစ်ဆေးပြီးစီးကြောင်း လက်မှတ်ထုတ်ပေးခြင်း၊
- ကုန်သေတ္တာများ အသေးစားပြင်ဆင်ဆောင်ရွက်ပေးခြင်း၊
- ကုန်ပစ္စည်းများ အရောက်ပို့စနစ်ဆောင်ရွက်ပေးခြင်းနှင့် လုံခြုံမှုရှိစေရေး တာဝန်ယူဆောင်ရွက်ပေးခြင်း၊
- ဘဏ်လုပ်ငန်းအာမခံလုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ ကိစ္စများဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်း။

ကုန်းတွင်းဆိပ် (Dry Port) တည်ဆောက်အကောင်အထည်ဖော်၍ လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် အောက်ပါအကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပါသည် -

- ကုန်းတွင်းဆိပ်များသည် အထူးစီးပွားရေးဇုန်များကဲ့သို့ အပြည်ပြည်ဆိုင်ရာ ကြီးမားသည့် စီးပွားရေးလုပ်ငန်းများကို များစွာအထောက်အကူပြုခြင်း၊
- ခရီးဝေးကုန်ပစ္စည်းများ ပို့ဆောင်ခြင်းအတွက် အဓိကအသုံးပြုနိုင်ခြင်း၊ ကုန်ပစ္စည်းများကူးပြောင်းသည့် (Transit)လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခြင်း၊
- အကောက်ခွန် ရှင်းလင်းရေးလုပ်ငန်းများကို ထုတ်လုပ်သည့်နေရာနှင့် ဖြန့်ဖြူးသည့်နေရာများအနီးတွင် ဆောင်ရွက်ပေးနိုင်ခြင်း၊
- ကုန်ပစ္စည်းများ ဖျက်သိမ်းခြင်းနှင့် ပျောက်ဆုံးမှုများလျော့ပါးစေခြင်း ဆိပ်ကမ်းများတွင် အကောက်ခွန်လုပ်ငန်းဆောင်ရွက်ရန် မလိုတော့ခြင်း၊
- ကုန်သေတ္တာအလွတ်များကို ရွှေ့ပြောင်းသယ်ဆောင်ရသည့် ကုန်ကျစရိတ်အဆင့် လျှော့ချနိုင်ခြင်း၊
- သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်များ လျှော့ချနိုင်ခြင်း၊
- ကုန်ပစ္စည်းများစာရင်းပြုလုပ်ရသည့် ကုန်ကျစရိတ်များလျှော့ချနိုင်ခြင်း၊
- တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးသန်းရောင်းဝယ်မှုလမ်းကြောင်း တိုးမြှင့်ဆောင်ရွက်နိုင်ခြင်း။

မြန်မာနိုင်ငံသည်အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံစီးပွားရေး အသိုက်အဝန်း ASEAN Economic Community (AEC) ကို အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ၂၀၁၅ ခုနှစ်တွင် အပြည့်အဝ အကောင်အထည်ဖော်ရန် ရည်မှန်းထားရှိပြီးဖြစ်ပါသည်။ Free Flow of Goods ကုန်စည်များ လွတ်လပ်စွာစီးဆင်းနိုင်ရေးအတွက် ကုန်းတွင်းဆိပ်များ (Dry Port) တည်ဆောက်နိုင်ရေး၊ ကုန်းတွင်းဆိပ်များနှင့်အတူ လုပ်ငန်းတွဲဖက်ဆောင်ရွက်နိုင်ရေး၊ ရထားဖြင့် ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း (Containerization) ကိုလည်း အချိန်နှင့်တစ်ပြေးညီ စတင်ဆောင်ရွက်ရန် လိုအပ်သဖြင့် ကုန်းတွင်းဆိပ်များဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ကုန်သေတ္တာများကို ရထားဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများသည် နိုင်ငံတော်၏ စီးပွားရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်း ဖြစ်လာပါသည်။

သို့ဖြစ်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂအာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်(UNESCAP)၏ ကုန်းတွင်းဆိပ်များဆိုင်ရာ အစိုးရများအကြား သဘောတူညီချက်စာချုပ်ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၇ ရက် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပသော Form of Asian Ministers of Transport အစည်းအဝေးတွင် ဒုတိယဝန်ကြီး (ရထား)မှ တက်ရောက်ပြီး လက်မှတ်ရေးထိုးခဲ့ပါသည်။ သဘောတူစာချုပ်အရ မြန်မာနိုင်ငံအနေဖြင့် ဖြစ်နိုင်ခြေရှိသော ကုန်းတွင်းဆိပ်နေရာ (၈)နေရာအဖြစ် ရန်ကုန်၊ မန္တလေး၊ တမူး၊ မူဆယ်၊ မော်လမြိုင်၊ ပဲခူး၊ မုံရွာ၊ ပြည် စသည့်နေရာများကို စာရင်းပေးထားခဲ့ပြီးဖြစ်ပါသည်။

ကုန်းတွင်းဆိပ်နေရာများနှင့် ပတ်သက်၍ သဘောတူစာချုပ်ပါ အခြေခံမူသတ်မှတ်ချက်များမှာ ကုန်းတွင်းဆိပ်များသည် ကုန်းတွင်းမြို့တော်များ၊ ပြည်နယ်နှင့်တိုင်းမြို့တော်များ ဖြစ်ရပါမည်။ အာရှအဝေးပြေးကားလမ်းကြီးများနှင့် (သို့မဟုတ်) အာရှရထားလမ်းမကြီးများအပေါ်တွင် တည်ရှိရပါမည်။ ကားလမ်းနှင့် (သို့မဟုတ်) ရထားလမ်းဝင်ရောက်နိုင်ပြီး ထုတ်လုပ်မှုနှင့် စားသုံးမှုအချက်အချာဖြစ်နိုင်သောနေရာ ဖြစ်ရပါမည်။ အခြားကုန်းတွင်းဆိပ်များ၊ နယ်ခြားဒေသ ဂိတ်/နေရာများ၊ အကောက်ခွန်ရုံးများ၊ ဘူတာရုံများ၊ စစ်ဆေးရေးဂိတ်များ၊ ပင်လယ်ဆိပ်ကမ်း၊ ပြည်တွင်းရေကြောင်း ကုန်လှောင်ရုံများ၊ လေဆိပ်များနှင့် ချိတ်ဆက်သယ်ယူပို့ဆောင်ပေးနိုင်သောနေရာဖြစ်ရမည် ဖြစ်သောကြောင့် မြန်မာနိုင်ငံအနေဖြင့် အဆိုပါ အခြေခံမူများဖြင့် အကြုံးဝင်သည့် မြို့ကြီး(၈)မြို့အား ရွေးချယ်သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးဆောင်၍ မြန်မာ့မီးရထားအနေဖြင့် မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ ကုန်းတွင်းဆိပ်များ တည်ဆောက်နိုင်ရေးနှင့် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် ရထားဖြင့် ကုန်သေတ္တာများသယ်ယူပို့ဆောင်နိုင်ရေးလုပ်ငန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တစ်ဆက်တည်း ရထားလမ်းများကို ရန်ကုန်ဆိပ်ကမ်းနှင့် သီလဝါလမ်းပိုင်းဆိပ်ကမ်းများကို ချိတ်ဆက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ကုန်းတွင်းဆိပ်စီမံကိန်းများအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီး (ရွာသာကြီး)နှင့် မန္တလေးတိုင်းဒေသကြီး(မြစ်ငယ်)တို့တွင် အစပြုနိုင်ရေး စတင်စီမံဆောင်ရွက်နေပြီဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် ပြည်တွင်း၊ ပြည်ပမှ လုပ်ကိုင်ဆောင်ရွက်မည့်ကုမ္ပဏီများကို တင်ဒါရွေးချယ်ခေါ်ယူပြီး လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မည့် Developer ကို ရွေးချယ်နိုင်မည်ဖြစ်ပါသည်။

၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် နှစ်နှစ်အတွင်း ကုန်းတွင်းဆိပ်များ တည်ဆောက်ပြီး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ကြတော့မည်ဖြစ်၍ မြန်မာနိုင်ငံ၏ ပြည်တွင်း၊ ပြည်ပသယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် များစွာအထောက်အကူဖြစ်စေသော လုပ်ငန်းကြီးတစ်ခု ဖြစ်လာမည်ဖြစ်ပါကြောင်း ပြည်သူအများ သိရှိနိုင်ရန် ရေးသားတင်ပြလိုက်ရပါသည်။



**အိန္ဒိယနိုင်ငံရှိ ကုန်းတွင်းဆိပ်(Dry Port) နေရာတွင် ကုန်သေတ္တာများ စုပုံနေမှုကို တွေ့ရစဉ်။**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်

**တောင်ကြီး နိုဝင်ဘာ ၉**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ပြည်ထောင်စုရန်ပုံငွေဖြင့် တောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်၍ ကုမ္ပဏီများမှ တာဝန်ယူဆောင်ရွက်သော ဆူးပုတ်ကွေ့ကျေးရွာတွင် ကျေးလက်အိမ်ရာ ၁၀ လုံးတည်ဆောက်ခြင်းလုပ်ငန်းနှင့် ကျေးလက်ယင်လုံအိမ်သာလေးခန်းတွဲ တစ်လုံးတည်ဆောက်ခြင်းလုပ်ငန်းများအား တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေထက်ရှိန် ဦးဆောင်သော လုပ်ငန်းစစ်ဆေးရေးအဖွဲ့မှ နိုဝင်ဘာ ၇ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ကျေးလက်ဒေသ)**

# အမေရိကန်နှင့် တရုတ် အတ္တလန္တိတ်သမုဒ္ဒရာတွင် ရေတပ်စစ်ရေးလေ့ကျင့်မှုပူးတွဲပြုလုပ်



**ပေကျင်း နိုဝင်ဘာ ၉**

တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် အတ္တလန္တိတ်သမုဒ္ဒရာတွင် ရေတပ်စစ်ရေးလေ့ကျင့်မှုတစ်ရပ် ပူးတွဲပြုလုပ်ခဲ့ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။ အဆိုပါစစ်ရေးလေ့ကျင့်မှုကို ဖလော်ဒီယာကမ်းလွန်တွင် စနေနေ့က ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

CUES ဟု လူသိများသည့် ပင်လယ်ပြင်တွင် အမှတ်မထင် ထိပ်တိုက်တွေ့ဆုံခြင်းဆိုင်ရာ စည်းမျဉ်းဥပဒေများအောက်တွင် စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း နှစ်နိုင်ငံစလုံးမှ စစ်ဘက်တာဝန်ရှိသူများက ပြောကြားကြသည်။ အဆိုပါစည်းမျဉ်းဥပဒေများသည် ကျူးကျော်မှုများမှတစ်ဆင့် ထိပ်တိုက်တွေ့ဆုံမှုများကို တားမြစ်ပေးနိုင်သည့် သဘောတူညီမှုတစ်ခုဖြစ်သည်။

တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ၎င်း၏ တရားဝင်ဝက်ဘ်ဆိုက်တွင် စစ်ရေးလေ့ကျင့်မှုဓာတ်ပုံများကို "နှစ်နိုင်ငံရေတပ်ဖွဲ့များ အတ္တလန္တိတ်သမုဒ္ဒရာတွင် ပထမဆုံးအကြိမ် လက်ဆွဲနှုတ်ဆက်ခြင်း" ဟူသော ခေါင်းစဉ်ဖြင့် လွှင့်တင်ခဲ့သည်။

တောင်တရုတ်ပင်လယ်တွင် တရုတ်နိုင်ငံက တည်ဆောက်ထားသည့် ကျွန်းတုတစ်ခုအနီးသို့ အမေရိကန်ဖျက်သင်္ဘောတစ်စင်း ရေမိုင် ၁၂ မိုင်အထိ ခုတ်မောင်းခဲ့မှုကြောင့် ပြဿနာဖြစ်ပွားခဲ့သော်လည်း စစ်ရေးလေ့ကျင့်မှုကို ဆက်လက်ပြုလုပ်ခဲ့ကြသည်။ အမေရိကန်၏ အဆိုပါအပြုအမူအပေါ် တရုတ်နိုင်ငံ မကျေမနပ်ဖြစ်ခဲ့သည်။

နှစ်နိုင်ငံအနေအထားကြည့်ရသည်မှာ အငြင်းပွားမှုများဖြစ်နေသည့် စပရတ်တလီကျွန်းစုများအရေးကို စစ်ရေးပူးပေါင်းဆောင်ရွက်မှုများဖြင့် တားမြစ်သွားရန် ရည်ရွယ်နေခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**

# ဩစတြေးလျရေငုပ်သင်္ဘော တည်ဆောက်ရေးလုပ်ငန်း လေလံဆွဲရေးဆိုင်ရာအချက်အလက်များ ရယူကြိုးပမ်းသူများရှိ

**ကန်ဘာရာ နိုဝင်ဘာ ၉**

ဩစတြေးလျနိုင်ငံ၏ ရေငုပ်သင်္ဘောတပ်ဖွဲ့ ထူထောင်ရေးအတွက် ရေငုပ်သင်္ဘောတည်ဆောက်ရေးလုပ်ငန်းနှင့်ပတ်သက်ပြီး ဂျာမနီနိုင်ငံအတွင်း လေလံဆွဲထားသည့်ကုမ္ပဏီတစ်ခုထံမှ သတင်းအချက်အလက်များကိုရယူရန် ကြိုးပမ်းသူများရှိနေကြောင်း ဩစတြေးလျသတင်းဌာနများက သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဂျပန်နှင့် ပြင်သစ်နိုင်ငံတို့ကလည်း ၂၀၂၀ ခုနှစ်အတွင်း ဩစတြေးလျနိုင်ငံ၏ ရေငုပ်သင်္ဘောတပ်ဖွဲ့တည်ထောင်ရေးစီမံကိန်းအတွက် ရေငုပ်သင်္ဘောတည်ဆောက်ရေးလုပ်ငန်းတွင် လေလံအောင်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

ဩစတြေးလျနိုင်ငံ၏ ရေငုပ်သင်္ဘောတည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရန် လေလံဆွဲထားသည့် ဂျာမနီကုမ္ပဏီတစ်ခုဖြစ်သော 'တိုင်ဆန်ကရုတ်'ထံမှ စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များကို ရယူကြိုးပမ်းနေသူ အများအပြားရှိကြောင်း မီဒီယာများက ဆိုသည်။

စီမံကိန်းဆိုင်ရာသတင်းအချက်အလက်များကို ရယူကြိုးပမ်းသည့် အကြိမ်အရေအတွက်မှာ တစ်နေ့ အကြိမ် ၃၀ နှင့် ၄၀ အကြားရှိကြောင်းနှင့် အဓိကအားဖြင့် ဂျာမနီနိုင်ငံမြောက်ပိုင်းရှိ ကီရာမြို့တွင်ရှိသော ကုမ္ပဏီ၏ ရေငုပ်သင်္ဘောတည်ဆောက်ရေးဆိပ်ကမ်းကို အဓိကပစ်မှတ်ထားကြောင်း ဩစတြေးလျနိုင်ငံ၏ နာမည်ကြီးသတင်းစာတစ်စောင်ဖြစ်သော 'သည်ဩစတြေးလျ'က ရေးသားထားသည်။

သတင်းအချက်အလက်များ ရယူရန်ကြိုးပမ်းမှုအကြိမ်အရေအတွက်များသော်လည်း သတင်းအချက်အလက်များကို ရယူနိုင်ခြင်းမရှိသေးကြောင်းနှင့် အချက်အလက်ရယူကြိုးပမ်းသူများ၏ နောက်ကွယ်တွင် တရုတ်နှင့် ရုရှားနိုင်ငံတို့ရှိနေကြောင်း အဆိုပါသတင်းစာက ရေးသားထားသည်။

လေလံဆွဲထားသည့်နိုင်ငံများဖြစ်သည့် ဂျပန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့အနေဖြင့် ယင်းတို့၏ အဆိုပြုလွှာများကို ယခုလနှောင်းပိုင်းတွင် နောက်ဆုံးထားပြီး ပေးပို့မည်ဖြစ်သည်။ လေလံဆွဲသည့်နိုင်ငံများအနေဖြင့် အရေးကြီးသတင်းအချက်အလက်များ မပေါက်ကြားစေရေးအတွက် လုံခြုံရေးမြှင့်တင်ပေးရန် တောင်းဆိုကြဖွယ်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**

# နျူလက်နက်ထိပ်ဖူး သယ်ဆောင်နိုင်သည့် အဂ္ဂနီ- ၄ တာလတ်ပစ်ပဲ့ထိန်းဒုံး အိန္ဒိယအောင်မြင်စွာ ပစ်လွှတ်

**နယူးဒေလီ နိုဝင်ဘာ ၉**

အိန္ဒိယနိုင်ငံသည် လက်နက်တပ်ဆင်ထားခြင်းမရှိသည့် အဂ္ဂနီ-၄ အမျိုးအစား တာလတ်ပစ် ပဲ့ထိန်းဒုံးကျည်တစ်စင်းကို နိုဝင်ဘာ ၉ ရက်တွင် အောင်မြင်စွာ စမ်းသပ်ပစ်ခတ်နိုင်ခဲ့ကြောင်း ယနေ့ ပီတီအိုင်သတင်းတွင် ဖော်ပြသည်။

ကီလိုမီတာ ၄၀၀၀ အကွာအဝေးအထိ ပစ်ခတ်နိုင်ပြီး နျူကလီးယား လက်နက်ထိပ်ဖူး တပ်ဆင်နိုင်သော





မဟာဗျူဟာမြောက် အဆိုပါဒုံးကျည်ကို အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းလွန်ရှိ ဝှီးလားကျွန်းမှ ပစ်ခတ်စမ်းသပ်ခြင်းဖြစ်သည်။

အဆိုပါဒုံးကျည်ကို ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် အိန္ဒိယကြည်းတပ် မဟာဗျူဟာဌာနချုပ်က ရွေ့လျားသယ်ဆောင်နိုင်သော ယာဉ်မှ စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်ဟု ဟိန္ဒူအမည်ရှိ သတင်းစာတွင် ဖော်ပြသည်။

တန်ချိန် တစ်တန် အလေးချိန်အထိ သယ်ဆောင်နိုင်သော အဆိုပါဒုံးကျည်ကို နိုဝင်ဘာ ၉ ရက်တွင် အကွာအဝေးကီလိုမီတာ ၃၅၀၀ ကျော်အကွာရှိ ပစ်မှတ်သို့ ပစ်လွှတ်ခဲ့ပြီးနောက် ဘင်္ဂလားပင်လယ်အော်အတွင်းသို့ ကျရောက်စေခဲ့သည်။

ဒုံးကျည်စမ်းသပ်ပစ်ခတ်မှု အောင်မြင်ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အား ဟိန္ဒူသတင်းစာက ကိုးကားဖော်ပြသည်။

အဂ္ဂနီ-၄ တာလတ်ပစ် ပဲ့ထိန်းဒုံးကျည်သည် နှစ်ဆင့်ပေါက် အမျိုးအစား ဒုံးကျည်ဖြစ်ပြီး မိုင်ပေါင်း ၂၅၀၀ အကွာရှိ ပစ်မှတ်ဆီသို့ အလေးချိန်ပေါင် ၂၂၀၀ ရှိ စစ်လက်နက်ထိပ်ဖူးကို သယ်ဆောင်နိုင်စွမ်းရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **ပီတီအိုင်။**

# အကြမ်းဖက်တိုက်ခိုက်ရန်ကြံစည်မှုများကို ဖော်ထုတ်ရန် ဗြိတိန်ထောက်လှမ်းရေးဝန်ထမ်းအင်အား တိုးမြှင့်မည်

**လန်ဒန် နိုဝင်ဘာ ၉**

ဗြိတိန်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်မှုများအား ဖော်ထုတ်သွားနိုင်ရေးအတွက် ထောက်လှမ်းရေးဝန်ထမ်းအင်အားကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း အထက်တန်းတာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၉ ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံတစ်ဝန်း၌ အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်အားထုတ်ဖွယ်ရှိသူများအား ဖော်ထုတ်ပေးမည့် လျှို့ဝှက်ထောက်လှမ်းရေးဌာနများ၏ ဝန်ထမ်းအင်အားကို လာမည့်ငါးနှစ်တာကာလတွင် သိသိသာသာ မြှင့်တင်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ဂျော့ဂျ် အော့စဘွန်းက ပြောကြားသည်။

နိုဝင်ဘာ ၂၃ ရက်တွင် အစိုးရအဖွဲ့၏ ကာကွယ်ရေးအသုံးစရိတ်နှင့်ပတ်သက်၍ သုံးသပ်လေ့လာမှု ပြီးဆုံးသည့်အခါ ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်က ထောက်လှမ်းရေးဝန်ထမ်း အင်အားတိုးမြှင့်ရေးကိစ္စကို အသေးစိတ်ပြောကြားမည်ဖြစ်ကြောင်း အော့စဘွန်းက ပြောကြားသည်။



ဗြိတိန်ဘဏ္ဍာရေးဝန်ကြီး ဂျော့ဂျ် အော့စဘွန်း။

မဟာဗျူဟာမြောက် ကာကွယ်ရေးနှင့် လုံခြုံရေးသုံးသပ်မှုအရ လာမည့်ငါးနှစ်တာကာလတွင် ဗြိတိန်နိုင်ငံ၏ ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်မည်ဟု မျှော်လင့်ရသည်။

ထောက်လှမ်းရေးဌာနများအား လုပ်ပိုင်ခွင့်အာဏာသစ်များပေးအပ်မည့် ဥပဒေကြမ်းတစ်ရပ်ကို အတည်ပြုနိုင်ရန် အစိုးရက ကြိုးပမ်းလျက်ရှိကြောင်း၊ ယင်းဥပဒေအရ အင်တာနက်ဝက်ဘ်ဆိုက်များကို စောင့်ကြည့်ရန်လည်း ထောက်လှမ်းရေးဌာနများအနေဖြင့် အခွင့်အာဏာ ရရှိလာမည်ဖြစ်ကြောင်း အော့စဘွန်းက ပြောကြားသည်။ **ရိုက်တာ။**

# လှည်းယဉ်များနှင့် မြင်းရုပ်ကြွင်းများကို တရုတ်နိုင်ငံ ကျန်စီးပြည်နယ်၌ ရှာဖွေတွေ့ရှိ

**နန်ချန်း နိုဝင်ဘာ ၉**

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စီးပြည်နယ် နန်ချန်းမြို့ရှိ ရှေးဟောင်းအုတ်ဂူအတွင်း၌ လှည်းယဉ်များနှင့် ယဇ်ပူဇော်ထားသော မြင်းများ၏ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိရကြောင်း၊ ယန်စီမြစ်တောင်ပိုင်း၌ လှည်းယဉ်များ တည်ရှိနေသည့် အုတ်ဂူတစ်ဂူကို တွေ့ရှိရခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အုတ်ဂူအတွင်း မြှုပ်နှံထားသော လှည်းယဉ်များမှာ မြင်းလှည်းအတွက် အသုံးပြုသော လှည်းယဉ်များဖြစ်ကြပြီး လှည်းယဉ်တစ်စီးလျှင် ယဇ်ပူဇော်ထားသော မြင်းလေးကောင်၏ ရုပ်ကြွင်းများနှင့်အတူရှိနေကြောင်း၊ တူးဖော်တွေ့ရှိရသော လှည်းယဉ်များမှာ အရုပ်များမဟုတ်ဘဲ အစစ်အမှန်လှည်းယဉ်များဖြစ်ကြောင်း ရှေးဟောင်းသုတေသနပညာရှင်များက ပြောကြားကြသည်။

အနောက်ပိုင်း ဟန်မင်းဆက်(၂၀၆ ဘီစီ-၂၅ အေဒီ) ခေတ် ရှေးဟောင်းအုတ်ဂူအဆောက်အအုံ၏ စင်္ကြံလမ်းတွင် ကောင်းစွာသိုမှီးထားသော လှည်းယဉ်များကို တွေ့ရှိရကြောင်း၊ ဟိုင်ဟွန်ဟူးအမည်ရှိ သချိုင်းရာတွင် ယင်းအုတ်ဂူတည်ရှိကြောင်း ရှေးဟောင်းသုတေသနပညာရှင်များက ပြောကြားကြသည်။

ဟိုင်ဟွန်ဟူး သချိုင်းရာသည် ဟန်မင်းဆက် ဧကရာဇ် ဘုရင်ဖူ၏မြေးတော် လျူဟဲ၏ အုတ်ဂူဖြစ်နိုင်ဖွယ်ရှိသည်ဟု သုတေသီများက ယူဆကြသည်။ ဟန်မင်းဆက်သည် တရုတ်နိုင်ငံ၏သမိုင်းတွင် တိုးတက်စည်ပင်မှုအရှိဆုံး ခေတ်ကာလများအနက် ခေတ်ကာလတစ်ရပ်တွင် နန်းစံခဲ့သည့် မင်းဆက်ဖြစ်သည်။

ဟိုင်ဟွန်ဟူး သချိုင်းရာသည် စတုရန်းမီတာ ၄၀၀၀၀ ခန့်ရှိပြီး အုတ်ဂူရှစ်ဂူတည်ရှိသည်။ **ဆင်ဟွာ။**

❍ ကျောဖုံးမှ

အယောင်ဆောင်မဲပေးခြင်း ဖြစ်စဉ် ၄ ခု၊ မဲလက်မှတ်များပေးခြင်း ဖြစ်စဉ် ၁၄ ခု၊ မဲရုံမှူးလက်မှတ်မပါသော ဖြစ်စဉ် ၃ ခု၊ တရားမဝင်မဲဆွယ်စည်းရုံးခြင်း ဖြစ်စဉ် ၁၂ ခုနှင့် အခြားဖြစ်စဉ် ၁၅ ခု ဖြစ်ပွားခဲ့ပြီး တစ်နိုင်ငံလုံးရှိ မဲရုံအရေအတွက်နှင့် ကြည့်မည်ဆိုပါက သုည ဒသမ ၁၁၉ ရာခိုင်နှုန်းသာ ဖြစ်ခဲ့သည့်အတွက် တည်ငြိမ်အေးချမ်းစွာဖြင့် ကျင်းပနိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲရလဒ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ စိစစ်ပေးပို့လာသည့် အခြေအနေအပေါ်မူတည်ပြီး နံနက် ၉ နာရီ၊ မွန်းတည့် ၁၂ နာရီ၊ ညနေ ၃ နာရီ၊ ညနေ ၆ နာရီ၊ ည ၉ နာရီနှင့် ည ၁၁ နာရီတို့တွင် မီဒီယာစင်တာမှ ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း၊ တစ်ပြိုင်တည်းတွင် ရန်ကုန်မြို့ ရွှေလီလမ်းတွင်ရှိသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး သတင်းအချက်အလက်ဌာနတွင်လည်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် နေ့စဉ် ညနေ ၄ နာရီတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီးမှ အနိုင်ရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၂)ဦးနှင့် ၎င်းတို့၏ မဲရလဒ်များကိုလည်းကောင်း၊ အနိုင်ရ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၄ ဦးနှင့် ၎င်းတို့၏ မဲရလဒ်များကိုလည်းကောင်း ကြေညာ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

❖ **အာဆီယံမှ**

အာဆီယံ ပြည်သူ့ဂုဏ်ပြုဆုအား မြန်မာနိုင်ငံမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ ဝင်ရောက်လျှောက်ထားနိုင်ရေးအတွက် စက်တင်ဘာ ၁၁ ရက် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ကြော်ငြာထည့်သွင်းလျက် လျှောက်လွှာများ ခေါ်ယူခဲ့ရာ လျှောက်လွှာ ပိတ်ရက်ဖြစ်သည့် စက်တင်ဘာ ၃၀ ရက်၌ အာဆီယံ ပြည်သူ့ဂုဏ်ပြုဆု လျှောက်ထားသူ လူပုဂ္ဂိုလ် သုံးဦးနှင့် အဖွဲ့အစည်း (၅) ခုတို့၏ လျှောက်လွှာများကို လက်ခံရရှိခဲ့သည်။

အဆိုပါလျှောက်လွှာ (၈)ခုထဲမှ အာဆီယံ ပြည်သူ့ဂုဏ်ပြုဆုနှင့် ထိုက်တန်သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းအား မြန်မာနိုင်ငံ၏ အာဆီယံ နိုင်ငံရေးနှင့်လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုမဏ္ဍိုင် (၃)ရပ်မှ တာဝန်ရှိသူများပါဝင်သော အဖွဲ့ဖြင့် အဆင့်ဆင့်ဆန်ခါတင် ရွေးချယ်ခဲ့ပြီး နောက်ဆုံးရလဒ်အနေဖြင့် ရန်ကုန်မြို့ ဆူးလေဘုရားလမ်း ဆာကူရာတာဝါ၌ ရုံးဖွင့်လှစ်ထားရှိသည့် ပါရမီစားပွဲဝိုင်းအဖွဲ့ (Parami Roundtable Series Group) အား မြန်မာနိုင်ငံကိုယ်စားပြု အာဆီယံပြည်သူ့ဂုဏ်ပြုဆုရှင်အဖြစ် ရွေးချယ်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရှိရသည်။ **(သတင်းစဉ်)**

# ဟော်ကီဒိုင်လူကြီးသင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၉**

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်နှင့် အာရှဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ဟော်ကီဒိုင်လူကြီးသင်တန်း (Umpiring Course 2015) ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထင်ဇော်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးစောလုလုထော်၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လတ်နှင့် အဖွဲ့ဝင် ဦးအောင်သန်းတို့တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့သည်။

ယင်းသင်တန်းသို့ ကမ္ဘာ့ဟော်ကီအဖွဲ့ချုပ်နှင့် အာရှဟော်ကီအဖွဲ့ချုပ်တို့မှ Umpiring Manager/ Umpiring Coach ဖြစ်သူ မလေးရှားနိုင်ငံသား Mr. Amarjit Singh မှ Conductor အဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး သင်တန်းသို့ တပ်မတော် ကြည်း၊ ရေ၊ လေနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သင်တန်းသား ၂၆ ဦး တက်ရောက်လျက်ရှိကာ သင်တန်းကာလမှာ ငါးရက် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး နိုင်ငံတကာမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ရုရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌသည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအား လေ့လာရန်ဖိတ်ကြားထားသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအား နံနက် ၁၀ နာရီတွင် လည်းကောင်း၊ ရုရှားနိုင်ငံမှ သံအမတ်ကြီး Mr. Vasily B. Pospelov နှင့် ရုရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ Mr. Shapiev တို့ ဦးဆောင်သော အဖွဲ့အား **(အပေါ်ယာပုံ)** နံနက် ၁၁ နာရီတွင် လည်းကောင်း၊ အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ် ရွေးကောက်ပွဲအရာရှိချုပ် Mr. V. K. Singh ဦးဆောင်သော အဖွဲ့အား မွန်းလွဲ ၃ နာရီခွဲတွင်လည်းကောင်း သီးခြားစီလက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ၂၀၁၅ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အကြိုကာလတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှု၊ ရွေးကောက်ပွဲကာလတွင် လွတ်လပ်စွာ မဲပေးခွင့်ရရှိအောင် ဆောင်ရွက်ခဲ့မှု၊ ရွေးကောက်ပွဲအလွန်ကာလ မဲရလဒ်ထုတ်ပြန်ရန် ဆောင်ရွက်နေမှု အခြေအနေများ နိုင်ငံတကာ ရွေးကောက်ပွဲ အတွေ့အကြုံများ၊ ရွေးကောက်ပွဲဆိုင်ရာ နည်းပညာနှင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၉**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ ညနေ ၄ နာရီတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးတွင် ဖွင့်လှစ်ထားသည့် မီဒီယာစင်တာ၌ ကျင်းပသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က တက်ရောက်လာကြသည့် ပြည်တွင်းပြည်ပ သတင်းမီဒီယာများမှ မေးမြန်းသည့် မဲရလဒ်ထုတ်ပြန်မှု၊ ကြိုတင်မဲဆိုင်ရာများ၊ တိုင်းရင်းသားကိုယ်စားလှယ်အတွက် မဲပေးခွင့်ဆိုင်ရာများ၊ တရားမဝင် မဲဆွယ်စည်းရုံးမှု၊ ပယ်မဲဆိုင်ရာများ၊ ကိုယ်စားလှယ်လောင်းများ၏ အသုံးစရိတ်နှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် မေးခွန်းများကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

# အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၌ မျက်စိအထူးကုဆရာဝန်များနည်းပါးလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၉**

"ခေတ်လူငယ်များ အင်တာနက်အလွန်သုံးခြင်းကြောင့် မျက်စိအနီးမှုန်နိုင်ကြောင်းနှင့် မြန်မာနိုင်ငံ၌ မျက်စိအထူးကုဆရာဝန်များ နည်းပါးလျက်ရှိကြောင်း" ယနေ့ကျင်းပသည့် အင်ဒိုချိုင်းနား မျက်စိအထူးကုဆရာဝန်များအဖွဲ့၏ မျက်စိအတွင်း ရောင်ရမ်းခြင်းဆိုင်ရာ ဆွေးနွေးပွဲနှင့် ၂၇ ကြိမ်မြောက် မြန်မာနိုင်ငံမျက်စိဆရာဝန်အသင်း ညီလာခံတွင် သိရသည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကိုကိုသန့်က "လက်ရှိမြန်မာနိုင်ငံမှာ မျက်စိအထူးကုဆရာဝန်ပေါင်း ၃၂၈ ယောက်ရှိတယ်။ Training ကျောင်းသားတွေ မပါသေးဘူး။ မျက်စိရောဂါတွေကို ကမ္ဘာ့အဆင့်မီ လက်ခံကုသပေးနိုင်တာကတော့ ရန်ကုန်မျက်စိဆေးရုံကြီး ဆေးတက္ကသိုလ် (၁)၊ ဆေးတက္ကသိုလ် (၂) မြောက်ဥက္ကလာပ မျက်စိဌာန၊ မန္တလေးမျက်စိဆေးရုံကြီး ၃ ခုပဲရှိတယ်။ ဒီနေရာတွေမှာ ကမ္ဘာ့အဆင့်မီ ပစ္စည်းတွေရှိတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်အနှံ့ မြို့နယ်မျက်စိဆရာဝန်ရှိတဲ့ ဆေးရုံပေါင်း ၇၀ ရှိတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ဆေးရုံတွေရဲ့ အဆောက်အအုံပိုင်းတွေ၊ ထောက်ပံ့မှုတွေနဲ့ပတ်သက်ပြီး ကောင်းသထက်ကောင်းအောင် ပြုလုပ်ပေးနေတယ်။ မြန်မာနိုင်ငံမှာ မျက်စိဆရာဝန်တွေကို နိုင်ငံတကာအဆင့်မီအောင် အများကြီး လေ့ကျင့်မွေးထုတ်ပေးဖို့လိုတယ်"ဟု ပြောသည်။

လက်ရှိ မြန်မာနိုင်ငံ မျက်စိဆရာဝန်အသင်းကြီးသည် အာဆီယံမျက်စိဆရာဝန်များအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံဖြစ်သော်လည်း ထိုင်းနှင့် ဗီယက်နမ်တို့တွင် စုစုပေါင်း မျက်စိဆရာဝန် ၁၀၀၀ ကျော်ရှိပြီး မလေးရှားနိုင်ငံ၌ ၈၀၀ ကျော်၊ အင်ဒိုနီးရှား၌ ၁၇၀၀ ရှိ၍ အများကြီးလေ့ကျင့်ပေးရမည်ဟု ၎င်းက ဆက်လက်ပြောသည်။

ဆေးတက္ကသိုလ် (၁) မျက်စိရောဂါပညာဌာန ပါမောက္ခ/ဌာနမှူးနှင့် ရန်ကုန်မျက်စိဆေးရုံ ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာတင်ဝင်းက "အရင်က နိုင်ငံခြားပညာရှင်တွေ အလာနည်းပေမယ့် အခုစိတ်ဝင်စားစွာ လာကြတယ်။ ဒီအခွင့်အရေးကို လက်မလွှတ်တမ်းရအောင် ယူရမှာဖြစ်တယ်။ ဒါမှ မျက်စိနဲ့ပတ်သက်တဲ့ ဘာသာရပ်က ကျယ်ပြန့်တိုးတက်လာမှာဖြစ်တယ်။ မျက်စိအတွင်း ရောင်ရမ်းခြင်းရောဂါဟာ မြန်မာပြည်မှာ တော်တော်လေး ပျံ့နှံ့လာပြီဖြစ်တယ်။ တီဘီရောဂါ၊ အိတ်ချ်အိုင်ဗွီလို ရောဂါတွေပေါ်လာတယ်။ ဒီရောဂါတွေ ပျံ့နှံ့လာသလို နောက်ဆုံးပေါ် ကုထုံးနည်းပညာတွေလည်းပေါ်လာတယ်။ အထောက်အကူပစ္စည်းတွေကို နိုင်ငံတော်က ပံ့ပိုးပေးနေပေမယ့် နည်းပညာလိုအပ်နေသေးတယ်"ဟု ဆိုသည်။

ရန်ကုန်ဆေးတက္ကသိုလ် (၁) မျက်စိရောဂါပညာဌာနကထိက ဒေါက်တာမေဇွန်အောင်ဝင်းက "အခုခေတ်လူငယ်တွေ အင်တာနက်အလွန်သုံးခြင်းဖြင့် မျက်စိအနီးမှုန်လာတယ်။ အရေးကြီးတာက Dry Eye တွေ ဖြစ်တယ်။ ဒီတော့ မျက်ရိုးတွေကိုက်မယ်။ ခေါင်းတွေကိုက်မယ်။ မျက်စိဝါး မျက်စိစပ်တွေဖြစ်ပြီးရင် တွေ့တဲ့မျက်စဉ်းမခတ်ရဘူး။ မျက်စိဆရာဝန်ထံ လာပြရမယ်။ ဆရာဝန်က ဖြစ်မဖြစ်စစ်ပြီး မျက်ရည်တုဆေးပေးမယ်။ ကွန်ပျူတာတွေကို တောက်လျှောက်မသုံးဘဲ တစ်နာရီသုံးတိုင်း ၅ မိနစ်ခန့် အနားပေးပြီး အဝေးကိုကြည့်ပေးပါ။ ဒါကို လေ့ကျင့်ခန်းသဘောမျိုးနဲ့ နာရီသံပတ်ပေးထားပြီး ပုံမှန်လုပ်ဆောင်ပါ"ဟု ဆိုသည်။

ယနေ့ဆွေးနွေးပွဲတွင် ကမ္ဘောဒီးယား၊ မလေးရှား၊ ထိုင်း၊ မြန်မာ၊ လာအို၊ ထိုင်ဝမ်၊ အင်ဒိုနီးရှား စသည့်နိုင်ငံများနှင့် ပြင်သစ်၊ ဩစတြေးလျ၊ ဂျာမနီ၊ ဆွစ်ဇာလန်နိုင်ငံများမှ မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိအတွင်းရောင်ရမ်းခြင်းရောဂါနှင့် စပ်လျဉ်းသည့် နောက်ဆုံးပေါ် တွေ့ရှိချက်များ၊ နောက်ဆုံးပေါ်ဆေးဝါးနှင့် ကုထုံးများဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။ **(သတင်း-မြတ်စန္ဒီသင်းဇော်)**

# အနိုင်ရလွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းအား ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုဝင်ဘာ ၉ရက်တွင် ထုတ်ပြန်သည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ရက်နေ့က ကျင်းပပြီးစီးခဲ့သော အထွေထွေရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သည့် ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းနှင့် မဲရလဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အနိုင်ရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲအရေအတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | လသာ | ဒေါ်ခင်မို့မို့အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၉၀၅ |
| ၂။ | ရန်ကုန်တိုင်းဒေသကြီး | ဆိပ်ကမ်း | ဦးတင်မောင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၂၆ |
| ၃။ | ရန်ကုန်တိုင်းဒေသကြီး | အင်းစိန် | ဦးမောင်မောင်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၉၇၀၂ |
| ၄။ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကင်း | ဒေါ်ဇင်မာအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၇၃၉၂ |
| ၅။ | ရန်ကုန်တိုင်းဒေသကြီး | သာကေတ | ဒေါက်တာဝေဖြိုးအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၀၅၂၃ |
| ၆။ | ရန်ကုန်တိုင်းဒေသကြီး | ဒေါပုံ | ဦးဌေးဝင်းအောင်(ခ)ပြုံးချို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၂၇၆၉ |
| ၇။ | ရန်ကုန်တိုင်းဒေသကြီး | တာမွေ | ဦးဝင်းမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၀၄၀၈ |
| ၈။ | ရန်ကုန်တိုင်းဒေသကြီး | ပုဇွန်တောင် | ဦးမြင့်လွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၉၁၂၉ |
| ၉။ | ရန်ကုန်တိုင်းဒေသကြီး | အလုံ | ဦးရဲလွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၉၂၂၆ |
| ၁၀။ | ရန်ကုန်တိုင်းဒေသကြီး | လမ်းမတော် | ဦးခင်မောင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၇၁၇၇ |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | ကမာရွတ် | ဦးကျော်မင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၉၄၁၈ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ဒဂုံ | ဒေါက်တာသက်သက်ခိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၄၃၁ |
| ၁၃။ | ပဲခူးတိုင်းဒေသကြီး | ရွှေတောင် | ဒေါ်မြခွာညိုဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၃၅၈၉ |
| ၁၄။ | မန္တလေးတိုင်းဒေသကြီး | အမရပူရ | ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၇၅၃၅ |
| ၁၅။ | မန္တလေးတိုင်းဒေသကြီး | မတ္တရာ | ဦးဇော်မင်းလွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၄၃၆၉ |
| ၁၆။ | မန္တလေးတိုင်းဒေသကြီး | စဉ့်ကူး | ဒေါက်တာဇော်ဝင်းမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၄၃၆၄ |
| ၁၇။ | မန္တလေးတိုင်းဒေသကြီး | ကျောက်ဆည် | ဒေါက်တာတင်အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၉၂၅၆ |
| ၁၈။ | မန္တလေးတိုင်းဒေသကြီး | မိတ္ထီလာ | ဒေါက်တာမောင်သင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၉၆၃၁၄ |
| ၁၉။ | မန္တလေးတိုင်းဒေသကြီး | မလှိုင် | ဦးလှထွန်းအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၁၆၇၄ |
| ၂၀။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံ | ဦးအောင်လှိုင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၉၁၄၁ |
| ၂၁။ | ရန်ကုန်တိုင်းဒေသကြီး | သုံးခွ | ဒေါ်စုစုလွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၉၆၁၆ |
| ၂၂။ | ရန်ကုန်တိုင်းဒေသကြီး | ဒလ | ဒေါက်တာစိန်မြအေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၄၁၄၄ |
| ၂၃။ | ရန်ကုန်တိုင်းဒေသကြီး | ကျောက်တံတား | ဦးနေမျိုးထက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၁၃၆ |
| ၂၄။ | ရန်ကုန်တိုင်းဒေသကြီး | ကြည့်မြင်တိုင် | ဦးဇော်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၈၄၆၄ |
| ၂၅။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင် | ဦးအောင်ကျော်ကျော်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၁၆၇၄ |
| ၂၆။ | ရှမ်းပြည်နယ် | ဟိုပန် | ဦးကျင်ဝမ်း | “ဝ”ဒီမိုကရက်တစ်ပါတီ | ၆၀၃၉ |
| ၂၇။ | ရှမ်းပြည်နယ် | မိုင်းယန်း | ဦးစိုင်းဆမ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂၁၁၃ |
| ၂၈။ | ဧရာဝတီတိုင်းဒေသကြီး | ညောင်တုန်း | ဦးအုန်းလွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၃၇၇၇ |

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အနိုင်ရ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရတိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲအရေအတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | လသာ(၁) | ဦးဇော်ဝင်းနိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၀၈၃ |
| ၂။ | ရန်ကုန်တိုင်းဒေသကြီး | လသာ(၂) | ဦးကျော်မင်းဟန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၆၇၀ |
| ၃။ | ရန်ကုန်တိုင်းဒေသကြီး | ဆိပ်ကမ်း(၁) | ဦးစံကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၀ |
| ၄။ | ရန်ကုန်တိုင်းဒေသကြီး | ဆိပ်ကမ်း(၂) | ဦးမောင်မောင်သန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၄၈ |
| ၅။ | ရန်ကုန်တိုင်းဒေသကြီး | အင်းစိန်(၁) | ဦးသာအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၃၉၉၈ |
| ၆။ | ရန်ကုန်တိုင်းဒေသကြီး | အင်းစိန်(၂) | ဦးဝေဖြိုးဟန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၇၆၇၅ |
| ၇။ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကင်း(၁) | ဒေါ်သီတာ(ခ)ဒေါ်သီတာမောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၈၆၂ |
| ၈။ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကင်း(၂) | ဦးသိန်းဇော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၁၈၃ |
| ၉။ | ရန်ကုန်တိုင်းဒေသကြီး | သာကေတ(၁) | ဦးနိုင်ငံလင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၃၁၃၁ |
| ၁၀။ | ရန်ကုန်တိုင်းဒေသကြီး | သာကေတ(၂) | ဒေါ်သက်ထားနွယ်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၈၃၂၁ |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | ဒေါပုံ(၁) | ဦးဟန်စိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၀၄၃၁ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ဒေါပုံ(၂) | ဦးသန့်ဇင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၂၀၀၈ |
| ၁၃။ | ရန်ကုန်တိုင်းဒေသကြီး | တာမွေ(၁) | ဦးလှသိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၉၁၁၇ |
| ၁၄။ | ရန်ကုန်တိုင်းဒေသကြီး | တာမွေ(၂) | ဦးသိန်းမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၀၉၇၁ |
| ၁၅။ | ရန်ကုန်တိုင်းဒေသကြီး | ပုဇွန်တောင်(၁) | ဦးခင်မောင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၃၁၁ |

စာမျက်နှာ ၇ သို့ »

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၇၁/၂၀၁၅)
၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကြေညာခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| | **ရန်ကုန်တိုင်းဒေသကြီး** | | | |
| ၁။ | ဒေါ်ခင်မို့မို့အောင် | ၁၂/တတန(နိုင်)၁၈၁၄၀၀ | လသာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၂။ | ဦးတင်မောင်ဝင်း | ၁၂/ကတန(နိုင်)၀၁၃၇၈၉ | ဆိပ်ကမ်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၃။ | ဦးမောင်မောင်ဦး | ၁၂/အစန(နိုင်)၁၆၃၀၁၄ | အင်းစိန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၄။ | ဒေါ်ဇင်မာအောင် | ၁၂/ဥကမ(နိုင်)၀၁၉၉၁၉ | ရန်ကင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၅။ | ဒေါက်တာဝေဖြိုးအောင် | ၁၂/သကတ(နိုင်)၁၃၈၂၆၉ | သာကေတ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၆။ | ဦးဌေးဝင်းအောင်(ခ) ပြုံးချို | ၁၂/တမန(နိုင်)၁၁၃၃၄၄ | ဒေါပုံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၇။ | ဦးဝင်းမြင့် | ၁၄/ညနဖ(နိုင်)၀၀၆၃၄၈ | တာမွေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၈။ | ဦးမြင့်လွင် | ၇/ပခန(နိုင်)၀၁၈၁၁၀ | ပုဇွန်တောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၉။ | ဦးရဲလွင် | ၁၂/တကန(နိုင်)၀၀၅၅၉၉ | အလုံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၁၀။ | ဦးခင်မောင်ဝင်း | ၁၂/လမတ(နိုင်)၀၁၄၇၅၈ | လမ်းမတော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၁၁။ | ဦးကျော်မင်း | ၁၂/စခန(နိုင်)၀၀၆၉၀၆ | ကမာရွတ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၁၂။ | ဒေါက်တာသက်သက်ခိုင် | ၉/မကန(နိုင်)၀၃၄၂၀၀ | ဒဂုံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

»»» စာမျက်နှာ ၆ မှ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရတိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲအရေအတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၁၆။ | ရန်ကုန်တိုင်း ဒေသကြီး | ပုဇွန်တောင်(၂) | ဦးတင့်လွင် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၉၈၂၀ |
| ၁၇။ | ရန်ကုန်တိုင်း ဒေသကြီး | အလုံ(၁) | ဒေါ်ယဉ်ယဉ်မြင့် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၉၂၉၈ |
| ၁၈။ | ရန်ကုန်တိုင်း ဒေသကြီး | အလုံ(၂) | ဒေါ်နွယ်နွယ်ဝင်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၁၀၇၀၀ |
| ၁၉။ | ရန်ကုန်တိုင်း ဒေသကြီး | လမ်းမတော်(၁) | ဒေါ်အေးအေးမာ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၈၆၉၈ |
| ၂၀။ | ရန်ကုန်တိုင်း ဒေသကြီး | လမ်းမတော်(၂) | ဦးကျော်ထွန်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၈၄၈၅ |
| ၂၁။ | ရန်ကုန်တိုင်း ဒေသကြီး | ကမာရွတ်(၁) | ဦးတင်ဝင်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၁၈၆၄၀ |
| ၂၂။ | ရန်ကုန်တိုင်း ဒေသကြီး | ကမာရွတ်(၂) | ဦးလင်းနိုင်မြင့် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၁၀၄၄၈ |
| ၂၃။ | ရန်ကုန်တိုင်း ဒေသကြီး | ဒဂုံ(၁) | ဦးတင်မောင်ထွန်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၄၅၄၉ |
| ၂၄။ | ရန်ကုန်တိုင်း ဒေသကြီး | ဒဂုံ(၂) | ဦးကျော်ဇေယျ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၃၉၁၂ |

အထက်ပါရလဒ်များသည် နိုဝင်ဘာ ၉ ရက် ည ၉ နာရီအထိ ထုတ်ပြန်ကြေညာချက်များ ဖြစ်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အတည်ပြုပေးပို့သော အနိုင်ရရှိသည့် လွှတ်တော်အလိုက် ကိုယ်စားလှယ်များ၏အမည်စာရင်းနှင့် မဲရလဒ်များကိုလည်း ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**နေပြည်တော်နှင့် မန္တလေး**
**အနီးတစ်ဝိုက်**
**တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။**

**ရန်ကုန်နှင့်အနီးတစ်ဝိုက်**
**နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။**
**ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၇၂/၂၀၁၅)
၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကြေညာခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| | **ရန်ကုန်တိုင်းဒေသကြီး** | | | |
| ၁။ | ဦးဇော်ဝင်းနိုင် | ၁၄/ဟသတ(နိုင်)၀၄၈၁၀၆ | လသာ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၂။ | ဦးကျော်မင်းဟန် | ၁၂/ပဘတ(နိုင်)၀၁၃၅၀၃ | လသာ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၃။ | ဦးစံကျော် | ၁၂/ဆကန(နိုင်)၀၀၀၈၄၃ | ဆိပ်ကမ်း(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| ၄။ | ဦးမောင်မောင်သန်း | ၁၂/ကတတ(နိုင်)၀၀၈၄၄၀ | ဆိပ်ကမ်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၅။ | ဦးသာအောင် | ၁၃/နမတ(နိုင်)၀၁၃၇၃၃ | အင်းစိန်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၆။ | ဦးဝေဖြိုးဟန် | ၁၂/ကတတ(နိုင်)၀၂၇၉၅၃ | အင်းစိန်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၇။ | ဒေါ်သီတာ(ခ) ဒေါ်သီတာမောင် | ၇/ပခန(နိုင်)၁၃၇၈၆၉ | ရန်ကင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၈။ | ဦးသိန်းဇော် | ၁၂/ရကန(နိုင်)၀၅၀၈၂၂ | ရန်ကင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၉။ | ဦးနိုင်ငံလင်း | ၁၂/ဥကမ(နိုင်)၁၇၆၃၈၉ | သာကေတ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၁၀။ | ဒေါ်သက်ထားနွယ်ဝင်း | ၇/ရတရ(နိုင်)၀၇၄၆၂၄ | သာကေတ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၁၁။ | ဦးဟန်စိုး | ၁၂/ဒပန(နိုင်)၀၄၄၁၀၁ | ဒေါပုံ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၁၂။ | ဦးသန့်ဇင် | ၁၂/ဒပန(နိုင်)၀၁၁၅၉၁ | ဒေါပုံ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၁၃။ | ဦးလှသိန်း | ၁၂/တမန(နိုင်)၀၁၃၈၆၉ | တာမွေ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၁၄။ | ဦးသိန်းမြင့် | ၁၂/တမန(နိုင်)၀၁၃၈၆၇ | တာမွေ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၁၅။ | ဦးခင်မောင်ဝင်း | ၁၂/ပဇတ(နိုင်)၀၂၂၄၁၉ | ပုဇွန်တောင်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၁၆။ | ဦးတင့်လွင် | ၁၂/ရကန(နိုင်)၀၃၅၈၈၉ | ပုဇွန်တောင်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၁၇။ | ဒေါ်ယဉ်ယဉ်မြင့် | ၁၂/လသန(နိုင်)၀၁၆၈၇၆ | အလုံ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၁၈။ | ဒေါ်နွယ်နွယ်ဝင်း | ၁၂/အလန(နိုင်)၀၀၁၁၄၄ | အလုံ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၁၉။ | ဒေါ်အေးအေးမာ | ၇/ပမန(နိုင်)၀၆၅၃၃၇ | လမ်းမတော်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၂၀။ | ဦးကျော်ထွန်း | ၁၂/လမတ(နိုင်)၀၃၆၃၈၃ | လမ်းမတော်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၂၁။ | ဦးတင်ဝင်း | ၁၂/ကမရ(နိုင်)၀၃၁၈၁၁ | ကမာရွတ်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၂၂။ | ဦးလင်းနိုင်မြင့် | ၁၂/ကမရ(နိုင်)၀၀၀၁၄၈ | ကမာရွတ်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၂၃။ | ဦးတင်မောင်ထွန်း | ၉/ကပတ(နိုင်)၀၈၇၄၅၃ | ဒဂုံ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၂၄။ | ဦးကျော်ဇေယျ | ၈/တတက(နိုင်)၁၄၉၅၁၁ | ဒဂုံ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အားကောင်းသောမုန်တိုင်းငယ်ကြောင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၉**


ယနေ့ညနေ ၅နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ တမီးနာဒူး(လ်)ကမ်းခြေမြောက်ပိုင်းကို ပူဒူချရီမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏ အကြွင်းအကျန်တိမ်တိုက်များကြောင့် ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

**(ကြေးမုံ)**


## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
## ရန်ကုန်တိုင်းဒေသကြီး ၁၈ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




**ရှင်းလင်းချက်**

၁။ ရွေးကောက်ပွဲကျင်းပသည့် မြို့နယ်ပေါင်း = ၄၅ မြို့နယ်
၂။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာပေါင်း = ၄၅ နေရာ
၃။ ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီပေါင်း = ၂၆ ပါတီ
၄။ ဝင်ရောက်ယှဉ်ပြိုင်သည့် တစ်သီးပုဂ္ဂလ = ၂၃ ဦး

## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
## မန္တလေးတိုင်းဒေသကြီး ၆ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




**ရှင်းလင်းချက်**


၁။ ရွေးကောက်ပွဲကျင်းပသည့် မြို့နယ်ပေါင်း = ၃၆ မြို့နယ်
၂။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာပေါင်း = ၃၆ နေရာ
၃။ ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီပေါင်း = ၁၆ ပါတီ
၄။ ဝင်ရောက်ယှဉ်ပြိုင်သည့် တစ်သီးပုဂ္ဂလ = ၉ ဦး

**မှတ်ချက်။ ၉-၁၁-၂၀၁၅ ရက်နေ့ ည ၉ နာရီအထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သောရလဒ်များ ဖြစ်ပါသည်။**

**ရှင်းလင်းချက်**

NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
CUP = Counting Under Process (ရေတွက်ဆဲ)


## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
## ပဲခူးတိုင်းဒေသကြီး ၁ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




**ရှင်းလင်းချက်**

| | | | |
|---|---|---|---|
| ၁။ ရွေးကောက်ပွဲကျင်းပသည့် မြို့နယ်ပေါင်း | = ၂၈ မြို့နယ် | ၃။ ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီပေါင်း | = ၁၉ ပါတီ |
| ၂။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာပေါင်း | = ၂၈ နေရာ | ၄။ ဝင်ရောက်ယှဉ်ပြိုင်သည့် တစ်သီးပုဂ္ဂလ | = ၃ ဦး |

## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
## ဧရာဝတီတိုင်းဒေသကြီး ၁ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




**ရှင်းလင်းချက်**

| | | | |
|---|---|---|---|
| ၁။ ရွေးကောက်ပွဲကျင်းပသည့် မြို့နယ်ပေါင်း | = ၂၆ မြို့နယ် | ၃။ ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီပေါင်း | = ၁၇ ပါတီ |
| ၂။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာပေါင်း | = ၂၆ နေရာ | ၄။ ဝင်ရောက်ယှဉ်ပြိုင်သည့် တစ်သီးပုဂ္ဂလ | = ၅ ဦး |


**မှတ်ချက်။ ၉-၁၁-၂၀၁၅ ရက်နေ့ ည ၉ နာရီအထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သောရလဒ်များ ဖြစ်ပါသည်။**

**ရှင်းလင်းချက်**

NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ

CUP = Counting Under Process (ရေတွက်ဆဲ)


## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
## ရှမ်းပြည်နယ် ၂ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




**ရှင်းလင်းချက်**

၁။ ရွေးကောက်ပွဲကျင်းပသည့် မြို့နယ်ပေါင်း = ၅၁ မြို့နယ်
၂။ ရွေးကောက်ပွဲမကျင်းပနိုင်သည့် မြို့နယ်ပေါင်း = ၄ မြို့နယ်
၃။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာပေါင်း = ၅၅ နေရာ
၄။ ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီပေါင်း = ၂၆ ပါတီ
၅။ ဝင်ရောက်ယှဉ်ပြိုင်သည့် တစ်သီးပုဂ္ဂလ = ၁၅ ဦး

## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
## ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် ၂၄ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




**ရှင်းလင်းချက်**

၁။ ရွေးကောက်ပွဲကျင်းပသည့် မဲဆန္ဒနယ်ပေါင်း = ၉၀ နေရာ
၂။ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်နေရာပေါင်း = ၂ နေရာ
၃။ လွှတ်တော်ကိုယ်စားလှယ်နေရာပေါင်း = ၉၂ နေရာ
၄။ ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီပေါင်း = ၂၇ ပါတီ
၅။ ဝင်ရောက်ယှဉ်ပြိုင်သည့် တစ်သီးပုဂ္ဂလပေါင်း = ၂၃ ဦး

**မှတ်ချက်။ ၉-၁၁-၂၀၁၅ ရက်နေ့ ည ၉ နာရီအထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သောရလဒ်များ ဖြစ်ပါသည်။**

**ရှင်းလင်းချက်**

NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
WDP = "ဝ" ဒီမိုကရက်တစ်ပါတီ
CUP = Counting Under Process (ရေတွက်ဆဲ)

ပြည်တွင်းရေးရာ

# ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်(မှော်ဘီ)သို့ ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၉**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန် အနောက်ပိုင်းနည်းပညာတက္ကသိုလ်သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မိမိတို့တက္ကသိုလ်ကြီးကို အရည်အသွေးအသိအမှတ်ပြုမှုနှင့် အရည်အချင်း အာမခံချက်ရှိသော Autonomous University အဖြစ် ရပ်တည်နိုင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တက္ကသိုလ်အလိုက် လိုအပ်ချက်များကို နှစ်စဉ်ဖြည့်ဆည်း ဆောင်ရွက်ပေးသလို ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများကို ထူးချွန်တတ်မြောက်အောင် သင်ကြားပေးကြရန်လိုအပ်ကြောင်း၊ ထို့အပြင် နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အကူပြုမည့် သုတေသန လုပ်ငန်းများကိုလည်း အရေအတွက်နှင့် အရည်အချင်း တိုးမြှင့်လာစေရေး အားပေးကူညီဆောင်ရွက်ကြရန်နှင့် နိုင်ငံတကာအသိအမှတ်ပြု တက္ကသိုလ်တစ်ခုဖြစ်လာစေရေး အတွက် ဆရာ ဆရာမများနှင့် ဝန်ထမ်းများအနေဖြင့် တစ်ဦးချင်းစီ တာဝန်သိစိတ်အပြည့်ဖြင့် ဆက်လက်ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် Project Seminar ပြုလုပ်နေကြသော B.E ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီးနောက် စာသင်ခန်းများ၊ Lab ခန်းများနှင့် အလုပ်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဆွေးနွေး မေးမြန်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နည်းပညာတက္ကသိုလ်(မှော်ဘီ)သို့ သွားရောက်ပြီး ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ ပါမောက္ခချုပ်မှ နည်းပညာ တက္ကသိုလ် (မှော်ဘီ)ရှိ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး က လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပြီး စာသင်ခန်း များ၊ Lab ခန်းများနှင့် အလုပ်ရုံများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သည့် PACE ၏ ကနဦးအစီရင်ခံစာအရ ၂၀၁၅ ရွေးကောက်ပွဲနေ့ ဖြစ်စဉ်သည် တည်ငြိမ်မှုရှိ

**ရန်ကုန် နိုဝင်ဘာ ၉**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် အထွေထွေရွေး ကောက်ပွဲတွင် မဲရုံဖွင့်မှု၊ မဲပေးမှု၊ မဲရုံပိတ်မှုနှင့် မဲရေတွက်မှု ဖြစ်စဉ်များသည် ယေဘုယျအားဖြင့် တည်ငြိမ် အေးချမ်းမှုရှိကြောင်း ရွေးကောက်ပွဲ ကျင်းပပြီး ၂၄ နာရီအတွင်းတွင် PACE (ယုံကြည်ရသောရွေးကောက်ပွဲ များပေါ်ပေါက်ရေး ပြည်သူများ ပူးပေါင်းလှုပ်ရှားမှုအဖွဲ့)မှ ကနဦးအစီ ရင်ခံစာ ထုတ်ပြန်မှုတွင် ဖော်ပြသည်။

PACE ၏ အမှုဆောင်ဒါရိုက်တာ ဦးစိုင်းရဲကျော်စွာမြင့်က "မဲရုံဖွင့် တဲ့ဖြစ်စဉ်မှာကော၊ မဲပေးတဲ့ဖြစ်စဉ်မှာ ကော၊ မဲရုံပိတ်မှုနဲ့မဲများရေတွက်ချိန် မှာကောတည်ငြိမ်မှုရှိတယ်။ ခြိမ်း ခြောက်မှုနည်းတယ်ဆိုတာ တွေ့ရ တယ်။ ကြိုတင်မဲကိစ္စလိုသီးခြားကိစ္စ တွေရှိပေမယ့်လည်း တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ဆိုရင် တည်ငြိမ်တယ် လို့ ပြောလို့ရတယ်"ဟု ပြောကြား သည်။

PACE မှအဆိုပါ ကနဦးအစီရင် ခံစာကို နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ တော်ဝင်ဂါးဒင်းဟိုတယ်တွင် သတင်း မီဒီယာများကို ထုတ်ပြန်ခဲ့ခြင်းဖြစ် သည်။

PACE အဖွဲ့၏ စောင့်ကြည့်လေ့ လာမှုအရ မဲရုံဖွင့်လှစ်မှုအခြေအနေ တွင် မဲရုံများ၏ ၉၅ ရာခိုင်နှုန်းသည် သတ်မှတ်ချိန်တွင် အချိန်မီဖွင့်လှစ် နိုင်ခဲ့ပြီး ကျန်မဲရုံများသည် နံနက် ၆ နာရီခွဲ နောက်ပိုင်းမှ ဖွင့်လှစ်နိုင်ခဲ့ သည်။ မဲရုံမဖွင့်လှစ်မီကြိုတင်မဲပုံး များရောက်ရှိမှုသည် ၈၉ ရာခိုင်နှုန်း ရှိသည်။ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအပါအဝင် မဲဆန္ဒရှင် အားလုံးအတွက် မဲရုံများ၏ အဆင် အပြင်နှင့် အခင်းအကျင်းမှာ ၈၄ ရာခိုင်နှုန်းအဆင်ပြေမှုရှိသည်။

မဲရုံအတွင်း လိုအပ်သည့်ပစ္စည်း များ မဲရုံဖွင့်ချိန်တွင် အချိန်မီရောက် ရှိမှုမှာ ၉၃ ရာခိုင်နှုန်းထိရှိခဲ့သော် လည်း မဲပုံးများလိုအပ်မှု၊ မဲလက်မှတ် များလိုအပ်မှု၊ မဲဆန္ဒရှင်စာရင်းမရှိခြင်း၊ မဲတံဆိပ်တုံးမရှိခြင်း၊ မဲပေးပြီးနောက် မှတ်သားရမည့် မင်မရှိခြင်း၊ မဲပေးပြီး နောက် ထည့်သွင်းရမည့် မဲရလဒ်ပုံစံ များမရှိခြင်းတို့ ရာခိုင်နှုန်းအနည်းငယ် တွေ့ရှိခဲ့ရသည်ဟု PACE ၏ အစီရင် ခံစာတွင် ဖော်ပြထားသည်။

မဲပေးခြင်းဖြစ်စဉ်တွင် မဲရုံများ၏ ၉၇ ရာခိုင်နှုန်းတွင် မဲဆန္ဒရှင်များသည် လျှို့ဝှက်မဲဆန္ဒပြုနိုင်ခဲ့ကြပြီး မဲရုံများ ၏ အနီးဝန်းကျင်တွင် မဲဆန္ဒရှင်များ အား ခြိမ်းခြောက်အနှောင့်အယှက်ပြု ခံရမှုမှာ မရှိသလောက်နည်းပါးခဲ့ သည်ဟုအစီရင်ခံစာက ဖော်ပြသည်။ မဲရုံများ၏ ၃၈ ရာခိုင်နှုန်းတွင် ညနေ လေးနာရီမဲရုံပိတ်ချိန်တွင် မဲပေးရန် တန်းစီသူများရှိခဲ့ပြီး ၉၅ ရာခိုင်နှုန်း သည် မဲပေးခွင့်ရရှိခဲ့သည်။

မဲဆန္ဒရှင်စာရင်း၌ အမည်မပါရှိ သောကြောင့် မဲပေးရန်လာသော် လည်း ဆန္ဒမဲပေးခွင့်မရခဲ့သူမှာ ၁၀ ဦးအောက် ၃၄ ရာခိုင်နှုန်းနှင့် ၁၁ ဦးအထက် လေးရာခိုင်နှုန်းရှိခဲ့သည်။

မဲရုံပိတ်ခြင်းနှင့် မဲများရေတွက် မှုတွင် စောင့်ကြည့်လေ့လာသူများ၊ ပါတီကိုယ်စားလှယ်များနှင့် မျက်မြင် သက်သေများ ကြည့်ရှုခွင့်ရရှိခဲ့သည်။ မဲရုံများ၏ ၉၄ ရာခိုင်နှုန်းတွင် ကြို တင်မဲများကို ဦးစွာရေတွက်ခဲ့သည်။ စောင့်ကြည့်သူကိုယ်စားလှယ်များက မဲရေတွက်မှုကို ပြည်ထောင်စုကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၁၇ ရာခိုင် နှုန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီမှ ၁၆ ရာခိုင်နှုန်း၊ အခြားပါတီများ မှ ငါးရာခိုင်နှုန်း၊ တိုင်းရင်းသားပါတီ များမှခြောက်ရာခိုင်နှုန်းနှင့် တသီး ပုဂ္ဂလများမှ နှစ်ရာခိုင်နှုန်းတို့က စော ဒကတက်ခဲ့ကြသည်။

မဲရေတွက်ဖြစ်စဉ်၏ ၉၇ ရာခိုင် နှုန်းသည် ခြိမ်းခြောက်နှောင့်ယှက် ခံရမှု၊ ဝင်ရောက်နှောင့်ယှက်မှုများ မရှိခဲ့ဘဲ မဲရေတွက်ပြီးရလဒ် ပုံစံ (၁၆) ကို အများပြည်သူကြည့်ရှုနိုင်ရန် ကပ် ထားနိုင်မှုသည် ၉၃ ရာခိုင်နှုန်းရှိခဲ့ သည်။

"လောလောဆယ် PACE ရဲ့တွေ့ ရှိချက်ကတော့ မဲပေးမှုဖြစ်စဉ်ကြီး တစ်ခုလုံး ရပ်ဆိုင်းသွားရလောက် အောင် အနှောင့်ယှက်ဖြစ်ခဲ့တဲ့ အဖြစ် ပျက်မျိုးမရှိခဲ့ဘူး။ ပိုပြီးအသေးစိတ်ကျ တဲ့ အချက်အလက်တွေကိုတော့ လာ မယ့် သီတင်းပတ်မှာထုတ်ပြန်သွား မယ်"ဟု ဦးစိုင်းရဲကျော်စွာမြင့်က ပြောသည်။

PACE သည် နမူနာအခြေပြုလေ့ လာစောင့်ကြည့်ခြင်း နည်းစနစ် (Sample Based Observation) ဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများ ရှိ မဲရုံ ၁၀၀၀ ကျော်တွင် စောင့်ကြည့် လေ့လာသူ ၂၀၀၀ ကျော်ဖြင့် လေ့လာ စောင့်ကြည့်ခဲ့ခြင်း ဖြစ်သည်။

၂၀၁၅ အထွေထွေရွေးကောက် ပွဲတွင် နိုင်ငံရေးပါတီ ၉၁ ပါတီမှ ကိုယ်စားလှယ်လောင်း ၆၀၀၀ ကျော် ယှဉ်ပြိုင်ခဲ့ကြပြီး ဆန္ဒမဲပေးနိုင်သူ ဦးရေ ၃၃ သန်းခန့်ရှိခဲ့သည်။



သတင်း - ရဲခေါင်ညွန့်
မြတ်သန္တာမောင်
ဓာတ်ပုံ - ဖိုးထောင်

## တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၉

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်း ဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ သည်။ ညအပူချိန်များမှာ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင် ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်း ဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့ သည်။ ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁၀ ဒီဂရီစင်တီ ဂရိတ်၊ လွိုင်လင်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၁၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ရေးမြို့တွင် သုည ဒသမ ၇၀ လက်မ၊ ကိုကိုးကျွန်းမြို့တွင် သုည ဒသမ ၁၉ လက်မနှင့် ကော့သောင်း မြို့တွင် သုည ဒသမ ၁၆ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလား ပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်း သည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ သည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။


**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။

**❑ ဆာဖာရီမှ**

သဘာဝအတိုင်း သစ်ကုလားအုတ်(အမ)ကလေးတစ်ကောင်ကို ဒုတိယအကြိမ် အောင်မြင်စွာမွေးဖွားခဲ့သည်။

သစ်ကုလားအုတ်အမ(သဲစု)မှ မွေးဖွားသော သစ်ကုလားအုတ်(အမ) ကလေးကို သဘာဝအတိုင်း နေထိုင်စားသောက်၍ ပြုစုစောင့်ရှောက်လျက် ရှိကြောင်းနှင့် ဆာဖာရီဥယျာဉ်တွင် သစ်ကုလားအုတ်(အာဖရိက)တစ်စုံနှင့် ထိုင်းတစ်စုံအပြင် ယခုပေါက်ဖွားသော သစ်ကုလားအုတ်ကလေးငယ် တစ်ကောင်အပါအဝင် စုစုပေါင်းငါးကောင်ကို အများပြည်သူများ လာရောက် လေ့လာနိုင်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်မွေးမြူပြသထားလျက် ရှိကြောင်း သိရသည်။ **(ကြေးမုံ)**



## ဗီလာရီးယဲလ်ကို အစီအစဉ်ချပြီးကစားခဲ့ဟု နေမာပြောကြား

ဗီလာရီးယဲလ်အား သုံးဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် အနိုင်ဂိုးသွင်းကာ ခြေစွမ်းပြခဲ့သော ဘာစီလိုနာ တိုက်စစ်မှူးနေမာက ၎င်းမှာ ဗီလာရီးယဲလ်ဘက်သို့ မည်သည့် အနေအထားဖြင့် ဂိုးသွင်းယူမည်ကို ကြိုတင်အစီအစဉ်ချပြီးကစားခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ နေမာသည် လက်ရှိတွင် သွင်းဂိုး ၁၁ ဂိုးဖြင့် လာလီဂါထိပ်တန်းဂိုးသွင်းရှင်အဖြစ် ရပ်တည်နေပြီး မက်ဆီဒဏ်ရာရရှိနေစဉ်အတွင်း ဘာကာ၏တိုက်စစ်ကို အငြင်းပွားဖွယ်မရှိ ဦးဆောင်နေသူဖြစ်သည်။

နေမာသည် ပြီးခဲ့သည့်နှစ် ဘာစီလိုနာအသင်းဖလား သုံးလုံးဆွတ်ခူးခဲ့သည့် သမိုင်းဝင်စွမ်းဆောင်မှုတွင် အဓိကနေရာမှ ပါဝင်ခဲ့ပြီး ယခုနှစ်တွင်လည်း သူ၏အကောင်းဆုံးပုံစံကို ဆက်လက်ထိန်းထားနိုင်ဆဲဖြစ်သည်။ နေမာက လက်ရှိသူ၏ ခြေစွမ်းအပေါ် အလုံးစုံကျေနပ်မှုရှိကြောင်း၊ အသင်းဖော်များ၏ ပံ့ပိုးမှုကြောင့်ခြေစွမ်းပိုမိုကောင်းလာခဲ့ခြင်းဖြစ်ကြောင်း၊ ဂလက်စီကိုပွဲစဉ်တွင်လည်း ယခု အကောင်းဆုံးပုံစံကို ဆက်လက်ထိန်းထားရန် ကြိုးပမ်းသင့်ကြောင်း အသင်းဖော်များအား တိုက်တွန်းစကားပြောကြားခဲ့သည်။

# ဘာလွန်းဒီအောဆုအပေါ်လွှမ်းမိုးရန်ကြိုးပမ်းနေသည့် စီရိုနယ်လ်ဒိုကို သတိပေးစကား ဆိုလိုက်တဲ့ ဝင်းဂါး



ဘာလွန်းဒီအောဆု အကြိုရွေးချယ်ကာလမှာ သူကသာ ကမ္ဘာ့အကောင်းဆုံးကစားသမားဖြစ်တယ်လို့ ဆိုလိုက်တဲ့ စီရိုနယ်လ်ဒိုကို စကားလုံးတွေနဲ့ ဆုရွေးချယ်မှုကို လွှမ်းမိုးဖို့ မကြိုးစားသင့်ဖူးလို့ အာစင်ဝင်းဂါးက သတိပေးစကားဆိုခဲ့ပါတယ်။ စီရိုနယ်လ်ဒိုက မကြာသေးခင်ကာလကပဲ သူသာကမ္ဘာ့အကောင်းဆုံးကစားသမားဖြစ်တယ်လို့ဆိုခဲ့တာကြောင့် ဝင်းဂါးက အခုလို ဝေဖန်ခဲ့တာပါ။ စီရိုနယ်လ်ဒိုက ဘာလွန်းဒီအောဆုရွေးချယ်တဲ့နေရာမှာ ကလပ်အသင်း ဆုတံဆိပ်ရရှိမှု၊ မရရှိမှုကိုမကြည့်သင့်ဘဲ တစ်ဦးချင်းစွမ်းဆောင်ရည်အပေါ်မှာသာမူတည်ပြီး ကြည့်ရှုအကဲဖြတ်သင့်တယ်လို့ဆိုခဲ့တာပါ။

ဝင်းဂါးက ယခုကဲ့သို့ စကားကို လက်လွတ်စပယ်ပြောဆိုတတ်သည့်အကျင့်က စီရိုနယ်လ်ဒိုရဲ့ ကျော်ကြားမှု ပုံရိပ်ကို ထိခိုက်စေနိုင်ကြောင်း ပြောခဲ့ပေမယ့် မက်ဆီနဲ့ စီရိုနယ်လ်ဒိုတို့နှစ်ဦးမှာ ဘယ်သူက ပိုကောင်းတဲ့ကစားသမားဖြစ်တယ်ဆိုတဲ့ မှတ်ချက်ပေးဖို့ကိုတော့ ငြင်းဆန်ခဲ့ပါတယ်။

မက်ဆီနဲ့ စီရိုနယ်လ်ဒိုတို့နှစ်ဦးလုံးဟာ လက်ရှိဘောလုံးလောကရဲ့ အကောင်းဆုံးကစားသမားနှစ်ဦးဖြစ်ပေမယ့် မက်ဆီက အကောင်းဆုံးစွမ်းဆောင်ချက်တွေနဲ့ ဆုဖလားတွေကို သိမ်းပိုက်ရရှိထားခဲ့သလို စီရိုနယ်လ်ဒိုကလည်း နှစ်စဉ်နှစ်တိုင်း သူ့ရဲ့အကောင်းဆုံးပုံစံကိုအမြဲထိန်းထားနိုင်သူလို့ ဝင်းဂါးက ပြန်လည်ဖြေကြားခဲ့ပါတယ်။ ဒီကစားသမားနှစ်ဦးထဲမှာ ဘယ်သူကပိုကောင်းလဲဆိုတဲ့ အငြင်းပွားမှုဖြစ်နေတာ ဆယ်စုနှစ်တစ်ခုနီးပါးကြာမြင့်နေပြီဖြစ်ပါတယ်။ ဒါပေမယ့် ဂိုးသွင်းစွမ်းရည်၊ လျင်မြန်မှုနဲ့ဘောလုံးဦးနှောက်ရှိမှုတွေမှာ တစ်ယောက်နဲ့တစ်ယောက်သိသိသာသာကွာခြားနေတာမဟုတ်ဘဲ အကောင်းဆုံးခြေစွမ်းကို ဆယ်စုနှစ်တစ်ခုနီးပါးကြာ ထိန်းထားနိုင်ခဲ့တဲ့ ဒီကစားသမားနှစ်ဦးကို ချီးကျူးမိတယ်လို့တော့ ဝင်းဂါးက မှတ်ချက်ပြုခဲ့ပါတယ်။

ဒါ့အပြင် ဝင်းဂါးက ဘောလုံးကစားနည်းလို စုပေါင်းကစားတဲ့ ကစားနည်းမှာ တစ်ဦးချင်းထူးချွန်ဆုတွေပေးအပ်နေတာကိုက ကစားသမားတွေရဲ့ အတ္တတွေကို အရောင်တင်ပေးရာရောက်တယ်လို့လည်း ဝေဖန်ခဲ့ပါသေးတယ်။ ဒါ့ကြောင့် သူ့အနေနဲ့ ဘာလွန်းဒီအောဆုအပါအဝင် ဘယ်လိုတစ်ဦးချင်းဆုတံဆိပ်ကိုမှ အယုံအကြည်မရှိပါဘူးလို့လည်းဆိုခဲ့ပါတယ်။


"ခင်ဗျားအနေနဲ့ မတ်လမှာ ကမ္ဘာ့အဆင့်(၁)ဖြစ်ရင်ဖြစ်နေမှာပါ။ ဒါပေမယ့်မေလလောက်ဆိုရင်တော့ ကမ္ဘာ့အဆင့် (၂၅၀)လောက် ရောက်ရင်ရောက်သွားပါလိမ့်မယ်။ ဘာလို့လဲဆိုတော့ အားကစားဆိုတာ အမြဲတမ်းအပြောင်းအလဲရှိနေတဲ့ အရာမို့လို့ပါ" လို့ ဝင်းဂါးက သူ့အယူအဆကို ပွင့်ပွင့်လင်းလင်းပဲ ဖွင့်ချခဲ့ပါတယ်။

စီရိုနယ်လ်ဒိုနဲ့ မက်ဆီတို့နှစ်ဦးက ၂၀၀၈ ခုနှစ်ကတည်းက ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို တစ်ယောက်တစ်လှည့်စီရယူနေတဲ့ ကစားသမားတွေဖြစ်ပါတယ်။ မက်ဆီက ၂၀၀၈၊ ၂၀၁၀၊ ၂၀၁၁၊ ၂၀၁၂ ခုနှစ်တွေမှာ ရယူထားပြီး စီရိုနယ်လ်ဒိုက ၂၀၀၉၊ ၂၀၁၃၊ ၂၀၁၄တွေမှာ ဘာလွန်းဒီအောဆုကို သိမ်းပိုက်နိုင်ခဲ့တာပါ။

စီရိုနယ်လ်ဒိုက သူ့ရဲ့စိတ်ပိုင်းဆိုင်ရာ စွမ်းအင်တွေက သူ့ကို ကမ္ဘာ့အကောင်းဆုံးကစားသမားဖြစ်အောင် ပုံဖော်ပေးခဲ့တာဖြစ်ပြီး ဒီအချက်ကြောင့် သူဟာ မက်ဆီကို အလဲထိုးနိုင်ခဲ့တာပါလို့လည်း ဆိုခဲ့ပါတယ်။ ဒါပေမယ့်လည်း ဘရာဇီးလ်ဝင်ကစားသမား ပီလီကတော့ သူသာလျှင် မက်ဆီ၊ စီရိုနယ်လ်ဒိုတို့နှစ်ဦးထက်ပိုမိုပြီးပြည့်စုံတဲ့ တိုက်စစ်မှူးဖြစ်တယ်လို့ မကြာသေးခင်ကာလကပဲပြောကြားခဲ့ပါသေးတယ်။

ရှိုင်းယန်ဟေဒင် - ရေးသားသည်

## ပရီမီယာလိဂ်မှာ မှတ်တမ်းသစ်ရေးထိုးနိုင်ခဲ့တဲ့ အိုဇေးလ်



အာဆင်နယ်နဲ့ စပါးအသင်းတို့ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တဲ့ ပွဲစဉ်မှာ အာဆင်နယ်ကွင်းလယ်ကစားသမားမီဆပ်အိုဇေးလ်ဟာ ကီရန်ဂစ်ဘ်စ်သွင်းတဲ့ ချေပဂိုးကို ဖန်တီးပေးပြီးနောက်မှာ ခြောက်ပွဲဆက်တိုက် ဂိုးရရှိရန်ပံ့ပိုးပေးနိုင်ခဲ့တဲ့ ပရီမီယာလိဂ်ရဲ့ ပထမဆုံးကစားသမားအဖြစ်မှတ်တမ်းဝင်သွားခဲ့ပါပြီ။ အိုဇေးလ်က ပြီးခဲ့တဲ့အောက်တိုဘာလကတည်းက တောက်လျှောက်ခြေစွမ်းပြနေပြီး ဘိုင်ယန်ကိုရှုံးနိမ့်ခဲ့တဲ့ ပွဲစဉ်တစ်ပွဲကလွဲရင် ကျန်တဲ့ပွဲတိုင်းမှာ ခြေစွမ်းအပေါ်လွင်ဆုံး ကစားနိုင်တဲ့ ကစားသမားပါ။ အိုဇေးလ်က သူ့အနေနဲ့ အခုလိုခြေစွမ်းပြနိုင်ခဲ့တာက အဝတ်လဲခန်းမှာရရှိတဲ့ အသင်းလိုက် စိတ်ဓာတ်ကြောင့်လို့ဆိုခဲ့ပါတယ်။

အာစင်ဝင်းဂါးကတော့ သူဟာအရင်ကတည်းက အိုဇေးလ်ရဲ့ စွမ်းဆောင်ရည်ကို အပြည့်အဝယုံကြည်တာကြောင့် ၄-၂-၃-၁ ကစားကွက်ကို အသုံးပြုပြီး ရာသီသစ်ကို ဖြတ်သန်းဖို့ အစီအစဉ်ချခဲ့တာလို့ဆိုပါတယ်။ ဒါ့အပြင် ဝင်းဂါးက မန်စီးတီးနဲ့ ဗီလာတို့ရဲ့ ဂိုးမရှိသရေရလဒ်အပေါ် အာဆင်နယ်အနေနဲ့ အခွင့်အရေးမယူနိုင်ဘဲ အမှတ်ပေးဇယားထိပ်ဆုံးနေရာကို ဦးဆောင်နိုင်ခွင့် ဆုံးရှုံးခဲ့ပေမယ့်လည်း ရလဒ်အပေါ်ကျေနပ်မှုအပြည့်ရှိကြောင်းဝင်းဂါး ဆိုခဲ့ပါတယ်။

"ဒါကမျှတတဲ့ရလဒ်ပါ။ အရှုံးကနေရုန်းထွက်နိုင်တဲ့ ကျွန်တော့်ကစားသမားတွေကို အမှတ်ပြည့်ပေးလိုပါတယ်"လို့ ဝင်းဂါးကဆိုခဲ့ပါတယ်။ အာဆင်နယ်သည် ပြီးခဲ့တဲ့ နိုဝင်ဘာ၄ရက်က ကစားခဲ့တဲ့ပွဲမှာ ဘိုင်ယန်ကို ငါးဂိုး-တစ်ဂိုးနဲ့ အပြတ်အသတ်ရှုံးနိမ့်ခဲ့သလို ယခုပွဲစဉ်မှာလည်း စပါးရဲ့ ဖိအားပေးမှုကိုတောက်လျှောက်ခံနေရပြီး ပထမပိုင်းမှာ တိုက်စစ်မှူး ဟယ်ရီကိန်းရဲ့ သွင်းဂိုးတစ်ဂိုးကို ခွင့်ပြုခဲ့ရပါတယ်။ ဒါပေမယ့်လည်း ဒုတိယပိုင်း ပြန်လည်စတင်ချိန်မှာ အာဆင်နယ်အနေနဲ့ ကစားပုံပြန်တက်လာပြီး အိုဇေးလ်ရဲ့ ဖြတ်တင်ဘောကို ကီရန်ဂစ်ဘ်စ်က ပိတ်သွင်းပြီး သရေ ရလဒ်ကိုရယူနိုင်ခဲ့ပါတယ်။

## နိုင်ငံတကာ ပွဲစဉ်များကစားခြင်းကြောင့် အာဆင်နယ်အသင်း သက်သာရာရ

နိုင်ငံတကာ ပွဲစဉ်များကစားရခြင်းက ဒဏ်ရာပြဿနာများနေသော အာဆင်နယ်အား သက်သာရာရစေကြောင်း နည်းပြဝင်းဂါးက ဆိုလိုက်သည်။ လက်ရှိအာဆင်နယ်တွင် ဝဲလ်ကော့၊ ဘယ်လာရင်နှင့် ရမ်ဆေး အပါအဝင် စုစုပေါင်းကစားသမား ၁၀ ဦး ဒဏ်ရာရရှိနေပြီး ရလဒ်ကောင်းတစ်ခုဆက်လက်ရရှိရန် ရုန်းကန်နေရဆဲဖြစ်သည်။

ဝင်းဂါးက ဒဏ်ရာပြဿနာများက နည်းစနစ်ပိုင်းပြောင်းလဲရာတွင် ကြီးမားသည့် အခက်အခဲကို ဖြစ်စေကြောင်း၊ နိုင်ငံတကာ ပွဲစဉ်များကြောင့် ဒဏ်ရာရကစားသမားများအနေဖြင့်နှစ်ပတ်တာကာလကုသချိန်ပိုမိုရရှိသောကြောင့် အာဆင်နယ်အား သက်သာရာရစေကြောင်း ဆိုခဲ့သည်။

## မန်ယူခြိမ်းခြောက်နိုင်မှုအားနည်းနေသည်မှာ ကြာခဲ့ပြီဟု ကာဘာယီဝေဖန်

မန်ယူအနေဖြင့် ဝက်စ်ဘရွန်းအားအနိုင်ရရှိခဲ့သော်လည်း ပြိုင်ဘက်အသင်းများကို အန္တရာယ်ပေးနိုင်စွမ်းမရှိခဲ့သည်မှာ ကြာမြင့်ပြီဖြစ်ကြောင်း ခရစ္စတယ်ပဲလေ့စ်ကွင်းလယ်ကစားသမား ကာဘာယီက ဝေဖန်ပြောကြားခဲ့သည်။ မန်ယူနှင့် ယှဉ်ပြိုင်ခဲ့သည့် ပွဲတွင် ကာဘာယီ၏ခြေစွမ်းမှာ အပေါ်လွင်ဆုံးဖြစ်ခဲ့ပြီး မန်ယူ၏နောက်တန်းကို ထိရောက်သည့် ထိုးဖောက်မှုများကြိမ်ဖန်များစွာ ပြုလုပ်နိုင်ခဲ့သည်။

ကာဘာယီကမူ မန်ယူ၏ခြေစွမ်းညံ့ဖျင်းနေမှုမှာ ယခုမှသာ စတင်ခဲ့သည်မဟုတ်ဘဲ ပြီးခဲ့သည့်ဘောလုံးရာသီကပင် ကံကောင်း၍ အဆင့်(၄)နေရာဖြင့် ရာသီသိမ်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဆိုခဲ့သည်။

ကာဘာယီ၏ ပဲလေ့စ်အသင်းကစားဖော် စကော့ဒန်က မန်ယူအသင်းသည် ဖာဂူဆန်လက်ထက်ကသာ တခြားပြိုင်ဘက်အသင်းများကို အန္တရာယ်ပေးနိုင်သည့် အသင်းအဖြစ်ရပ်တည်နိုင်ခဲ့ပြီး နောက်ပိုင်းဆက်ခံသည့် နည်းပြများလက်ထက်တွင် ဘောလုံးပိုင်ဆိုင်မှုနှင့် ဖန်တီးမှုအပိုင်းတွင် အသင်းကြီးတစ်သင်း၏ အဆင့်မရှိတော့ကြောင်းလည်း ကာဘာယီ၏အဆိုကို ထောက်ခံပြောကြားလိုက်သည်။

## ဒဏ်ရာကြောင့် ဘယ်လ်ဂျီယံ၏ ချစ်ကြည်ရေးခြေစမ်းပွဲများကို ဖယ်လိုင်နီလွဲချော်မည်



ဘယ်လ်ဂျီယံ ကွင်းလယ်ကစားသမားဖယ်လိုင်နီအနေဖြင့် ဒဏ်ရာပြဿနာကြောင့် စပိန်၊ အီတလီအသင်းတို့နှင့် ယှဉ်ပြိုင်မည့် ဘယ်လ်ဂျီယံအသင်း၏ နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲများကို လွဲချော်တော့မည်ဖြစ်ကြောင်း ဘယ်လ်ဂျီယံဘောလုံးအဖွဲ့ချုပ်က အတည်ပြုခဲ့သည်။ ဖယ်လိုင်နီသည် လေ့ကျင့်ရေးအစီအစဉ်တွင်ရရှိသော အသေးစား ဒဏ်ရာကြောင့် မန်ယူက ဝက်စ်ဘရွန်းအားနှစ်ဂိုးပြတ်အနိုင်ရရှိသော ပွဲစဉ်၌လည်း ဝင်ရောက်မကစားနိုင်ခဲ့ပေ။

ဘယ်လ်ဂျီယံသည် ဖီဖာ၏ကမ္ဘာ့အဆင့်သတ်မှတ်ချက် မလျော့ကျစေရေးအတွက် ဥရောပထိပ်တန်းအသင်းကြီးများဖြစ်သည့် စပိန်နှင့် အီတလီတို့ကဲ့သို့သော အသင်းကြီးများနှင့် ချစ်ကြည်ရေးခြေစမ်းပွဲများကျင်းပရန် စီစဉ်လာခြင်းဖြစ်သည်။ ဖယ်လိုင်နီအပြင် အော်စတန်ဒီနောက်ခံလူ ဂျော်ဒန်လူကာကူမှာလည်း ဒဏ်ရာပြဿနာကြောင့် နုတ်ထွက်သွားခဲ့ရာ ၎င်းတို့နှစ်ဦး၏နေရာတွင် အဲဗာတန်တိုက်စစ်မှူးမီရာလက်စ်နှင့် ဂျန့်ကစားသမား ကမ်းစ်တို့အား အစားထိုးခေါ်ယူထားကြောင်းသိရသည်။

## အားကစား

### စပါး ထိပ်ဆုံးလေးသင်းဖြင့် ရာသီသိမ်းနိုင်မည်ဟု အွန်နရီယုံကြည်ထား



အာဆင်နယ် တိုက်စစ်မှူးဟောင်း အွန်နရီက လက်ရှိစပါး၏ ခြေစွမ်းမှာ ရာသီသိမ်းချိန်တွင် ပရီမီယာလိဂ် ထိပ်ဆုံးလေးသင်း ဝင်ရောက်ရန် စွမ်းဆောင်နိုင်ရည်အပြည့်ရှိ ကြောင်းထောက်ခံစကားပြောကြားခဲ့သည်။ စပါးသည် အာဆင်နယ်အား တစ်ဂိုးစီသရေရလဒ်ရရှိအောင်ကစားနိုင်ခဲ့ပြီးနောက် အမှတ်ပေးဇယားအဆင့် (၅) နေရာတွင်ရပ်တည်နေကာ ယူရိုပါလိဂ်တွင်လည်း ဇယားထိပ်၌ ရပ်တည်အောင် စွမ်းဆောင်ထားနိုင်သည်။ စပါးအနေဖြင့် လက်ရှိခြေစွမ်းကို ဆက်လက်ထိန်းထားနိုင်ခဲ့ပါက ရာသီသိမ်းချိန်တွင် ထိပ်ဆုံးလေးနေရာဖြင့် ရာသီသိမ်းနိုင်မည်ဖြစ်ကြောင်းလည်း အွန်နရီက ချီးကျူးခဲ့ခြင်းဖြစ်သည်။

**ရှိုင်းယန်ဟေဒင်**

### ဂလက်စီကိုပွဲစဉ်တွင်ပြန်လည်ကစားခွင့်ရရန် ရာမို့စ် ပစ်မှတ်ထား



ဆီဗီလာအား ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် ရီးယဲလ်အတွက် အဖွင့်ဂိုးသွင်းယူခဲ့သူ ရာမို့စ်မှာ ကျွမ်းပစ်ပြီးဂိုးသွင်းယူခဲ့သောကြောင့် ပခုံးဒဏ်ရာရရှိကာ ကွင်းထဲမှ ထွက်ခွာခဲ့ရသော်လည်း ဂလက်စီကို(ရီးယဲလ်- ဘာစီလိုနာ)ပွဲစဉ်တွင် ပြန်လည်ပါဝင်ရန်မျှော်လင့်ထားကြောင်း ကစားသမားကိုယ်တိုင်က ဖွင့်ဟခဲ့သည်။ ဘာစီလိုနာနှင့်ရီးယဲလ်တို့၏ ပွဲစဉ်ကို လာမည့် နိုဝင်ဘာ ၂၁ရက်တွင် ယှဉ်ပြိုင်မည်ဖြစ်ပြီး ယင်းပွဲစဉ်တွင် ပြန်လည်ဝင်ရောက်ကစားနိုင်ရန် ရာမို့စ်က မျှော်လင့်နေခြင်းဖြစ်သည်။ ထို့ကြောင့် ရာမို့စ်အနေဖြင့်စပိန်၏ ချစ်ကြည်ရေးခြေစမ်းပွဲများတွင် ပါဝင်နိုင်ဖွယ်မရှိ သော်လည်း ဘာစီလိုနာအား ရင်ဆိုင်မည့် ဂလက်စီကိုဒါဘီပွဲစဉ်တွင် ပြန်လည်ပါဝင်ခွင့်ရရှိရန် ယုံကြည်ထားခြင်းဖြစ်သည်။

"ကျွန်တော့်ရဲ့ ပခုံးအနေအထားက မကောင်းသေးပါဘူး။ ကျွန်တော်ဂိုးသွင်းယူပြီးနောက်မှာ လက်မောင်းပေါ် ပုံပြီး ကျခဲ့တာကြောင့် ပခုံးနာသွားခဲ့တာပါ။အခုဒဏ်ရာက ပြန်လည်သက်သာလာမယ့်အကြောင်းပဲ ကျွန်တော်စဉ်းစားနေပါတယ်။ နိုဝင်ဘာ ၁၀ ရက်မှာ ဒဏ်ရာကို ဓာတ်မှန်ရိုက်ကြည့်မယ်။ အဲဒီကျတော့ အခြေအနေမှန်ကို သိရမှာပါ။ စပိန်အသင်းနဲ့ ပါဝင်နိုင်ဖို့ဆိုတာကတော့ အခြေအနေတွေက မရေရာသေးပါဘူး" ဟုရာမို့စ်က ပြောကြားခဲ့သည်။

ယင်းပွဲအရှုံးကြောင့် ရီးယဲလ်မှာ အမှတ်ပေးဇယားထိပ်မှ ဦးဆောင်ခွင့် ဆုံးရှုံးခဲ့ကာ နံပါတ်(၁)နေရာကို ဘာစီလိုနာအား လွှဲပြောင်းပေးခဲ့ရသည်။ **မေလှဲ့သင်း**



### လင်းဂတ်အား အင်္ဂလန်လက်ရွေးစင်အသင်းအတွက် မခေါ်ယူရန် ရှိုင်းဟော့ဆန်အား ဗန်ဟားလ်သတိပေး

မန်ယူလူငယ်ကစားသမား လင်းဂတ်မှာ အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ကစားရန် အဆင်သင့်အနေအထားမရှိသေးသောကြောင့် ရှိုင်းဟော့ဆန်အနေဖြင့် ၎င်းအား ရွေးချယ်ခြင်းမပြုသင့်ကြောင်း မန်ယူနည်းပြ ဗန်ဟားလ်က သတိပေးစကားပြောကြားခဲ့သည်။အသက်(၇)နှစ်အရွယ်ကတည်းက မန်ယူသို့ရောက်ရှိလာသူ လင်းဂတ်မှာ နည်းပြသုံးဦးလက်အောက်တွင် ကျင်လည်ခဲ့ရသော်လည်း ယခုနှစ်တွင်သာ ပုံမှန်ပွဲထွက်ခွင့်ရရှိခဲ့သူဖြစ်သည်။ ဗန်ဟားလ်က လင်းဂတ်မှာ ငယ်ရွယ်သေးပြီး အတွေ့အကြုံအားဖြင့်လည်း နည်းပါးသေးသည့်အတွက် အင်္ဂလန်လက်ရွေးစင်အသင်း၏ ကစားကွက် စမ်းသပ်ခံတစ်ဦး မဖြစ်စေလိုကြောင်း ဆိုခဲ့သည်။

လင်းဂတ်၏ ပုံစံကောင်းကို မန်ချက်စတာဒါဘီတွင် စတင်မြင်တွေ့ခဲ့ရပြီးနောက် စီအက်စ်ကေအေအသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်၌လည်းကောင်း၊ ဝက်စ်ဘရွန်းအား အနိုင်ရရှိခဲ့သည့်ပွဲတွင် ကိုယ်တိုင်ဂိုးသွင်းယူခဲ့ခြင်းဖြင့်လည်းကောင်း ဆက်လက်ပြသနိုင်ခဲ့သည်။ ထို့ကြောင့် ယခုကဲ့သို့သော ခြေစွမ်းတက်ရိပ်ရှိသော ကစားသမားများကို လက်ရွေးစင်အသင်းတွင် ခေါ်ယူနေရာပေးလေ့ရှိသော ရှိုင်းဟော့ဆန်အနေဖြင့် လင်းဂတ်အား ခေါ်ယူခြင်းမပြုရန် ဗန်ဟားလ်က သတိပေးစကားဆိုခဲ့ခြင်းဖြစ်သည်။

" လင်းဂတ်ဟာ အင်္ဂလန်အသင်းမှာ ဝင်ကစားဖို့အတွက် အချိန်စောလွန်းနေသေးတယ်လို့ ကျွန်တော်ပြောလိုပါတယ်။ သူ့ရဲ့ခြေစွမ်းတိုးတက်လာတဲ့အတွက် ကျေနပ်ပျော်ရွှင်မိပေမယ့် ဘယ်လောက်အထိဆက်တက်နေဦးမလဲဆိုတာ ကျွန်တော်တို့ စောင့်ကြည့်ရပါဦးမယ်" ဟု ဗန်ဟားလ်ကဆိုခဲ့သည်။

အမှန်စင်စစ် လင်းဂတ်မှာ အသက် (၂၂)နှစ် ရှိပြီဖြစ်သောကြောင့် ဟယ်ရီကိန်းနှင့်သက်တူရွယ်တူ ကစားသမားတစ်ဦးဖြစ်သလို ဒဲလ်အလီထက်လည်း သုံးနှစ်ကြီးသူဖြစ်၍ အင်္ဂလန်အသင်းအတွက် ဝင်ရောက်ကစားရန် အသက်အရွယ်ငယ်ရွယ်သူတစ်ဦးမဟုတ်ပေ။ ထို့ပြင် ဂျူဗင်တပ်၏ ကွင်းလယ်မောင်းနှင်အား ပေါလ်ပေါ့ဘာမှာလည်း လင်းဂတ်နှင့် အသက်တူပင်ဖြစ်သည်။

လင်းဂတ်မှာ မန်ယူကစားသမားအဖြစ် (၁၅)နှစ်တာကာလဖြတ်သန်းခဲ့ရသော်လည်း လက်စတာ၊ ဘာမင်ဂမ်၊ ဘရိုက်တန်နှင့် ဒါဘီကောင်တီတို့တွင် အငှားဖြင့်သာ ကစားနေခဲ့ရသူဖြစ်သည်။ ဗန်ဟားလ်က သူ့အား အမေရိကန်ခြေစမ်းပွဲခရီးစဉ်တွင် မန်ယူအသင်းနှင့်အတူ လိုက်ပါရန်ခေါ်ယူခဲ့ပြီးနောက် အိုးထရက်ဖို့ဒ်၌သာ ဆက်လက်ကစားရန် ခွင့်ပြုချက်ပေးခဲ့ခြင်းဖြစ်သည်။

**ရှိုင်းယန်ဟေဒင်**

### ပရီမီယာလိဂ်အသင်းပိုင်ရှင်များ စိတ်ရှည်မှုနည်းပါးသဖြင့် လူငယ်နည်းပြများရပ်တည်ရန်ခက်ခဲဟု ပယ်လီဂရီနီဝေဖန်

ပရီမီယာလိဂ်ကလပ်အသင်းပိုင်ရှင်များအနေဖြင့် စိတ်ရှည်သည်းခံမှုအားနည်းသောကြောင့် လူငယ်နည်းပြများအနေဖြင့် အင်္ဂလန်လိဂ်တွင် ရပ်တည်ရန်ခက်ခဲကြောင်း မန်စီးတီးနည်းပြ ပယ်လီဂရီနီက ဝေဖန်ပြောကြားလိုက်သည်။ ပယ်လီဂရီနီက ၎င်းအနေဖြင့် နေ့စဉ်ရက်ဆက်မော်ရင်ဟိုအား ထုတ်ပယ်တော့မည်ဆိုသည့် သတင်းများကိုသာဖတ်ရှုနေရပြီး ထို့အတွက်ကြောင့် စိတ်မသက်မသာခံစားရကြောင်း ဆိုခဲ့သည်။

ပယ်လီဂရီနီက မော်ရင်ဟိုမှာ ပြီးခဲ့သည့်နှစ်တွင် ချယ်လ်ဆီးအတွက် အကောင်းဆုံး စွမ်းဆောင်ပေးခဲ့သော်လည်း ယခုနှစ်၌ သူ၏စွမ်းဆောင်ချက်ကို အေဗရာမိုဗစ်ချ်မေ့လျော့သွားပြီဟု မော်ရင်ဟိုအပေါ် အားပေးစကား ပြောကြားခဲ့သည်။ မော်ရင်ဟိုမှာ သူ၏အရည်အသွေးကို မတူညီသည့် လိဂ်အသီးသီးတွင် ချန်ပီယံဆုရယူကာ ပြသခဲ့သော်လည်း ရလဒ်ဆိုးရရှိသည်နှင့်တစ်ပြိုင်နက် ထုတ်ပယ်ရန်အသင်းပိုင်ရှင်က ပြင်ဆင်နေခြင်းကြောင့် ပယ်လီဂရီနီက ယင်းကဲ့သို့ဆိုခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ၎င်း၏နေရာတွင်လည်း ဘိုင်ယန်နည်းပြ ဂွါဒီယိုလာအား အစားထိုးရန် ကြိုးပမ်းနေသော အသင်းပိုင်ရှင်များ၏ လုပ်ရပ်အပေါ် နားမလည်နိုင်ကြောင်းလည်း တစ်ဆက်ဆည်းပင်ဆိုခဲ့သည်။

ပယ်လီဂရီနီက "အခုဆိုပရီမီယာလိဂ်ကလပ်အသင်းပိုင်ရှင်တွေက ရလဒ်နည်းနည်းမကောင်းတာနဲ့ နည်းပြကို ထုတ်တော့တာပဲ။ ဒါ့ကြောင့် လူငယ်နည်းပြလေးတွေက ဒီလိဂ်မှာရပ်တည်ဖို့ ခဲယဉ်းနေပါပြီ။ အာစင်ဝင်းဂါးကိုသက်တမ်းအကြာကြီးခေါ်ယူထားတဲ့ အာဆင်နယ်ကျတော့ ရလဒ်တွေတည်ငြိမ်သလို တစ်နေ့တခြားတိုးတက်မှုတွေကို တွေ့နေရပါတယ်"ဟု ဆိုခဲ့သည်။

**ရှိုင်းယန်ဟေဒင်**



### အခုဆို လူကာကူက ပေါင် ၅၅ သန်း တန်ကြေးရှိပါတယ်

ပြီးခဲ့သည့်ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းမှ ရောင်းချခဲ့သော တိုက်စစ်မှူးလူကာကူ၏ လက်ရှိတန်ကြေးမှာပေါင်၅၅သန်းခန့်ပင်ရှိနေပြီဖြစ်ကြောင်း အဲဗာတန်နည်းပြမာတီနက်ဇ်က ပြောကြားခဲ့သည်။လူကာကူသည် ဝက်စ်ဟမ်းနှင့် တစ်ဂိုးစီ သရေကျခဲ့သော ပွဲစဉ်၌လည်း သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပရီမီယာလိဂ်သွင်းဂိုး ခုနစ်ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီဖြစ်ရာ သူ၏ အကောင်းဆုံးပုံစံကို တစ်ရာသီလုံး ဆက်လက်ထိန်းသိမ်းနိုင်ရန်မျှော်လင့်မိကြောင်းလည်း မာတီနက်ဇ်က ဆိုသည်။

ချယ်လ်ဆီးက ပြီးခဲ့သည့်နွေဈေးကွက်တွင် အဲဗာတန်နောက်ခံလူ ဂျွန်စတုန်းအားခေါ်ယူရန်တောက်လျှောက်ကြိုးပမ်းနေသော်လည်းကလပ်အသင်းမှမရောင်းချခဲ့သလို လူကာကူအား ပြန်လည်ခေါ်ယူရန် ကြိုးပမ်းနေရာ မာတီနက်ဇ်က လူကာကူ၏ လက်ရှိတန်ကြေးမှာ ပေါင် ၅၅ သန်းအထိမြင့်တက်လာခဲ့ပြီဖြစ်ကြောင်း ခေါ်ယူလိုသည့်အသင်းများအား သတိပေးစကားပြောကြားခဲ့ခြင်းဖြစ်သည်။

" ကျွန်တော့်ရဲ့ ကစားသမားဟာ အခုဆိုပေါင်၅၅သန်းလောက် တန်ကြေးရှိနေပါတယ်။သူက ၁၉၉၃မှာ တိုနီကော်တီရဲ့ တစ်ရာသီလုံးသွင်းဂိုး ၂၀ကိုကျော်ဖြတ်နိုင်မယ့် အလား အလာရှိနေတဲ့ အဲဗာတန်ကစားသမားပါ။ နောက်ဆို သူ့ကို ကမ္ဘာ့အကောင်းဆုံးကစားသမားအဖြစ် မြင်တွေ့လာရဦး မှာပါ" ဟု မာတီနက်ဇ်က ချီးကျူးစကားဆိုခဲ့သည်။

**မေလှဲ့သင်း**

အနုပညာ

# လတ်တလောမှာ ဝင်ငွေအကောင်းဆုံးဖြစ်နေတဲ့ ဂျိမ်းစ်ဘွန်းရုပ်ရှင်သစ်



ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းက စတင်ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်တွေထဲမှာ နာမည်ကျော်စုံထောက်ရုပ်ရှင်ဖြစ်တဲ့ ဂျိမ်းစ်ဘွန်းရုပ်ရှင် “Spectre” ဟာ လတ်တလောမှာ ဘောက်စ်အော့ဖစ်ရဲ့ ဝင်ငွေအများဆုံးရရှိခဲ့တဲ့ ရုပ်ရှင်စာရင်းမှာ ထိပ်ဆုံးက ရပ်တည်နေပါတယ်။

ယနေ့အထိ ယင်းရုပ်ရှင်ရဲ့လက်မှတ်ရောင်းရငွေဟာ အမေရိကန်ဒေါ်လာ ၇၃ သန်းကျော်ခဲ့ပြီ ဖြစ်ပါတယ်။

ယခုပြသခဲ့တဲ့ရုပ်ရှင် “Spectre” ဟာ ဂျိမ်းစ်ဘွန်းရုပ်ရှင်တွေထဲမှာ ဒုတိယမြောက် ဝင်ငွေအများဆုံးရရှိခဲ့တဲ့ ရုပ်ရှင်ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်က ရုံတင်ပြသခဲ့တဲ့ ဂျိမ်းစ်ဘွန်းရုပ်ရှင် “Skyfall” ဟာ ဝင်ငွေအမေရိကန်ဒေါ်လာ ၈၈ ဒသမ ၄ သန်းရရှိခဲ့ပြီး ဂျိမ်းစ်ဘွန်းရုပ်ရှင်များထဲမှာ ဝင်ငွေအကောင်းဆုံးရရှိခဲ့တဲ့ ရုပ်ရှင်ဖြစ်ပါတယ်။

“Spectre”ရဲ့နောက်မှာ ဒုတိယဝင်ငွေအများဆုံးရရှိခဲ့တဲ့ ရုပ်ရှင်ကတော့ ရုပ်သံဖန်တီးမှု 3Dကာတွန်းရုပ်ရှင် “Peanuts”ပဲ ဖြစ်ပါတယ်။ ယင်းရုပ်ရှင်အနေနဲ့ ဝင်ငွေအမေရိကန်ဒေါ်လာ ၄၅ သန်း ရရှိထားပါတယ်။ ယင်းရုပ်ရှင်ဟာ ဟာသရုပ်ရှင်အမျိုးအစားဖြစ်ပြီး ယခုပြသခဲ့တဲ့ရုပ်ရှင်မှာ အဓိကဇာတ်ဆောင်ဖြစ်တဲ့ ခွေးလေးစနူပီဟာ တက်ကြွတဲ့ ရော်ခ်စတားတစ်ဦးအဖြစ်ပါဝင်ထားပါတယ်။

အဆိုပါ “The Peanuts Movie” တွေရဲ့အစဖြစ်တဲ့ ဇာတ်ကောင်လေးစနူပီပါဝင်တဲ့ ရုပ်သံအစီအစဉ် “A Boy Named Charlie Brown”ကို ၁၉၆၃ ခုနှစ်လောက်က စတင်ထုတ်လွှင့်ခဲ့တာပါ။ ဂျိမ်းစ်ဘွန်းရုပ်ရှင်တွေဟာလည်း ၁၉၆၂ခုနှစ်က စတင်ပေါ်ထွက်ခဲ့တာမို့ ယခုနှစ်မှာတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကျော်ကတည်းက ထင်ရှားခဲ့တဲ့ ဇာတ်ကောင်တွေပါဝင်ခဲ့တဲ့ရုပ်ရှင်တွေ အောင်ပွဲခံတဲ့နှစ်လို့ ဆိုနိုင်ပါတယ်။



## မော်ဒယ်လ်လောကမှ အနားယူလိုက်ပြီဖြစ်တဲ့ ဂျစ်စဲလ်ဘူချန်၏ ဓာတ်ပုံစာအုပ်ထွက်ရှိ

ဘရားဇီးလူမျိုးထိပ်တန်းမော်ဒယ်လ်တစ်ဦးဖြစ်သည့် ဂျစ်စဲလ် ဘူချန်၏ အနုပညာသက်တမ်း အနှစ်(၂၀)အတွင်းက လှုပ်ရှားမှုပုံရိပ်များကို စုစည်းတင်ပြထားသည့် ဓာတ်ပုံစာအုပ်ကို ထုတ်လုပ်ဖြန့်ချိခဲ့ကြောင်း ဖောက်ဇ်နယူးစ်ဒေါ့ကွန်းက ဖော်ပြခဲ့သည်။

စာအုပ်မိတ်ဆက်ပွဲအခမ်းအနားကိုလည်း နိုဝင်ဘာ ၆ ရက်က ဘရာဇီးနိုင်ငံ ဆော်ပေါ်မြို့တွင် ပြုလုပ်ခဲ့ပြီးဖြစ်သည်။ အဆိုပါဓာတ်ပုံစာအုပ်ကို "Gisele" ဟု အမည်ပေးထားပြီး ယင်းစာအုပ်တွင် ဂျစ်စဲလ်၏ ဓာတ်ပုံပေါင်း ၃၀၀ ကျော် ပါဝင်သည်။

ပေါ်တူဂီဘာသာစကားနှင့် ထုတ်ဝေခဲ့သော ယင်းဓာတ်ပုံစာအုပ်ကို အမေရိကန်ဒေါ်လာ ၅၀၀ဖြင့် စတင်ရောင်းချလျက်ရှိသည်။

ဂျစ်စဲလ်သည် ပြီးခဲ့သည့် ဧပြီလမှစတင်ကာ မော်လ်ဒယ်ရှိုးလျှောက်ခြင်းမှ အနားယူခဲ့သည်။

## "Hello" တေးသီချင်းကို ပရိသတ်ရှေ့တွင် ပထမဦးဆုံးအကြိမ် ဖျော်ဖြေ

ဗြိတိန်ပေ့ါပ်အဆိုတော် အဒဲလ်ရဲ့အောင်မြင်မှုများစွာရရှိထားသော တေးအလ်ဘမ်သစ် “25” မှ “Hello”တေးသီချင်းကို နိုဝင်ဘာ ၇ရက်က ပြင်သစ်နိုင်ငံတွင် ပြုလုပ်ခဲ့သော NRJ တေးဂီတဆုပေးပွဲ၌ ပထမဦးဆုံးအကြိမ်အဖြစ် ပရိသတ်ရှေ့တွင် ဖျော်ဖြေခဲ့သည်။

ယခုဖျော်ဖြေပွဲသည် ပြီးခဲ့သည့်နှစ်နှစ်ကျော်ကာလအတွင်း ပထမဦးဆုံးပြန်လည်ပြုလုပ်ခဲ့သည့် အဒဲလ်၏ ဖျော်ဖြေမှုတစ်ရပ်လည်း ဖြစ်သည်။

ယင်းသီချင်းကိုဖျော်ဖြေနေစဉ်အတွင်း အဒဲလ်သည် ပြုံးချိုသောမျက်နှာတွင် နွေးထွေးသောအပြုံးကို ဆင်မြန်းထားခဲ့သည်။ သူ၏ထူးခြား ကောင်းမွန်သော အသံ၏ ဆွဲဆောင်ရာနောက်သို့ ပရိသတ်များစီးမျောလိုက်ပါခဲ့ပြီး သူ၏အသံကပင် အဒဲလ်အား အောင်မြင်သည့်အဆိုတော်တစ်ဦးအဖြစ် ယနေ့အချိန်အထိ ရပ်တည်နိုင်စေခဲ့ခြင်းဖြစ်သည်။

အဒဲလ်၏ တေးအယ်လ်ဘမ်သစ် “25” ကို နိုဝင်ဘာ ၂၀ ရက်၌ အပြီးသတ်ထုတ်လုပ်သွားမည်ဖြစ်ကာ တေးအယ်လ်ဘမ်ထွက်ရှိရန် အချိန်နှောင့်နှေးခဲ့ရခြင်းအတွက် အဒဲလ်က ပရိသတ်အား အွန်လိုင်းမှတစ်ဆင့် တောင်းပန်ခဲ့သည်။ ထို့ပြင်သူက ပရိသတ်အား ယခုထွက်ရှိမည့်တေးအယ်လ်ဘမ်ကိုသူ့အနေဖြင့် အထူးကြိုးစားဖန်တီးထားပြီး ထွက်ရှိခဲ့သမျှသော သူ၏တေးအယ်လ်ဘမ်များအနက် အကောင်းဆုံးသော တေးအယ်လ်ဘမ်ဖြစ်လာလိမ့်မည်ဟုလည်း အာမခံခဲ့သည်။

အေးပြည့် - ရေးသားသည်



## လက်ထပ်သွားပြီဖြစ်တဲ့ မင်းသမီး ဟန်ဂရို

တောင်ကိုရီးယားမင်းသမီးချော ဟန်ဂရိုဟာ နိုဝင်ဘာ ၈ ရက် တနင်္ဂနွေနေ့က ဆိုးလ်မှရှိတဲ့ ရက်ထ်ဟော်တယ်မှာ လက်ထပ်ပွဲကျင်းပခဲ့တယ်လို့ ဟန်စင်းနီးမားဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

မင်္ဂလာပွဲမှ ဓာတ်ပုံများကိုလည်းထုတ်ဖော်ပြသခဲ့ရာ ယင်းဓာတ်ပုံများမှာ မင်းသမီးဟာ အဖြူရောင် သတို့သမီးဝတ်စုံလေးဖြင့် လှပနေပါတယ်။ သတို့သားဟာ မင်းသမီးထက် အသက်အရွယ်အားဖြင့် ကိုးနှစ်ခန့်ပိုကြီးပေမယ့် ခန့်ညားတဲ့သူတစ်ဦးဖြစ်တာမို့ တကယ့်ကို လိုက်ဖက်ညီလှပါတယ်။

မင်းသမီးဟာ သူ့ရဲ့မင်္ဂလာသတင်းနဲ့ပတ်သက်ပြီး ပြီးခဲ့တဲ့လကတည်း ပရိသတ်ကို မီဒီယာတွေကနေတစ်ဆင့် ထုတ်ဖော်အသိပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။

သူ့ရဲ့မင်္ဂလာပွဲနှင့်ပတ်သက်ပြီး ဟန်ဂရိုက “ကျွန်မနဲ့ ချစ်သူတွေအဖြစ်လက်တွဲခဲ့ကြတာ တစ်နှစ်လောက်ကြာမှ ကျွန်မသူ့ကို လက်ထပ်ဖို့ဆုံးဖြတ်ခဲ့တာပါ။ သူကကျွန်မကို သိပ်ချစ်တယ်လို့ခံစားရလို့ လက်ထပ်ဖြစ်ခဲ့တာ။ ကျွန်မအသက်အရွယ်အရဆိုရင် လက်ထပ်ဖို့က ငယ်သေးပါတယ်။ ရှေ့ဆက်လုပ်ဆောင်ဖို့ အနုပညာလှုပ်ရှားမှုတွေကလည်း ရှိသေးတယ်။ ဒါပေမယ့် လက်ထပ်တယ်ဆိုတာကလည်း အချိန်ကိုက်လုပ်ဆောင်ရတဲ့ကိစ္စဆိုတော့ အချိန်အခါသင့်တုန်း လက်ထပ်ခဲ့တာပါ”လို့ ဖွင့်ဟခဲ့ပါတယ်။

အဆိုပါမင်္ဂလာပွဲကို အခြားသောအနုပညာရှင်များဖြစ်ကြတဲ့ ဟန်ချေအ၊ ရှင်စိုးယူ၊ ကင်ဟွန်ဆွတ်၊ ဂျက်စီ၊ ဂျီအွန်မီရာ၊ ပ့ါခ်ဂျိုရို၊ ချွိုင်ယိုဂျင်နဲ့ “ Real Men” ရုပ်သံအစီအစဉ်မှာ ပါဝင်တင်ဆက်နေတဲ့ အနုပညာရှင်များ တက်ရောက်ခဲ့ကြပါတယ်။

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၀ - ၁၁ -၂၀၁၅ (အင်္ဂါနေ့)]

### MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+မေတ္တာသုတ် |
| ၅း၄၀ | “ပဋိစ္စသမုပ္ပါဒ်တရားနှင့် ဝိပဿနာ အခြေခံသင်တန်း” (အပိုင်း-၁) တရားတော် [ဆရာတော် အရှင်ဝိသေဒ္ဓ(ဓမ္မာစရိယ)] |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (တတိယအကြိမ်မြောက် “ဂုဏ်ယူဝင့်ကြွား မြန်မာ့စားသောက်ကုန်များ” အထူးအရောင်းမြှင့်တင်ခြင်း အခမ်းအနား) |
| ၈း၀၀ | Cartoon Series (English Playground) |
| ၈း၄၀ | ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ |
| ၉း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မျဉ်းပြိုင်ကြားကမေတ္တာများ” (အပိုင်း-၃၀) |
| ၉း၄၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၁၀ | ခေတ်သစ်ပျိုမေ |
| ၁၁း၀၅ | သွားမယ်စားမယ် (Winner Hot Pot) |
| ၁၁း၂၅ | Forever Music Tribute Jazz (အပိုင်း-၁) ဒုတိယပိုင်း |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း” (အပိုင်း-၉၀) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "Flowers & Butterflies" |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အကြင်နာလက်ကလေး” (အပိုင်း-၆) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အကြင်နာလက်ကလေး” (အပိုင်း-၇) |
| ၈း၁၀ | ရသစုံညွန့်တမ်းများ |
| ၈း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မျဉ်းပြိုင်ကြားကမေတ္တာများ” (အပိုင်း-၃၁) |
| ၉း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း” (အပိုင်း-၉၁) |
| ၉း၄၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၁၀ | MRTV-4 Stage |
| ၁၀း၃၀ | World Of Knowledge (Ghost Ship:Resurrection) |
| ၄း၃၅ | တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ (ဆုတောင်းပြည့် ကျိုက္ခမီ ရေလယ်ဘုရား) |

### မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၅ | မေတ္တာပို့ |
| ၆း၂၀ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၅၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၀ | စိုက်ပျိုးသုတ |
| ၈း၂၅ | မြတ်နိုးစရာရိုးရာလက်မှုပညာ |
| ၈း၃၅ | ခရီးလည်းသွားစကားလည်းဆို |
| ၉း၀၀ | တည်ဆောက်ပြုပြင် မြို့တော်တစ်ခွင် |
| ၄း၂၅ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄း၃၅ | အင်္ဂလိပ်စာသုတ |
| ၅း၀၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၁၅ | သူတို့အကြောင်း |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ထဝင်မြောက်အမုန်း (အပိုင်း-၇၁) |
| ၆း၁၀ | Let's Go |
| ၆း၃၅ | Dream Team |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရင်နှစ်သီးခြာချစ်လိပ်ပြာ (အပိုင်း-၃၆) - VOA အင်္ဂလိပ်စာသင်ခန်းစာ - ဟာသရုပ်စုံ - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဘဝသစ်ရဲ့အလင်းရောင် (အပိုင်း-၁) |

### mitv

| | |
|---|---|
| 07:03 | News |
| 07:24 | Insight Myanmar "Inclusive Education" |
| 07:52 | Yangon Markets: Nyaung Pin Lay Market |
| 08:03 | News |
| 08:26 | On the River |
| 08:47 | A Pilgrimage To Prominent Pagoda In Minbu |
| 08:53 | Today Myanmar "Scraps to Products" |
| 09:03 | News |
| 09:26 | The Strokes of Myanmar |
| 09:51 | Thin Byu Mat |
| 10:03 | News |
| 10:26 | Entrepreneur "U Than Myint" |
| 10:34 | Caves of Myanmar |
| 06:25 | Let's Cook (EP-9) Crispy Deep-Fried Calamari Rings with Tartar Sauce & Apple Mint Mojito & Blue Lagoon Mocktails |
| 06:52 | Entrepreneur "U Than Myint" |
| 07:03 | News |
| 07:26 | A Day Out With Sarah (EP-7) |
| 07:52 | Graffiti: Portraiture |
| 08:03 | News |
| 08:26 | " Discovering Tribes Pre Kayaw: Their Life and Customs (Part- I) |
| 08:52 | " Nang |

# Forland ယာဉ်နှင့် သုံးဘီးဆိုင်ကယ်တို့ ချိတ်မိ၍ သုံးဘီးဆိုင်ကယ်တိမ်းမှောက်ကာ သေဆုံး/ဒဏ်ရာရ

**နေပြည်တော် နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် တပ်ကုန်းကျေးရွာအနီး နေပြည်တော်-ကံပြားကားလမ်း မိုင်တိုင်အမှတ် (၅၂/၂-၃)ကြားတွင် နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီက ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ မြို့သစ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ မြို့သစ်မြို့နယ် အုန်းပင်စုကျေးရွာနေ လှိုင်မင်းဦးမောင်းနှင်လာသော 7J/---- Forland ယာဉ်မှာ ရှေ့မှ နတ်မောက်မြို့နယ် ရွာသစ်ကျေးရွာနေ သိန်းသန်းဌေးမောင်းနှင်နေသည့် ၈ဟ/---- သုံးဘီးဆိုင်ကယ်အား ကျော်တက်စဉ် ယာဉ်၏နောက်ပိုင်းဖြင့် သုံးဘီးဆိုင်ကယ်၏ ဝဲဘက်ခြမ်းအား ပွတ်တိုက်မိခဲ့သည်။

ထိုသို့တိုက်မိသဖြင့် သုံးဘီးဆိုင်ကယ်မှာ လမ်းယာဘက်ခြမ်းသို့ လဲကျတိမ်းမှောက်ခဲ့ပြီး သုံးဘီးဆိုင်ကယ်ပေါ်တွင် လိုက်ပါလာသူ ၁၁ ဦးအနက် တောင်တွင်းကြီးမြို့ ရွှေအိုး(၁)ရပ်ကွက်နေ မအေးချမ်းမြေ့(၁ နှစ် ၇ လ)တွင် ဒဏ်ရာများရရှိသေဆုံးသွားခဲ့ပြီး နတ်မောက်မြို့နယ် ရွာသစ်ကျေးရွာနေ မအေးအေးသင်းပါ ၁၀ဦးတို့တွင် ဒဏ်ရာများအသီးသီးရရှိခဲ့သဖြင့် ယာဉ်မောင်း လှိုင်မင်းဦးအား မြို့သစ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



# နမ္မတူမြို့တွင် ဝါယာရှော့ဖြစ်ရာမှ နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွား

**နမ္မတူ နိုဝင်ဘာ ၉**

ရှမ်းပြည်နယ် ကျောက်မဲခရိုင် နမ္မတူမြို့နယ် မြန်မာ့သတ္တုတွင်းလုပ်ငန်းပိုင်နယ်မြေ၌ ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်ခန့်က အိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါအိမ်သည် မြန်မာ့သတ္တုတွင်းလုပ်ငန်းပိုင် ဝန်ထမ်းအိမ်ရာဖြစ်ပြီး ဒေါ်တင်တင်မိုး(ဝင်းမြင့်ဗိုလ်ကုမ္ပဏီ) ဝန်ထမ်းများနေထိုင်သော ပျဉ်ထောင်၊ သွပ်မိုး၊ လေးပင်တစ်ထပ် လုံးချင်းအိမ်ဖြစ်သည်။ ဝါယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူအသေအပျောက်မရှိကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ ဒေါ်တင်တင်မိုးအား နမ္မတူမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မြင့်အောင်)**

# သံဖြူဇရပ်-ရေးကားလမ်းပေါ်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား သုံးဦးသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရ

**သံဖြူဇရပ် နိုဝင်ဘာ ၉**

သံဖြူဇရပ်နှင့် ရေးကားလမ်းရှိ မိုင်တိုင်အမှတ်(၄၈/၁)နှင့် (၄၈/၂) အကြားတွင် နိုဝင်ဘာ ၈ ရက်က ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားရာ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး တစ်ဦးသေဆုံးခဲ့ပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ်၌ နိုဝင်ဘာ ၈ ရက် နံနက် ၈ နာရီခွဲက ဝဲဝင်ကရာကျေးရွာအုပ်စု ဖဲပဒေါါကျေးရွာမှ ဝဲဘိုးတောင်ကျေးရွာ လာရောက်စဉ် ဦးထွန်းရှိန် ဝဲဘိုးတောင်ကျေးရွာနေသူ မောင်းနှင် လာသောယာဉ်သည် သံဖြူဇရပ်နှင့် ရေးကားလမ်းရှိ မိုင်တိုင်အမှတ် (၄၈/ ၁)နှင့်(၄၈/ ၂) အကြားတွင် တိမ်းမှောက်မှု ဖြစ်ပွားခဲ့ရာ ယာဉ်ပေါ်တွင်လိုက်ပါ လာသော အမျိုးသားလေးဦးနှင့် အမျိုးသမီးခုနစ်ဦး စုစုပေါင်း ၁၁ ဦး ဒဏ်ရာရရှိပြီး အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။ ဒဏ်ရာရရှိသူ ၁၁ ဦးအား သံဖြူဇရပ်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

■

# ရေတာရှည်မြို့နယ်၌ တစ်လင်တစ်မယားဥပဒေဖြင့် အမှုဖွင့်

**ရေတာရှည် နိုဝင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ချစ်သူနှင့် ခိုးရာလိုက်ပြေးခဲ့ပြီး နှစ်ဖက်မိဘများ၏ သဘောတူခွင့်ပြုချက်ဖြင့် မင်္ဂလာဆောင်မည့်နေ့ရက် သတ်မှတ်ပြီးကာမှ မိန်းကလေးဖြစ်သူက နောက်ယောကျ်ားနှင့် လိုက်ပြေးသွားခဲ့သည့်အတွက် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေဖြင့် အရေးယူပေးရန်တိုင်တန်းခဲ့သောအမှုတစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရေတာရှည်မြို့နယ် သိုင်းဝကျေးရွာအုပ်စု ကမ်းပါးနီကျေးရွာနေ မောင်------(၂၀)နှစ်သည် တစ်ရွာတည်းနေ မ------(၂၁)နှစ်နှင့် လွန်ခဲ့သော သုံးနှစ်ခန့်ကတည်းက လူငယ်ချင်းမေတ္တာမျှကာ အောက်တိုဘာ ၁၃ ရက် ည ၉ နာရီတွင် လယ်ဝေးမြို့နယ် ရေအိုးစင်ကျေးရွာရှိ ဒေါ်မြင့်မြင့်၏ နေအိမ်သို့ ခိုးပြေးသွားခဲ့သည်။

အဆိုပါကျေးရွာသို့ ရောက်ရှိပြီးနောက်တစ်နေ့တွင် ကျေးရွာအုပ်ချုပ်မှုးနှင့် ရပ်မိရပ်ဖများရှေ့၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းနောက် ကမ်းပါးနီကျေးရွာမှ မိဘဆွေမျိုးများက နှစ်ဖက်သဘောတူညီ၍ မင်္ဂလာဆောင်ပေးမည်ဖြစ်ကြောင်း လိုက်လံခေါ်ယူခဲ့သည့်အတွက် ရွာသို့ပြန်လာခဲ့ကြပြီး မိန်းကလေးအား ဆွေမျိုးများနှင့်အတူ မိခင်ဖြစ်သူထံ ပြန်လည်အပ်နှံကာ မင်္ဂလာနေ့ရက်ကို သတ်မှတ်ရွေးချယ်ခဲ့ကြသည်။ မင်္ဂလာနေ့ရက် သတ်မှတ်ပြီးနောက် အောက်တိုဘာ ၁၅ ရက် ည ၉ နာရီခန့်တွင် မ-----ပျောက်ဆုံးနေကြောင်း ၎င်း၏မိခင်ဖြစ်သူက လာရောက်ပြောပြသဖြင့် လိုက်လံရှာဖွေခဲ့ရာ မတွေ့ရှိရဘဲ နောက်ရက်များ၌ ဆွာမင်းလမ်းကျေးရွာအုပ်စု စိမ့်ဝိုင်းကျေးရွာနေ မောင်--------ဆိုသူနှင့် ခိုးရာလိုက်ပြေး၍ လင်မယားအဖြစ် ပေါင်းသင်းနေကြောင်းတွေ့ရှိရသည့်အတွက် ခင်ပွန်းလောင်းဖြစ်သူ မောင်------က တရားလိုပြုလုပ်ပြီး နိုဝင်ဘာ ၅ ရက်က ဆွာနယ်မြေရဲစခန်းတွင် အမှုဖွင့်တိုင်တန်းခဲ့ရာ ရဲစခန်းက တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေဖြင့်အမှုဖွင့်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

□□□

# လိုင်စင်မဲ့အမဲသား ပိဿာ ၄၀၀ ကျော် စကားအင်းအဝိုင်း၌ သိမ်းဆည်းရမိ

**မန္တလေး နိုဝင်ဘာ ၉**

ရန်ကုန်-မန္တလေးအမြန်လမ်း စကားအင်းအဝိုင်းတွင် နိုဝင်ဘာ ၅ရက်က လိုင်စင်မဲ့အမဲသား ပိဿာ၄၀၀ ကျော် သိမ်းဆည်းရမိကြောင်း သိရသည်။

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် နယ်မြေရဲစခန်းမှ ဒုရဲအုပ်အောင်ဇင်ဦးနှင့်အဖွဲ့သည် နိုဝင်ဘာ ၅ ရက် နံနက် ၄ နာရီခွဲက သတင်းအရ ရန်ကုန်-မန္တလေးအမြန်လမ်း စကားအင်းအဝိုင်းတွင် မိတ္ထီလာမှမန္တလေးသို့ မောင်းနှင်လာသော ဟွန်ဒိုင်းယာဉ်အား ရပ်တန့်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ ယာဉ်မောင်း အောင်အောင် ချမ်းမြသာစည်တောင်ရပ် ချမ်းမြသာစည်မြို့နယ်နှင့် တစ်ရပ်ကွက်တည်းနေ ဇော်ဇော်လင်းတို့နှင့် အတူ ယာဉ်ပေါ်တွင် လိုင်စင်မဲ့ အမဲသား ပိဿာ ၄၀၀ ခန့်တွေ့ရှိသဖြင့် တံတားဦးမြို့ စည်ပင်သာယာရေးအဖွဲ့က တိုင်တန်း၍ ၎င်းတို့နှစ်ဦးအား အရေးယူထားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# မသင်္ကာသူအား ခေါ်ယူစစ်ဆေးရာမှ ငွေကျပ်သိန်း ၁၅၀ ခိုးမှုပေါ်

**နေပြည်တော် နိုဝင်ဘာ ၉**

နေပြည်တော် လယ်ဝေးမြို့နယ် အမှတ်(၆)ရပ်ကွက်၌ တည်းခိုနေထိုင်သူတစ်ဦးအား နိုဝင်ဘာ ၇ ရက်က ခေါ်ယူစစ်ဆေးရာ ငွေကျပ်သိန်း ၁၅၀ ခိုးမှုပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

နေပြည်တော် လယ်ဝေးမြို့နယ် အမှတ်(၆)ရပ်ကွက်နေ ဆိုင်ကယ်ကယ်ရီမောင်းနှင်သူ ကိုဝင်းဇော်စိုး၏ နေအိမ်သို့ ရောက်ရှိတည်းခိုနေသည့် ရှမ်းပြည်နယ် ရွှေညောင်မြို့ မိုင်းတောက်ရပ်ကွက်နေ စိမ်းရောင်စိုးအား မသင်္ကာ၍ နိုဝင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီက လယ်ဝေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ခေါ်ယူစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးချက်အရ စိမ်းရောင်စိုးသည် အောက်တိုဘာ နောက်ဆုံးပတ်က မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ ၎င်းအလုပ်လုပ်ကိုင်နေသည့် အလုပ်ရှင်ထံမှ ငွေကျပ်သိန်း ၁၅၀ ကိုခိုးယူကာ မန္တလေးမြို့ပေါ်ရှိ တည်းခိုခန်းတစ်ခု၌ တည်းခိုပြီး သုံးဖြုန်းခဲ့ကြောင်း၊ ထို့နောက် ဖခင်ဖြစ်သူ၏ မိတ်ဆွေအား ရှာဖွေရန် နိုဝင်ဘာ ၂ ရက်က လယ်ဝေးမြို့သို့ ရောက်ရှိခဲ့ပြီး ကိုဝင်းဇော်စိုး၏ ဆိုင်ကယ်အား ငှားရမ်း၍ လိုက်လံရှာဖွေသော်လည်း မတွေ့သဖြင့် ကိုဝင်းဇော်စိုး၏နေအိမ်၌ ခေတ္တတည်းခိုနေထိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကျန်ရှိသည့်ငွေများအား သိမ်းဆည်းထားကြောင်း သိရသဖြင့် သွားရောက်ရှာဖွေခဲ့ရာ ကိုဝင်းဇော်စိုး၏နေအိမ်ရှိ ၎င်း၏ လက်ဆွဲအိတ်အတွင်းမှ ငွေကျပ် ၅၂၉၀၀၀၀၊ လက်ကိုင်ဖုန်း နှစ်လုံးနှင့် ခိုးယူရရှိသည့်ငွေဖြင့် ဝယ်ထားသည့် ၄၈ယ/---- Loujia-125 ဆိုင်ကယ်တစ်စီးတို့အားတွေ့ရှိ၍ သိမ်းဆည်းကာ ၎င်းအား လယ်ဝေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# တခြားသူ၏ မဲဆန္ဒရှင်သက်သေခံလက်မှတ်ကိုယူဆောင်၍ မဲဆန္ဒပြုသူ ဥပဒေအရ အရေးယူခံရ

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်(အရှေ့ပိုင်းခရိုင်)ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒပြုမဲရုံသို့ တခြားသူ၏ မဲဆန္ဒရှင်သက်သေခံလက်မှတ်ကို ယူဆောင်၍ မဲဆန္ဒပြုသူအား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၈ ရက် နံနက်၈နာရီခွဲခန့်က (၈၇)ရပ်ကွက် အောင်မေတ္တာလမ်း(ကျူး)တွင် နေထိုင်သူ ဒေါ်အေးမြင့်(၆၈)နှစ်သည် မေတ္တာလမ်းနေ ဒေါ်ခင်မို့မို့အေး(၂၂)နှစ်၏ မဲဆန္ဒရှင် ဆန္ဒပြုသက်သေခံလက်မှတ် အမှတ်စဉ်(၈၁၉)ကို ကိုင်ဆောင်၍ (၈၇)ရပ်ကွက် ဆန္ဒပြုမဲရုံအမှတ်(၁)သို့ လာရောက်ပြီး မဲဆန္ဒပြုသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် အမှတ်(၁)မဲရုံမှူးက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲတပ်ဖွဲ့စခန်းသို့ တိုင်ကြားခဲ့သည်။

(၈၇)ရပ်ကွက် ဆန္ဒပြုမဲရုံအမှတ်(၁)သို့ လာရောက်ပြီး အယောင်ဆောင်၍ မဲဆန္ဒပြုသူ ဒေါ်အေးမြင့်ကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲတပ်ဖွဲ့စခန်း က ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပုဒ်မ ၅၉(ဇ)အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(၅၁၂)**

## နွားများ တရားမဝင် သယ်ဆောင်လာသူများအား အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် တောင်ဘလူကျေးရွာအနီး ဧရာဝတီမြစ်ကမ်းဘေးတွင် နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီခွဲက နွားများတရားမဝင်သယ်ဆောင်လာကြောင်းသတင်းအရ ချောက်မြို့နယ်ရဲတပ်ဖွဲ့ မှူးရုံးမှ တပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေရာ စလင်းမြို့နယ် အင်ကြင်းပင်လှကျေးရွာနေသူများဖြစ်သည့် သိန်းလှိုင်(၃၈)နှစ်၊ ဇော်လင်းနိုင်(၂၈)နှစ်၊ မောင်ကို(၃၃)နှစ်၊ မောင်တူး(၃၀)နှစ်နှင့် ဂွင်ကျင်းကျေးရွာနေ ကြည်လှိုင်(၄၀)နှစ်တို့အား နွားထီး ၂၅ ကောင်၊ နွားမ တစ်ကောင် စုစုပေါင်း ၂၆ ကောင်တို့နှင့်အတူ တွေ့ရှိရပြီး အဆိုပါနွားများအား ခွင့်ပြုချက်အထောက်အထားတစ်စုံတစ်ရာမပါဘဲ သယ်ဆောင်လာခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရ၍ သိန်းလှိုင်ပါ၊ငါးဦးအား စလေနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**




# ကြေးမုံစာအုပ်စင်စာအုပ်အမြင် (မော်ကွန်း)


**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**



## စုံပွင့်စုံပေါက်ပဌာန်းနှင့် ပဌာန်းဒါန အဓိဋ္ဌာန်ကျင့်စဉ်

နေသူရိန်စီစဉ်ပူဇော်သည့် စုံပွင့်စုံပေါက်ပဌာန်းနှင့် ပဌာန်းဒါန အဓိဋ္ဌာန်ကျင့်စဉ်စာအုပ်ထွက်ရှိလာပါသည်။ ဤစာအုပ်လေးသည် ဓမ္မလက်ဆောင်ပေးလိုသူများအတွက် အကောင်းဆုံးစာအုပ်တစ်အုပ်ဖြစ်ပါသည်။ အိပ်ဆောင်စာအုပ်ငယ်ဖြစ်၍ မိမိသွားလိုသည့်နေရာများကို ယူဆောင်၍ ရွတ်ဖတ်ပူဇော်နိုင်ပါသည်။ ဤစာအုပ်လေးတွင် စုံပွင့်စုံပေါက်ပဌာန်းသည် မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ကိုးပါးနှင့် ပဌာန်း ၂၄ ပစ္စည်းတို့အား ပူးတွဲရွတ်ပွားပူဇော်ရသော ကျင့်စဉ်ဖြစ်ပါသည်။ ပဌာန်းဒါနသည် အလွန်ထိရောက်ပြီး အလွန်လူသိနည်းသည့် အကျိုးပေးမြန်စေသော ကျင့်စဉ်ဖြစ်ပါသည်။

ဤစာအုပ်ကို မဇ္ဈိမစာပေ အမှတ်-၂၃၇၊ ပထမထပ်(ဝဲ)၊ ၃၉-လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုးငွေကျပ် ၃၀၀ ဖြင့် ဖြန်ချိထားပါသည်။



## ချင်းရောင်ခြည်အမှတ်စဉ် ၁၂

ချင်းဗုဒ္ဓသာသနာပါလကအဖွဲ့က သုံးလတစ်ကြိမ်စီစဉ်ထုတ်ဝေသော ချင်းရောင်ခြည် ဗုဒ္ဓဓမ္မမဂ္ဂဇင်း အမှတ်စဉ် -၁၁ ထွက်ရှိလာသည်။

မဂ္ဂဇင်းမျက်နှာဖုံးပုံမှာ ချင်းပြည်နယ် မင်းတပ်မြို့ရှိ ရွှေတိဂုံပုံတူ သာသနာအလင်းရောင်စေတီတော်ဖြစ်၏။ ကျောဖုံးတွင် ချင်းပါလာက အဖွဲ့ကို ဩဝါဒပေးခဲ့ကြသော မော်လမြိုင် ဓမ္မပါလကျောင်းတိုက် ဆရာတော် ဦးနန္ဒမာလာနှင့် မော်လမြိုင် မဟာမြိုင်စာသင်တိုက်မှ ဟိတဓရဆရာတော်အရှင် ဝိမလာဘိဝံသပုံတို့ကို ပူဇော်ထားသည်။ မဂ္ဂဇင်းတွင် ချင်းလူမျိုးများ ဗုဒ္ဓဘာသာထွန်းကားရေးဆိုင်ရာ စာမူများနှင့် ဗုဒ္ဓဓမ္မဆိုင်ရာ စာမူများပါရှိသည်။

မဂ္ဂဇင်းကို အမှတ် ၇၄ ကျွန်းတောလမ်း၊ စမ်းချောင်း ဖုန်း ၀၁-၅၀၀၇၃၅၊ ၀၉-၃၀၀၀၄၉၇၄ တို့က ဖြန့်ချိထားသည်။ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၄၀၀ ဖြင့် ဖြန့်ချိပါသည်။



## ရေနံနိုင်ငံရေး၊ ရေနံစီးပွားရေးနှင့် မြန်မာ့ရေနံသမိုင်း

ပန်းတနော်-ခင်မောင်မြင့် ရေးသားပြုစုသည့် "ရေနံနိုင်ငံရေး၊ ရေနံစီးပွားရေးနှင့် မြန်မာ့ရေနံသမိုင်း" စာအုပ်ထွက်ရှိလာပါသည်။

အဆိုပါ စာအုပ်တွင် မြန်မာနိုင်ငံ၏ အဖိုးတန်သယံဇာတတစ်မျိုးဖြစ်သော "ရေနံ" ကိုစတင်တွေ့ရှိခဲ့သော ရှေးပုဂံခေတ်က အထောက်အထား ကုန်းဘောင်မင်းဆက်မင်းတုန်းမင်းကြီးလက်ထက် ရေနံရောင်းဝယ်ဖောက်ကားမှု၊ မြန်မာတို့၏ "တွင်းရိုး-တွင်းစား" မျိုးရိုးများအကြောင်း၊ BOC ကုမ္ပဏီမှ မြန်မာ့ရေနံကို စတင်ထုတ်ယူပုံ၊ ကမ္ဘာတွင် ပထမဆုံးရေနံအထွက်ဆုံးနိုင်ငံအဖြစ်မှ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ရေနံမြေတစ်ခုလုံးဖျက်ဆီးခံခဲ့ရပုံများ၊ ရေနံမြေသပိတ်နှင့် ဘီအိုစီကုမ္ပဏီ၏ အမြတ်ထုတ်ပုံ၊ စစ်ပြီးခေတ်ရေနံမြေပြန်လည်ထူထောင်ရေးများကို အသေးစိတ်ရေးသားဖော်ပြထားပါသည်။

ထို့ပြင် မြန်မာ့ရေနံမြေ၏ ဘူမိဗေဒအနေအထားနှင့် ရှေးအလားအလာများ၊ မြန်မာ့ကုန်းတွင်းသဘာဝဓာတ်ငွေ့ ထုတ်ယူသုံးစွဲမှုများ၊ မြန်မာ့ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ အလားအလာများအား ဖော်ပြထားသည်။

ထို့ပြင် "ရေနံလက်နက်" ဖြင့် ကမ္ဘာကြီးကိုခြိမ်းခြောက်နေပုံများနှင့် ယနေ့နောက်ဆုံး ယူကရိန်းနိုင်ငံ အခြေအနေများကိုလည်းကောင်း ရေနံသည်နိုင်ငံရေးလက်နက်၊ စီးပွားရေးလက်နက်ဖြင့်မည်ကဲ့သို့ အသုံးဝင်ပုံကို ရေးသားဖော်ပြထားပါသည်။

အဆိုပါ စာအုပ်ကို ဖွန်ပန်းမွှေးမွှေးစာပေတိုက်မှ ထုတ်ဝေပြီး မျိုးဆက်သစ်စာပေ ပုဇွန်တောင်မြို့နယ်မှ တစ်ပြည်လုံးကို တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိပါသည်။



## ဘယ်လိုလုပ်ကြမလဲ

စာရေးဆရာချစ်နိုင်(စိတ်ပညာ)၏ ပြည်မြန်မာ၊ မြန်မာ့အလင်း၊ ကြေးမုံ၊ ရတနာပုံစသည့် သတင်းစာများတွင် ရေးသားခဲ့သည့် အကျိုးပြုလက်ရွေးစင် ဆောင်းပါးများကို "ဘယ်လိုလုပ်ကြမလဲ"အမည်ဖြင့် စုစည်းထုတ်ဝေသည်။

ဆရာချစ်နိုင်သည် သတင်းစာအသက် တစ်မနက်ဟူသော စကားအရ တစ်ရက်တာအတွက်သာ သတင်းစာမဖတ်သူကို အသိပေးရုံမျှမက ထပ်မံ၍ ပြန်လည်ဖတ်ရှုပါကလည်း အချိန်ကာလမည်မျှကြာစေကာမူ မှန်သော ကောင်းသောအကြောင်းအရာမျိုးကို ရေးသားလေ့ရှိသူဖြစ်ပေသည်။ ရေရှည်အကျိုးအတွက် ရေးတတ်သူ၊ လူငယ်နှင့် နိုင်ငံရေး၊ စစ်မှန်တဲ့အောင်မြင်မှု၊ တန်ဖိုးအရှိဆုံးအရာ၊ အဓိကနှင့်သာမည၊ စာရိတ္တစွမ်းအားစသော ဆောင်းပါးများသည် ဘယ်အချိန်ဖတ်ဖတ် မရိုးနိုင်ချေ။

ချစ်သောမျက်စိဖြင့် ကြည့်ပါ။ မေတ္တာဖြင့်ဖွဲ့နှောင်းသောအရပ်၊ ယူသူလေး၍ ပေးသူပေါ့ပါး၏ အစရှိသည့် ဆောင်းပါးများသည် စာဖတ်သူအား စိတ်ဝင်စားအောင်ဆွဲဆောင်ပြီး ဖတ်ချင့်စဖွယ်ရှိသော တင်ပြပုံမျိုးဖြစ်လေသည်။

ဆောင်းပါးကောင်း ၁၀ ပုဒ်ကို လက်ရွေးစင် တစ်စုတစ်စည်းတည်းဖတ်ရှုသိမ်းဆည်းနိုင်ရန် SMART စမတ်စာပေက တန်ဖိုး ၂၂၀၀ ကျပ်ဖြင့် ပုံနှိပ်ထုတ်ဝေသည်။




## ထာဝရဆေး

မင်းကျော်ဝေရေးသားသည့်"ထာဝရဆေး"အမည်ရှိစာအုပ်ထုတ်ဝေပြီဖြစ်သည်။

"ထာဝရဆေးဆိုသည်မှာ ကမ္ဘာမြေကြီးရဲ့ ဘယ်နေရာမှာမဆိုရနိုင်ရမယ်။ အလွယ်တကူရှာလို့ရရမယ်။ ဝယ်ရင်လည်းဈေးပေါရမယ်။ ကိုယ်တိုင်စိုက်ပျိုးရင်လည်းလွယ်ကူရမယ်။ ပစ္စည်းကလည်းပေါများရမယ်။ သဘာဝပစ္စည်းစစ်စစ်လည်းဖြစ်ရမယ်။ အနံ့အသက်အားဖြင့်လည်း မနံရဘူး။ ရောဂါပိုးမွှားတွေအလွယ်တကူသေရမယ်။ ရောဂါအမျိုးမျိုးမှာ အသုံးချနိုင်ရမယ်။ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကိုနေရာရွှေ့ပေးနိုင်ရမယ်။ ရောဂါတွေကိုလည်း ကာကွယ်ထားနိုင်ရမယ်။ ဓာတ်ကြီးလေးပါးလုံး ညီညွတ်စွာပါဝင်ရမယ်။ အကျိုးသတ္တိအလွန်များပြားရမယ်။ လူတိုင်းနဲ့ တည့်ရမယ်။ လူသာမက လူ့ပတ်ဝန်းကျင်က တိရစ္ဆာန်တွေအတွက်လည်း အကျိုးရှိရမယ်ဆိုတဲ့ အချက်တွေပေါ်မူတည်ပြီး ရှာဖွေရပါတယ်" ဟုစာရေးသူကရေးသားထားသည်။

သိမ့်ထိုက်စာပေ ဖုန်း ၀၉-၅၀၅၉၂၁၄ ၊ ၀၉-၂၅၀၆၄၈၃၆၃ ကတစ်နိုင်ငံလုံးသို့ ဖြန့်ချိပေးပြီး တန်ဖိုးငွေကျပ် ၂၇၀၀ ဖြစ်ပါသည်။




## ပွင့်သောပန်းတိုင်းလှပဖို့ သားဆက်ခြားကြစို့

နောက်ဆုံးထွက်သက်အထိ ဆေးကု၊ စာသင်၊ စာတွေရေးချင်သော သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာစိုးလွင်၏ ပွင့်သောပန်းတိုင်းလှပဖို့ သားဆက်ခြားကြစို့စာအုပ် ဒုတိယအကြိမ်ထုတ်ဝေလိုက်ပြီဖြစ်သည်။

ကမ္ဘာပေါ်မှာ မိခင်လောင်းတွေ တစ်နှစ်လျှင် ၅၅၀၀၀၀ ကျော် သေဆုံးနေကြောင်း၊ သေချာတွက်ကြည့်ပါက တစ်မိနစ်လျှင် မိခင်လောင်းတစ်ဦးသေဆုံးနေကြောင်း၊ သေဆုံးမိခင်လောင်း၏ ထက်ဝက်ကျော်မှာ "သားဖျက်ချမှု"ကြောင့် သေဆုံးခြင်းဖြစ်ကြောင်း "အမေလောင်းတွေ ဘာကြောင့်သေ" ဟူသော ဆောင်းပါးတွင် ဖော်ပြထားသည်။ ဆောင်းပါးပေါင်း ၄၂ ပုဒ်ပါရှိသည်။

သားဆက်ခြားနည်းအမျိုးမျိုး အစုံစုံဖော်ပြထားရာ အကောင်းဆုံးနည်းများကို သုံးစွဲချင်သည့် ပျိုပျို၊ အိုအို၊ မမများအတွက် အထူးဖတ်သင့်သည့် စာအုပ်ဖြစ်သည်။

စာအုပ်ကို စိုးဇင်စာပေ ဖုန်း-၀၁-၂၂၈၂၉၇၊ ၀၉-၅၀၄၉၇၈၃ မှ ဖြန့်ချိသည်။ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြစ်သည်။




## နတ်သမီးအိပ်မက်နှင့် အခြားဝတ္ထုတိုများ

လဝန်းလဲ့ပြာ(ကည္ဟတ်ကွင်း)၏ နတ်သမီးအိပ်မက်နှင့် အခြားဝတ္ထုတိုများ စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် ဝတ္ထုတို ၂၃ ပုဒ်ပါရှိသည်။ "ဇာခန်းဆီးနောက်ကွယ်တစ်နေရာ" ဝတ္ထုတိုတွင် ကာမပိုင်လင်ယောကျ်ားရှိသူ အမျိုးသမီးများကိုလည်းကောင်း၊ အပျိုစင်များကိုလည်းကောင်း ငွေကြေးဥစ္စာပုံ့ပိုးပြီး ပေါင်းသင်းကာ သောက်၍ သောက်၍ငတ်မပြေသော ကာမဂုဏ်ဆားငန်ရေကို သောက်သုံးခံစားခဲ့သူ ဘုရားဒကာ၊ ကျောင်းဒကာကြီး ဦးဘဂျမ်းသေလွန်သောအခါ ခွေးဘဝကျရောက်သွားပုံကို တင်ပြထားသည်မှာ ဖတ်ရှုရသူအပေါင်းသံဝေဂရဖွယ်ဖြစ်သည်။

စာအုပ်ကို ကျားချောင်းစာပေ ဖုန်း-၀၉-၂၅၇၁၂၈၁၁၀၊ ၀၉-၇၉၅၁၃၃၄၆၄ မှ ဖြန့်ချိသည်။ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြစ်သည်။



## စိတ်ကမ္ဘာထဲကလူ

ဟန်ယုသော်၏ စိတ်ကမ္ဘာထဲကလူ(ဝတ္ထုတိုစုစည်းမှု)စာအုပ်ထွက်ရှိလာသည်။

ဒဏ်ရာများနဲ့ ဥယျာဉ်မှူးဝတ္ထုတွင် "ကျူရှင်ကိုမသင်ချင်ပါဘူး။ ကျောင်းမှာ တစ်နေကုန် စာသင်ရတာပင်ပန်းနေတော့ ညနေကျောင်းဆင်းရင် အေးအေးဆေးဆေးအနားယူချင်ပါတယ်။ ဒါပေမယ့် မိသားစုစားဝတ်နေရေးအတွက် ငွေလိုချင်လို့ ကိုယ်ပိုင်အချိန်တွေကို ရောင်းစားနေရတာပါ"ဟု ညှိုးငယ်တိုးလျစွာ ပြောလာသည့် အိမ်ထောင်ရှင်အလယ်တန်းပြဆရာမလေး၏ စကားကိုကြားရသောအခါ ရင်နင့်အောင်ခံစားရသည်။

ကြွေးဟောင်းဆပ်ဖို့ရှိတာရယ်၊ ကြွေးသစ်ချစရာရှိတာရယ်အပြင် ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ခံရသည့် လခနည်းဝန်ထမ်းတစ်ဦး၏ ဘဝကိုသရုပ်ဖော်ရေးဖွဲ့ထားသည်။

စုစုပေါင်းဝတ္ထုတို ၁၅ပုဒ်ပါရှိပြီး မတူညီသော အကြောင်းအရာများကို တစ်ပုဒ်နှင့်တစ်ပုဒ်မရိုးအောင် ရေးဖွဲ့ထားသည်။

စာအုပ်ကို ကောင်းဆုသာစာပေ ဖုန်း-၀၉-၄၂၀၀၈၃၄၈၂၊ ၀၉ ၇၉၉၂၅၇၁၄၈ မှဖြန့်ချသည်။ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြစ်သည်။

# အတူတူပဲလား

**à ကြင်လှိုင်မြင့်**

လူတွေ လောကကြီးမှာ အမြတ်နိုးဆုံး တန်ဖိုးအထားဆုံး အရာကတော့ ပညာပါပဲ။

‘ပညာခြုံလို့လူလုံတာ’‘ပညာပိုင်လို့လူခိုင်တာ’‘ပညာနိုင်လို့လူမြိုင်တာ’စသဖြင့် ပညာရဲ့အရေးပါပုံ၊ နေရာယူပုံတို့ကို စာတစ်မျိုး ကဗျာတစ်ချိုးနဲ့ ဂုဏ်ယူပြီး ဖွဲ့ကြတယ်။ သီကြတယ်။

ပညာမတတ်ဘူးဆိုရင်တော့ ‘ပညာလွတ်လို့လူလွတ်တာ’ ‘ပညာမစုံလို့လူနုံတာ’ ‘ပညာမကြွယ်လို့လူဖွယ်တာ’စသဖြင့် အလေးမထားဟန်၊ အရေးမပါဟန်တွေနဲ့ မှတ်ချက်ပေးကြတယ်။ ရေးသားကြတယ်။

ဒါတွေကလည်း ဘယ်သူမှ ငြင်းဖို့မစွမ်းနိုင်တဲ့ အချက်တွေပဲမဟုတ်လား။ စာရေးသူကိုယ်တိုင် ပညာတတ်တာ မတတ်နဲ့ပတ်သက်ပြီး တစ်ခါတလေမှာ ဝေခွဲမရတာတွေ၊ ဆုံးဖြတ်ရခက်တာတွေ ရှိခဲ့ဖူးတယ်။ ကြုံခဲ့ဖူးတယ်။

တစ်ရက်မှာ သင်တန်းမီချင်ဇောနဲ့ သန်လျင်-ရန်ကုန် လိုင်းကားကို အပြေးလေးတက်စီးခဲ့မိတယ်။ ‘သန်လျင်တံတားပေါ်မှာ ကားမပိတ်ပါစေနဲ့’ ဆိုပြီး စိတ်က အကျင့်ပါ ဆုတောင်းနေမိတယ်။ ဆုတောင်းမပြည့်ခဲ့ပါဘူး။ ဘယ်ကားပျက်သလဲတော့မသိဘူး။ တံတားပေါ်မှာ ၁ နာရီနဲ့ ၁၀ မိနစ်ကြာခဲ့တယ်။ စိတ်မောလူမောပါပဲ။

ဟူး. . . သင်တန်းတစ်ချိန်တော့ထပ်လွတ်သွားပြန်ပြီ။ မတတ်နိုင်ဘူးလေ။ ကိုယ်ပြုပြင်ပြောင်းလဲလို့ရတဲ့အရာမှမဟုတ်တာ။

‘ရွှေ့ပြီဟေ့ ရွှေ့ပြီ။ တက်ကြ တက်ကြ’

‘ဟဲ့ ဟဲ့ကားက ဘယ်ကိုမောင်းတာလဲ’

‘ဟိုး ဟိုး ဆင်းမယ်’

တစ်ယောက်တစ်သံနဲ့ ဆူဆူညံညံအော်နေကြတယ်။ ခေါင်းကို အပြင်ပြူပြီးကြည့်လိုက်တော့ သန်လျင်တံတားအဆင်းက သဘာဝဓာတ်ငွေ့အရောင်းဆိုင်ထဲကို မောင်းချသွားတာကိုး။

‘ညီလေး မင်းတို့ ဓာတ်ငွေ့ဖြည့်မယ်ဆိုရင်လည်း ခရီးသည်တွေကို လေးစားတဲ့အနေနဲ့ ကြိုတင်အသိပေးရမယ်မဟုတ်ဘူးလား။ အခုတော့ မင်းတို့သဘောနဲ့မင်းတို့ လုပ်တယ်’

‘ငါတို့မှာ ကားပိတ်တာက ၁ နာရီကျော်ကြာတယ်။ မင်းတို့ ဓာတ်ငွေ့ဖြည့်တာကိုပါ ထပ်စောင့်ရဦးမယ် ဆို တော့ အဆင်သိပ်မပြေဘူး’

‘အဲဒီတော့ ခင်ဗျားဘာဖြစ်ချင်လဲ။ လေပုပ်လာမထုတ်နဲ့’

ပြောပြောဆိုဆို နောက်စပယ်ယာတစ်ယောက် သံတုတ်ကိုင်ပြီး စာရေးသူထံကို အတင်းပြေးလာခဲ့တယ်။ တောင်းပန်ရမယ့်အစား. . .

‘ဘာဖြစ်တာလဲ၊ ဘာဖြစ်လဲ။ သောက်ကြောလာရှည်မနေနဲ့။ မစောင့်နိုင်ရင်ကုန်းကြောင်းလျှောက်သွား’

ယာဉ်မောင်းပါဆင်းလာပြီး. . .

‘ရှည်ရှည်ဝေးဝေးပြောမနေနဲ့။ ဆော်ထည့်လိုက်။ နောက်ပြဿနာ နောက်မှရှင်းမယ်’ သဘောဝဓာတ်ငွေ့ ဆိုင်ထဲမှ ယူနီဖောင်းဝတ်ဝန်ထမ်းတစ်ယောက် ပြေးထွက်လာပြီး. . . ‘ဟေ့ကောင်တွေ ဘာဖြစ်ကြတာလဲ။ တော်ကြပါတော့ကွာ။ ဟာ အဲဒါငါ့သူငယ်ချင်းကွ။’ ‘ဟာ အာစရိကလည်း စောစောစီးစီးမပြောဘူး။ ဆောရီးပဲနော် အစ်ကို’ တော်သေးတာပေါ့။ ဝန်ထမ်းသူငယ်ချင်း ကယ်ပေလို့။ မဟုတ်ရင်တော့ မတွေးဝံ့စရာဘဲ။

အိမ်ရောက်တော့ စိတ်အေးအေးထားပြီး ပြန်စဉ်းစားကြည့်လိုက်တယ်။ ပြဿနာရဲ့အရင်းအမြစ်က အဲဒီ စပယ်ယာတို့၊ ယာဉ်မောင်းတို့ကြောင့်မဟုတ်ဘူး။ သူတို့ရဲ့စိတ်တွေကို အမှားအမှန်ဝေခွဲ မပေးနိုင်တဲ့ပညာ အခံကြောင့်ပါပဲ။ သူတို့လေးတွေက ကောင်းကြပါတယ်။ ပညာရဲ့ ထိန်းကွပ်မှုမရှိလို့ လွတ်သွားကြတာပါ။

တစ်ခါလည်း သန်လျင်အောင်ချမ်းသာကုန်းထိပ်မှာ လိုင်းကားတစ်စီး လမ်းမကြီးကိုခွပြီး အလယ်တည့်တည့်ကနေ ဘီးလိမ့်ရုံလေးမောင်းနေတယ်။ သူ့နောက်က ကပ်ပါလာတဲ့အိမ်စီးကားလေး ကျော်တက်ချင်လို့ ဟွန်းတီးပြီး လမ်းတောင်းနေတယ်။ မပေးဘူး။ အဲဒီအချိန်မှာ မှတ်တိုင်ကတက်ချင်တဲ့ ခရီးသည်တွေလက်ဝှေ့ယမ်းပြီး ကားတားတယ်။ ရပ်ပြီးလူတင်တယ်။ လမ်းအလယ်ကောင်မှာပဲ ဆက်ရပ်ထားတယ်။ အလျင်လိုနေ တဲ့အိမ်စီးကားလေး ယာဉ်ကြောအရှင်းကိုကြည့်ပြီး ဘယ်ဘက်က နေကျော်တက်ခဲ့တယ်။ သူတို့အနောက် ကမလိုက်ဘဲ သူတို့ကားကို ကျော်တက်သွားရပါမလားဆိုပြီး ကားလေးနောက်ကို အရှိန်မြှင့်ပြီးလိုက်တယ်။

‘အမလေး ဘုရားဘုရား’

‘ဖြည်းဖြည်းမောင်းပါဟဲ့’

‘ဟဲ့အမလေး သေပါပြီ’

‘ကိုင်ထားကြနော်။ လဲသွားရင် တာဝန်မယူဘူး။ မောင်းပေးနေပြီ။ ကြာတယ်ဆိုလို့ မြန်မြန်လေးမောင်း ပေးနေတာ။ ဒါ ကားသမားတွေ ခရီးသည်တွေအပေါ်ထားတဲ့ စေတနာ’

‘နင်းထား နင်းထား။ ဒါမျိုးတော့ ဘယ်အကျော်ခံလို့ဖြစ်မလဲ။ ရာဇဝင်ရိုင်းသွားမယ်။ အပီနင်း။ မီရင် ရှေ့ကနေ ကန့်လန့်ဖြတ်ရပ်လိုက်။ နည်းနည်းလောက်ဆုံးမလိုက်ရအောင်’

အိမ်ကားမောင်းတာနဲ့ လိုင်းကားမောင်းတာ ကျွမ်းကျင်မှုချင်းကတော့ ကွာတာအမှန်ပါ။ ကားလေးကိုမီပြီ။ ရှေ့ကနေ တစောင်းထိုးပြီး ပိတ်ရပ်လိုက်တယ်။ ယာဉ်မောင်းနဲ့ စပယ်ယာနှစ်ယောက် ပြေးဆင်းသွားပြီး ကားမောင်းတဲ့ ကောင်းလေးကို ဝိုင်းထိုးကြတယ်။ ဘေးနားမှာပါလာတဲ့ အမေနဲ့ညီမက. . .

‘မတရားမလုပ်ကြပါနဲ့။ နင်တို့ကိုငါ့သားကဘာလုပ်လို့လဲ’

‘ဘာမှမလုပ်လို့ပေါ့။ လုပ်ရင် ဒီထက်နာမယ်’

‘ကျွန်မအစ်ကိုကိုလုပ်ကြပါနဲ့’

‘ဟာ ဒီကောင်မ သောက်ကြောရှည်လိုက်တာ’

လက်မောင်းကို ဖြတ်ရိုက်လိုက်လို့ မိန်းကလေးခွေကျသွားတယ်။ ပြီးတော့ ကားပေါ်ကိုပြန်တက်သွားပြီး ဆက်မောင်းသွားတယ်။ ဒီဖြစ်ရပ်ကိုကြည့်လိုက်ရင်လည်း အဓိကတရားခံကပညာပါပဲ။ အဲဒီကားဆရာတွေ ဆီမှာ ဘာအပြစ်မှမရှိပါဘူး။

စိုက်ပျိုးရေးမှတ်တိုင်ကနေ ပန်းဆိုးတန်းကိုသွားချင်လို့ (၄၈) မီနီဘတ်(စ်)လိုက်တယ်။

‘ပန်းဆိုးတန်းရောက်လား’

‘ရောက်တယ်’

မြို့တော်ခန်းမရှေ့ရောက်တော့. . .

‘ပန်းဆိုးတန်းပါတယ်’

‘ပန်းဆိုးတန်းမရပ်ဘူး’

‘မင်းပြောတော့ ပန်းဆိုးတန်းရောက်တယ်ဆို’

‘ရောက်တယ်ပဲပြောတာ၊ ရပ်တယ်လို့ပြောတာမဟုတ်ဘူး၊ ဗမာစကားပြန်သင်လိုက်ဦး’

ဒီဖြစ်ရပ်လေးကိုကြည့်လိုက်ပြန်ရင်လည်း စပယ်ယာဆီမှာ အပြစ်မရှိပြန်ပါဘူး။ ငွေလေး ၂၀၀ အတွက် တရားတယ် မတရားဘူးဆိုတာကို မဝေခွဲပေးနိုင်တဲ့ သူ့ရဲ့ပညာကသာ အခရာကျသွားတာပါပဲ။

ဒီလိုယာဉ်မောင်း စပယ်ယာတွေချည်းပဲလို့ ဆိုလိုတာမဟုတ်ဘူး။ ကားမောင်းရင်း တရားခွေဖွင့်ပြီး ခရီးသွားအပေါင်းကို အန္တရာယ်ကင်းစေချင်တဲ့ ဘာသာတရားကိုင်းရှိုင်းတဲ့ ယာဉ်မောင်းတွေ၊ ကူညီတတ်တဲ့ စပယ်ယာတွေလည်း ဒုနဲ့ဒေးပါ။

သင်တန်းတစ်ခုတက်ခဲ့ပါတယ်။ တစ်နေ့မှာ အိမ်က စောစောထွက်ခဲ့ပေမယ့် ကားတွေပိတ်တာကြောင့် သင်တန်းကို ၁၅ မိနစ်နောက်ကျပြီးမှ ရောက်ခဲ့ရတယ်။ သင်တန်းပို့ချသူကိုခွင့်ပန်ပြီး အတန်းထဲဝင်ထိုင်လိုက်ပါတယ်။ သင်နေတဲ့သင်ခန်းစာက ကျောင်းသားတစ်ယောက် လူရှေ့ထွက်ပြီး နည်းစနစ်ကျကျ စကားပြောတတ်အောင်ပါ။ ကျောင်းသားတစ်ယောက်ပြောနေရင် နားထောင်နေတဲ့ကျောင်းသားတွေက ပုံစံချထားတဲ့ စာရွက်လေးမှာ အမှတ်ပေးရပါတယ်။ ဥပမာ-တင်ပြပုံကောင်းရင် ၁၀ မှတ်။ အသံကြည်လင်ပြတ်သားမှုရှိရင် ၅ မှတ်စသည်ဖြင့် အမှတ်ပေးဖြည့်ရတဲ့ ပုံစံစာရွက်လေးပါ။ ကျောင်းသားတစ်ယောက်ကို ပုံစံစာရွက် တစ်ရွက် စီရှိရပါမယ်။ စာရေးသူဆီမှာ အဲဒီပုံစံစာရွက်လေးမရှိသေးလို့. . .

‘ဆရာမ ကျွန်တော် ပုံစံစာရွက်လေးမရသေးလို့ တစ်ရွက်လောက်လိုချင်ပါတယ်’

‘မင်းလာတဲ့အချိန်ကိုလည်းကြည့်ဦး။ မပေးနိုင်ဘူး။ ကိုယ့်နေရာကိုယ်ပြန်ထိုင်နေလိုက်ပါ’

ရှက်လိုက်တာ။ သွားတောင်းမိလိုက်တဲ့ ကိုယ့်ကိုယ်ကိုယ်ပဲအပြစ်တင်ရတော့မှာပေါ့လေ။ နောက် မိနစ် ၃၀ လောက်ကြာတော့ ကျောင်းသူတစ်ယောက်နဲ့ကျောင်းသားတစ်ယောက် နောက်ကျနေလို့ ဆရာမကိုခွင့်ပန်ပြီး အတန်းထဲ အပြေးလေးဝင်ထိုင်ခဲ့ကြတယ်။

‘ဆရာမသမီးတို့ အဲဒီပုံစံစာရွက်မရသေးဘူး’

‘သြော် ရော့ရော့’

နာရီဝက်နောက်ကျတဲ့လူက ပုံစံစာရွက်ရတယ်။ ၁၅ မိနစ် နောက်ကျတဲ့လူက မရဘူး။ တစ်မျိုးကြီးပါလား။ မရဘူးဆိုရင် နောက်ကျသူအကုန်လုံး မရရဘူးမဟုတ်လား။ အဲဒါမျိုးကျတော့ ပညာကြောင့်လို့ဘယ်လိုသွားပြောမလဲ။

တစ်ရက်မှာ နောက်ထပ် သင်တန်းပို့ချသူတစ်ယောက်နဲ့ လှေကားအဆင်းမှာဆုံမိတယ်။

‘မင်္ဂလာပါဆရာမ’

‘ဟဲ့ လာဦး။ မင်္ဂလာပါဆိုပြီး နှုတ်ဆက်ရင်လုံလောက်တယ်။ လက်အုပ်မချီနဲ့။ လက်အုပ်ချီတာ ငါတို့ ဗမာလူမျိုးတွေရဲ့ ယဉ်ကျေးမှုမဟုတ်ဘူး’

အဲဒီ သင်တန်းပို့ချသူဆရာမကြီးက လက်အုပ်ချီနှုတ်ဆက်တာကိုမကြိုက်တာ။ စာသင်ရင် ခြေထောက်ချိတ်ထိုင်တဲ့ ကျောင်းသားကျောင်းသူတွေကြားမှာ ရှောင်ကွင်းသွားပြီး စာသင်တယ်။ ပညာတွေအရမ်းတတ်သွားလို့ မြန်မာ့ယဉ်ကျေးမှုကို ဆရာမကြီး မေ့သွားတာနေမှာပေါ့။

စာရေးသူရဲ့မိခင်ကြီး အသက် ၇၄ နှစ်။ ချက်အောက် ဝမ်းဗိုက်အတွင်းပိုင်းက ပူတယ်လို့ခံစားနေရတယ်။ ဆေးခန်းအစုံလိုက်ပြလည်း မသက်သာ။ အသိမိတ်ဆွေတွေက ညွှန်းတာနဲ့ ပါမောက္ခဆရာဝန်ကြီးဆီသွားပြခဲ့တယ်။ တုံကင်နံပါတ် ၁ ။ ညနေ ၅ နာရီ ဆေးခန်းကို အရောက်လာပါဆိုလို့ အရောက်သွားခဲ့ကြတယ်။ ဆေးခန်း ရှေ့ ဆိုင်းဘုတ်မှာလည်း ဆရာဝန်ကြီး လူနာကြည့်ချိန် ညနေ ၅ နာရီ။ တော်သေးတယ် အချိန်မီလေး ရောက်သွားလို့။ ဆရာဝန်ကတော့ မရောက်သေးပါဘူး။ စောင့်ရင်းစောင့်ရင်း ည ၉ နာရီထိုးမှ ဆရာဝန်ကြီး ကြွလာတယ်။ နောက်ကျတဲ့အတွက် ဘာစကားမှလည်းမဆို။ အမေ့ကို ဆရာဝန်နဲ့ပြခဲ့တယ်။

‘ဘာဖြစ်လဲပြော’

‘ဗိုက်ထဲကပူပူနေလို့ပါ’

စာရေးသူကဝင်ပြီး

‘အမေကြီးမပြောနဲ့။ သားပြောမယ်’

ကိုယ့်အမေအကြောင်း ကိုယ်အသိဆုံးပါ။ ဝမ်းဘယ်လောက်သွားတယ်။ ဆီးဘာရောင်။ အသေးစိတ်သိတယ်။ သိအောင်လည်း နေ့စဉ် ဂရုစိုက်တယ်။

‘ဒီလိုပါဆရာကြီး။ အရင်တုန်းက ပူတဲ့ရောဂါမရှိပါဘူး’

‘တော်. . . တော်. . မင်းပါးစပ်ကိုပိတ်လိုက်။ အဓိပ္ပာယ်မရှိတာတွေပြောချင်ရင် အပြင်မှာပြော။ ဒီမှာလာ မပြောနဲ့’

‘သြော် ဟုတ်ကဲ့ပါ’

ရောဂါရာဇဝင်ကို သိဖို့လိုတယ်ထင်လို့ပါ။ ဒါပေမယ့်လည်း ကိုယ့်အမေသက်သာဖို့က အဓိကပဲမဟုတ်လား။ သည်းခံရမှာပေါ့။ ကိုယ်မှ အဲဒီပညာမတတ်တာကိုး။

‘တက်. . ကုတင်ပေါ်ကို’

‘အား. . နာတယ်. . . နာတယ်. . ဖြည်းဖြည်းဖိပါဆရာ’

‘အနာမခံချင်ရင်မလာနဲ့’

‘ဟင်’

‘စာရေးပေးလိုက်မယ်။ အပြင်မှာ ဆေးဝယ်သွား။ နောက်တစ်ပတ်နေရင်ပြန်လာပြ’

ဆေးတစ်ပတ်စာဝယ်သောက်လိုက်တယ်။ သက်သာလို့ ပြန်သွားပြခဲ့တယ်။

‘ဆေးပြောင်းပေးလိုက်မယ်။ မသက်သာရင် နောက်တစ်ပတ်နေရင်ပြန်လာပြ’

တစ်ပတ်ကြာပြီးတဲ့နောက်. . . .

‘ဆရာ မသက်သာပါဘူး’

‘မင်းအမေ အူမကြီးကင်ဆာဖြစ်နေပြီ။ သေတော့မယ်။ သူစားချင်တာကို အဝကျွေးလိုက်ပါ’

အဲဒါ ဆရာဝန်ပြောရမယ့်စကားလား။ လူနာကို ရှေ့မှာထားပြီး ပြောလိုက်တာများ။ ရက်ရက်စက်စက်။ ပညာတွေအတတ်လွန်ပြီး ဆရာဝန်ရဲ့ ကျင့်ဝတ်တွေကို မေ့သွားတာနေမှာပါလေ။

‘နောက်တစ်ပတ်စာ ဆေးထပ်ဝယ်ပြီးသောက်ကြည့်။ မသက်သာရင် လက်လျှော့လိုက်တော့’

‘ဟုတ်ကဲ့ပါဆရာဝန်ကြီး။ ကျေးဇူးအများကြီးတင်ပါတယ်’

ဆေးခန်းအပြင်ရောက်တော့. . .

‘အမေကြီး သား သူ့လောက်တော့ မတော်တာအမှန်ပဲ။ ဒါပေမဲ့ သူပြောသလို လိုက်မလုပ်နိုင်တော့ဘူး။ လာသားတို့ အင်တာနက်ဆိုင်သွားမယ်’

အင်တာနက်ဆိုင်မှာ အချိန် ၁၅ မိနစ်လောက်သုံးလိုက်တယ်။ တွေ့ပါပြီ။ အဲဒီလိုဝမ်းထဲကပူရင်ပန်းသီးဖျော်ရည်သောက်ရပါတယ်။ အနီနဲ့အစိမ်း နှစ်မျိုးရှိတယ်။ အနီရည်တိုက်ပါတဲ့။ ဘိုလ်ကလေးဈေးဂမုန်းပွင့်ကုန်တိုက်ဝင်ပြီး ပန်းသီးဖျော်ရည်ဝယ်လိုက်တယ်။ တစ်ဘူး ကျပ် ၁၂၅၀ သုံးဘူးဝယ်လိုက်တယ်။ ကားပေါ်မှာ ဖောက်တိုက်လိုက်တယ်။ နည်းနည်းချင်းစီ အချိန်ခြား ရက်ခြားပြီး ငါးဘူးလောက် သောက်လိုက်ပြီးကတည်းက ဒီကနေ့အထိ ပူတယ်ဆိုတဲ့အသံ အမေ့ဆီက ထပ်မကြားရတော့ပါဘူး။

ဒီအဖြစ်အပျက်လေးတွေကို လေ့လာကြည့်လိုက်တော့ ပညာတတ်တာနဲ့ မတတ်တာကို သက်သက်စီ ခွဲခြားသတ်မှတ်ရမလား။ အတူတူပဲ ရောပြီးသတ်မှတ်ရမလားဆိုတာ ဝေခွဲမရဖြစ်နေပါတော့တယ်။ ။

❖ “ရောက်တယ်ပဲပြောတာ၊ ရပ်တယ်လို့ပြောတာမဟုတ်ဘူး၊ ဗမာစကား ပြန်သင်လိုက် ဦး”
ဒီဖြစ်ရပ်လေးကိုကြည့်လိုက်ပြန်ရင်လည်း စပယ်ယာဆီမှာ အပြစ်မရှိ ပြန်ပါဘူး။ ငွေလေး ၂၀၀အတွက် တရားတယ် မတရားဘူးဆိုတာကို မဝေခွဲပေးနိုင်တဲ့ သူ့ရဲ့ပညာကသာ အခရာ ကျသွားတာပါပဲ။

❖ “မင်းအမေ အူမကြီးကင်ဆာဖြစ်နေပြီ။ သေတော့မယ်။ သူစားချင်တာကို အဝကျွေး လိုက်ပါ”
အဲဒါ ဆရာဝန်ပြောရမယ့်စကားလား။ လူနာကို ရှေ့မှာထားပြီး ပြောလိုက်တာများ။ ရက်ရက်စက်စက်။ ပညာတွေအတတ်လွန်ပြီး ဆရာဝန်ရဲ့ ကျင့်ဝတ်တွေကို မေ့သွားတာနေမှာပါလေ။

❖ ဒီအဖြစ်အပျက်လေးတွေကို လေ့လာကြည့်လိုက်တော

# နာဂဒေသ၌ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပ

**ထန်ပါခွေ နိုဝင်ဘာ ၉**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထန်ပါခွေမြို့အတွင်းရှိ ရပ်ကွက် တစ်ခု၊ ကျေးရွာအုပ်စုခြောက်ခု၊ ကျေးရွာ ၁၃ ရွာတို့တွင် မဲရုံပေါင်း ၁၁ရုံဖွင့်လှစ်ပေးနိုင်ခဲ့ပြီး အသက် (၁၈)နှစ်ပြည့် ဆန္ဒမဲပေးသူပေါင်း ၂၇၁၃ဦး ရှိရာမှ လာရောက် မဲပေးနိုင်သူပေါင်း ၂၂၆၆ ဦး၊ ပျက်ကွက် ၄၄၇ဦး မဲပေးမှုရာခိုင်နှုန်း ၈၃ ဒသမ ၅၂ ရာခိုင်နှုန်းရှိခဲ့သည်။ ထန်ပါခွေ မြို့အတွင်းရှိ မဲရုံ ၁၁ရုံအား ညွှန်ကြားချက်များဖြင့် နိုဝင်ဘာ ၈ ရက် နံနက် ၆နာရီမှ ညနေ ၄နာရီချိန်အထိ ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။

မဲရုံအသီးသီးတွင် သတ်မှတ်ဖွဲ့စည်းပုံအတိုင်း လုပ်ငန်းများဆောင်ရွက်ပြီး သက်ဆိုင်ရာပါတီအသီးသီး၏ ကိုယ်စားလှယ် သုံးဦးလည်း စောင့်ကြည့်ကြီးကြပ် ပေါင်းစပ်ဆောင်ရွက်ခဲ့သည်။ မိမိတို့ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲအသီးသီးမှ အဖွဲ့ဝင်များ၊ ရပ်ကွက်၊ကျေးရွာ လုံခြုံရေး အဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အထူးရဲတပ်ဖွဲ့ဝင်များကလည်း မဲရုံစတင်ဖွင့်လှစ်ချိန်မှ ပိတ်သိမ်းချိန်အထိ လုံခြုံရေးကိစ္စရပ်များကို အနီးကပ်စောင့်ကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မဲရုံအလိုက် လွှတ်တော်ကိုယ်စားလှယ်များ၏ မဲရရှိမှုအခြေအနေများကို နယ်မြေအလိုက် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့များက လုပ်ငန်းပြီးစီးမှု အခြေအနေ၊ ဆောင်ရွက်မှုအခြေအနေများကိုလည်း ဆက်သွယ်ရေးစက်၊ (မြန်မာနိုင်ငံရဲတပ်ဖွဲ့/Icon)များဖြင့် လိုင်းနှုန်းသီးသန့်သတ်မှတ်ကာ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စနေမောင် (ထန်ပါခွေ)**

# စွယ်တော်အနောက်ဖက်မုခ်ပေါက်ဝ၌လျှပ်စစ်မီးတိုင်တပ်ဆင်ပြီး

**မန္တလေး နိုဝင်ဘာ ၉**

မန္တလေးစွယ်တော်မြတ်စေတီတွင် ယခင်ကစွယ်တော်အနောက်ဘက်မုခ်ပေါက်ဝနား၌ ပတ်ဝန်းကျင်သစ်ပင်ရိပ်များ၊ မီးတိုင်များမရှိခြင်းကြောင့် အမှောင်ရိပ်ကျကာ ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားတတ်၍ အချက်ပြမီးနှင့် အားကောင်းသည့် မီးတိုင်တပ်ဆင်ပေးထားသည့်အတွက် မုခ်ပေါက်ဝမှသည် ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်အထိ အလင်းရောင်ရရှိမှုကြောင့် ဒေသခံများအတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

စွယ်တော်မြတ်စေတီသည် နေ့စဉ်ဘုရားဖူးများ ဖြင့်စည်ကားသော စေတီဖြစ်ပြီး အဝန်းအဝိုင်းကျယ်ပြန့်ကာ စိတ်အေးချမ်းစွာ ဘုရားဖူးနိုင်သည့်အတွက် ညပိုင်းအချိန်များတွင် ဆိုက်ကယ်၊ ကားများဖြင့်လာရောက်ဖူးမြော်လေ့ရှိကြသည်။

မန္တလေးစွယ်တော်မြတ်စေတီသည် မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းတည်ရှိကာ သန့်ရှင်းသောလမ်းပိုင်းဖြင့် သာယာလျက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့တွင် ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓ၏အထက်လက်ဝဲစွယ်တော်မြတ်ကြီးအား ၁၉၄၄၊ ၁၉၉၆၊ ၂၀၁၁ ခုနှစ်တို့တွင် မြန်မာနိုင်ငံသို့ ပင့်ဆောင်ပူဇော်စဉ် စွယ်တော်မြတ်နှစ်ဆူကို ရင်ငွေ့တော်ခိုလှုံစေကာ စွယ်တော်မြတ်နှင့်အတူ အပူဇော်ခံခဲ့ကာ ထိုစွယ်တော်နှစ်ဆူထဲမှ တစ်ဆူကို မန္တလေးမြို့ အမရပူရမြို့နယ် မဟာဓမ္မရံသီကုန်းတော်၌ စွယ်တော်မြတ်စေတီတစ်ဆူတည်ကာ တည်ထားကိုးကွယ်ခဲ့သည်။

စွယ်တော်မြတ်စေတီ (မန္တလေး)သည် မဟာဓမ္မရံသီကုန်းမြေတွင် ဝတ္တကမြေအပိုင်းအခြား ၁၁၃ ဒသမ ၅၆ ဧကပေါ်တွင် ၁၀၈ တောင်အမြင့်ဆောင်ကာ ဘုရားဂုဏ်တော်ကိုးပါးကို အာရုံထား၍ မုခ်ဦးကိုးပါး၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကိုးဆူ၊ မုခ်ကိုးမုခ်၊ ဘုံကိုးဆင့်ဖြင့် တည်ထားခဲ့ပြီး စေတီတော်ဉာဏ်တော်အမြင့် ၁၀၈ တောင် (၁၆၂ ပေ)၊ ဖိနပ်တော် ၁၅၂ ပေ၊ ပန်းတင်ခုံ ၉ ပေ၊ တိုင်ကြီး ၄၅ လုံး၊ မုခ်ဦးကြီးကိုးမုခ်၊ သရက်ကင်းလှေကားခုနစ်စုံ၊ မကာရ်းလှေကားကိုးစင်း၊ ဗုဒ္ဓရုပ်ပွားတော်ကိုးဆူ၊ အရန်စေတီကိုးဆူ၊ ရောင်လင်းပေါက် ၂၇ ပေါက်၊ ကာလသာအိုး ၂၇ အိုး၊ ပစ္စယာငါးဆင့်၊ ကြာဝန်းကြေးဝန်းသုံးဆင့်၊ ကွမ်းတောင်အမြင့် ၃၇ ပေ၊ အထွတ်စေတီဉာဏ်တော်အမြင့် ၃၀ ပေ၊ ဗြဟ္မာရုပ်ကိုးရုပ်၊ ဝိသုကမ္မနတ်ကွန်းကိုးခု၊ ခြင်္သေ့ရုပ် ၃၆ ရုပ်ဖြင့် တည်ထားခဲ့သည့် စေတီပင်ဖြစ်သည်။

လက်ရှိကာလတွင် စွယ်တော်မြတ်စေတီ အနောက်မုခ်မီးတိုင်တပ်ဆင်ပေးခြင်း ပြုလုပ်ပေးထားသည့်အတွက် ဘုရားဖူးများ၊ လမ်းသွားလမ်းလာများ ဘေးအန္တရာယ်ကင်းရှင်းကာ စိတ်ချမ်းသာလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

သတင်းတို

### ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် ရန်ကုန်တွင် အခြေခံစစ်ပညာ သင်တန်း (၁/၂၀၁၅) ဖွင့်

ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် ရန်ကုန်တွင် အခြေခံစစ်ပညာသင်တန်းအမှတ်စဉ် (၁/၂၀၁၅) ဖွင့်ပွဲအား အဆိုပါကျောင်း ဘွဲ့နှင်းသဘင်ခန်းမ၌ နိုဝင်ဘာ ၉ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အစီအစဉ်အရ ကျောင်းအုပ်ကြီး ဒေါက်တာမင်းသန့်အား အလေးပြုသည်။ ကျောင်းအုပ်ကြီးက အခြေခံစစ်ပညာသင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းသားများက အလေးပြုတန်းဖြုတ်ကာ နံနက် ၁၁ နာရီတွင် သင်တန်းစတင်ပို့ချခဲ့သည်။ အဆိုပါသင်တန်းအား အမှတ်(၁)တက္ကသိုလ်လေ့ကျင့်ရေးတပ်မှ သင်တန်းနည်းပြ ၁၅ ဦးက ပို့ချမည်ဖြစ်ကာ သင်တန်းသား ၃၇၃ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၉ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိဖြစ်ကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

# ကျောက်ချောလမ်းခင်းပေး၍ နေ့စဉ်သွားလာနေသည့်ခရီးသွားများ အဆင်ပြေ

**ရေတာရှည် နိုဝင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့နှင့်အရှေ့ဘက်ခြမ်းကျေးရွာများသို့ ဆက်သွယ်သွားလာလျက်ရှိသော ထောက်ကြန့်ကွင်းရွာလမ်းပိုင်းသည် မိုးရာသီကာလတွင် ဆိုးရွားစွာပျက်စီးသွားသည့်အတွက် နေ့စဉ်သွားလာလျက်ရှိသည့် ခရီးသွားသူများအနေဖြင့် အဆင်မပြေမှုများ ကြုံတွေ့နေရသည်။

အဆိုပါအဆင်မပြေမှုများကြောင့် မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ခွင့်ပြုငွေဖြင့် အင်ဂျင်နီယာ ဦးအောင်သူ အနီးကပ်ကြီးကြပ်၍ နိုဝင်ဘာ ၃ ရက်တွင် ကျောက်ချောလမ်းအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး ကျောက်ခင်းလုပ်ငန်းများ ၇၀ ရာခိုင်နှုန်းပြီးစီးသွားပြီးဖြစ်ကြောင်း သိရသည်။

ယင်းလမ်းပိုင်းသည် ဆွာချောင်းအရှေ့ဘက်ခြမ်းရှိ ကျေးရွာပေါင်း ၂၀ ကျော်မှ ဒေသခံပြည်သူများသည် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များဖြင့် အသွားအလာများပြားကာ ယခုကျောက်ချောလမ်းပြီးစီးသွားပါက ဆွာမြို့နှင့်အရှေ့ဘက်ခြမ်း ကျေးရွာများသို့ ခရီးသွားလာရေးအတွက် များစွာအဆင်ပြေသွားမည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**



### ပခုက္ကူခရိုင် မြိုင်မြို့နယ်၌ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် ကျေးရွာပေါင်း ၃၃၀ ရွာမှ လူဦးရေ ၁၃၆၀၄၈ ဦးမဲပေးခဲ့

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်၌ ကျေးရွာပေါင်း ၃၃၀ ရွာမှ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် နိုဝင်ဘာ ၈ ရက်က လွတ်လပ်စွာ ဆန္ဒမဲပေးကြကြောင်း သိရသည်။

မြိုင်မြို့နယ် အထွေထွေရွေးကောက်ပွဲကို ပွင့်လင်းမြင်သာစွာကျင်းပရာ မြို့နယ်တွင်း ဆန္ဒမဲပေးခွင့်ရှိသူဦးရေ ၁၈၉၅၂၃ ဦးရှိပြီး မဲပေးသူဦးရေ ၁၃၆၀၄၈ ဦးမဲပေးကြောင်း မြို့နယ်ကော်မရှင်ရုံးခွဲမှ သိရသည်။

ကျေးရွာအုပ်စု ၈၄ အုပ်စုမှ မဲရုံ ၂၄၃ ရုံတို့အား အဖွဲ့ ၅ ဖွဲ့ခွဲ၍ လက်ခံစိစစ်ဆောင်ရွက်ခြင်းလုပ်ငန်းအား ဌာနဆိုင်ရာဝန်ထမ်းများက ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြောင်း သိရသည်၊

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပခဲ့ရာ အေးချမ်းတည်ငြိမ်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ကော်သုံးကော်မှအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတို့နှင့် ပညာရေးဝန်ထမ်းများက လူအား၊ အဆောက်အအုံတို့ဖြင့် အားကြိုးမာန်တက် ကြိုးစားဆောင်ရွက်ကြကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**




ကိုပင်းနိုင်
အောင်းမင်း 09425355758, 09255913926
ကျိုက်ထီးရိုး(နေ့စဉ်)/ချောင်းသာ(နေ့စဉ်) ပြည်၊ ထုံးဘို၊ အကောက်တောင်(နေ့ချင်းပြန်)(စနေ)
ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကန်ချနာပူရီ၊ အယုဒ္ဓယ၊ ပတ္တရား၊ ဖန်ကောက်(၈)ရက် → Dec 24
တောင်ကြီးမီးပုံးပျံပွဲ၊ အင်းလေး၊ ပင်းတယ၊ ကက္ကူ၊ ထမ့်စမ်း(၅)ရက် လွိုင်ကော်ပါ(၆)ရက်
မန္တလေးဘုရားစုံ၊ ကျောက်စိမ်းဘုရား၊ ပြင်ဦးလွင်(၃)ရက် ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ၊ သီဟိုဠ်ရှင် (၃)ရက်
65000 ကားစီးလုံးငှား စီစဉ်ပေးသည်

ချမ်းမိုင်းသစ္စာ 562829, 09-73198239 569782, 09-450006779
ပြည်၊ ထုံးဘို၊ အကောက်တောင် ကားမျိုးစုံ စီးလုံးငှား စီစဉ်ပေးသည်။
တားအံ(ရွှေယဉ်မျှော်)၊ သမိုင်းဝင်ဂူဘုရားများ
ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ
ကျိုက်ထီးရိုး (နေ့စဉ်) ချောင်းသာ (နေ့/ည-နေ့စဉ်)

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)စီးယာဉ်နှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

ကား မျိုးစုံ
(Alphard/Crown/MarkII/အနဲတတုံ/Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။
Ph : 09795549249, 095418126

### ပုသိမ်ကောလိပ် (၁၉၇၂/၇၃/၇၄/၇၅/၇၆)ပထဝီဝင် ဘွဲ့ရကျောင်းသား/သူများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

ပုသိမ်ဒီဂရီကောလိပ်က ပထဝီဝင် အဓိကဖြင့် (၁၉၇၂/၇၃/၇၄/၇၅/၇၆) ခုနှစ်များတွင် ဘွဲ့ရခဲ့ကြသော ကျောင်းသား/သူများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ကျောင်းသား/သူများ မပျက်မကွက်တက်ရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၆ရက် (စနေနေ့)
အချိန် - နံနက် ၉ နာရီ
နေရာ - မင်းကွန်းတိပိဋကကျောင်းတော်(ငွေရတုခန်းမ)
အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံ(ပဲခူးကလပ်မှတ်တိုင်)

အဝေးရောက်ကျောင်းသားများ အောက်ပါငွေစာရင်းသို့ ငွေလွှဲလှူဒါန်းနိုင်ပါသည်။
KBZ၊ ဗဟိုစည်ဘဏ်ခွဲ A/C NO (၀၆၁-၃၀၂-၀၆၁၀၀၀၉၄၅၀၁)
ဦးသိန်းလှိုင်+ဦးသိမ်းဆွေ
ဆက်သွယ်ရန် ဖုန်း- (၁) ဦးခင်မောင်ဦး (၇၂) ၀၁-၃၇၄၄၆၄
(၂) ဦးသိန်းလှိုင်(၇၃) ၀၉ ၇၃၁၉၇၉၉၅
(၃) ဦးသိမ်းဆွေ (၇၄) ၀၉ ၄၂၁၁၇၆၁၆၁
ဆရာကန်တော့ပွဲဖြစ်မြောက်ရေးအဖွဲ့

### "ပျောက်ဆုံးခြင်း"

SIN KYAING GEMS & JEWELLERY COMPANY LIMITED ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ် - ၁၀၇၈/ ၂၀၁၀-၂၀၁၁ ရက်စွဲ (၁၅-၉-၂၀၁၀)ကမ်ပြားမှုရင်း မှာ (၅-၁၁-၂၀၁၅) ရက်နေ့ နံနက်(၁၀း၀၀)နာရီခန့်တွင် ပျောက်ဆုံး၍ တွေ့ရှိကပေးပို့ပါရန်။
Ph: 203023.

### ပျောက်ဆုံးကြောင်း

ကျွန်မ နော်အဲမာ ၁၄/ပသရ(နိုင်)၀၈၃၉၇၉၊၏ နိုင်ငံကူးလက်မှတ်အမှတ်-M499920 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၁၆၉၂၀

### ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုမျိုးထွဋ်သိန်း၊၁၂/ကမတ(နိုင်)၀၆၀၆၈၄၊၏ PP No. 440322 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၈၀၁၆၈၉၅

### ဦးခင်မောင်လေး၊၁၂/လမန(နိုင်)၀၂၈၈၄၃၊
### (MYANMAR GOLD OUTDOOR ADVERTISING CO.,LTD)
### (မန်နေဂျင်းဒါရိုက်တာ)
### နှင့်အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၁၆)ရပ်ကွက်၊ မာလာမြိုင်(၃)လမ်း၊ အမှတ်(၄၀)နေ ဒေါ်မြင့်သန်းငွေ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

(MYANMAR GOLD OUTDOOR ADVERTISING CO.,LTD)သည် မိသားစုပိုင်ကုမ္ပဏီဖြစ်ပါသည်။ ယခုအခါ ဦးခင်မောင်လေး၊၁၂/လမန(နိုင်)၀၂၈၈၄၃၊သည် အိမ်ထောင်ရေးဖောက်ပြန်နေပါသဖြင့် တရားစွဲဆိုရန် စီစဉ်လျက်ရှိပါသည်။

ထို့ကြောင့် မိသားစုပိုင်ကုမ္ပဏီ၏ ကြော်ငြာ Billboard ငှားရမ်းခြင်း၊ လုပ်ငန်းနှင့်ပတ်သက်၍ ငှားရမ်းထားသော ကုမ္ပဏီများမှ ပေးရန်ရှိသည့် ကြော်ငြာစရိတ်များကို ဦးခင်မောင်လေး တစ်ဦးတည်းအား ထုတ်ပေးမှုမပြုရန်၊ ထို့ပြင် နှစ်ဦးပိုင်မော်တော်ယာဉ်များဖြစ်သော 4I/2187 FORD Explorerနှင့် 2D/8944 SUBARUနှင့် ဦးခင်မောင်လေး၊ ဒေါ်မြင့်သန်းငွေနှစ်ဦး အမည်ပေါက် ပိုင်ဆိုင်သော ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၀ (က+ခ)၊ မြေကွက်အမှတ်(၇၃၂)၊ ဧရိယာ(၀. ၀၂၈)ဧကရှိ နှစ် (၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၄၀)၊ မာလာမြိုင်(၃)လမ်း၊ အမှတ်(၁၆) ရပ်ကွက်၊ လှိုင်မြို့နယ်ဟုခေါ်တွင်သော မြေနှင့်အိမ်များ၊ ကြော်ငြာBillboard ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ကားများနှင့်ပတ်သက်၍ ဒေါ်မြင့်သန်းငွေ၏ သဘောတူညီချက်မပါရှိဘဲ လွှဲပြောင်းရောင်းချ၊ ပေးကမ်းခြင်း တခြားနည်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခြင်း မပြုလုပ်ရန် တားမြစ်လိုက်ပါကြောင်း ဦးခင်မောင်လေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
ဒေါ်ရီရီတင်(၁၉၉၅)
တရားလွှတ်တော်ရှေ့နေ

ရုံးခန်း(၁)အမှတ်-၅၅၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်။
ရုံးခန်း(၂)အမှတ်-၉၀၊ လမ်း(၄၀)၊ မြေညီ၊ ကျောက်တံတားမြို့နယ်၊
ဖုန်း-၃၇၁၇၅၅၊ ၀၉-၅၀၁၁၅၇၁၊ ၇၈၅၀၁၁၅၇၁၊ ၅၀၁၈၃၄၅၊ ၇၈၅၀၁၈၃၄၅၊ ၆၈၀၆၁၂၃၊ ၇၈၆၈၀၆၁၂၃

## ဆောင်းသီးနှံ ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်ရန် စိုက်ပျိုးစရိတ်ချေးငွေ စတင်ထုတ်ပေး

**သုံးခွ နိုဝင်ဘာ ၉**

စိုက်ပျိုးစရိတ်ချေးငွေစတင်ထုတ်ပေး ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် ဆောင်းသီးနှံ ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်ရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ် သုံးခွမြို့နယ်ဘဏ်ခွဲမှ အောက်တိုဘာ ၂၉ ရက်က အောက်သာဒါန်းကျေးရွာအုပ်စုအား စတင်ထုတ်ချေးကြောင်း သိရသည်။

သုံးခွမြို့နယ်တွင် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၆၅ အုပ်စုမှ တောင်သူ ၁၇၂၀၀ အား တစ်ဧကလျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် ပဲစိုက်ဧကပေါင်း ၁၁၅၀၀၀ အတွက် ချေးငွေကျပ်သိန်း ၂၃၀၀၀ ထုတ်ချေးပေးမည်ဟု သိရသည်။

သုံးခွမြို့နယ်ရှိ တောင်သူများမှာ မိုးစပါးချေးငွေ ဆောင်းသီးနှံအတွက် ချေးငွေများကို ကြွေးကျန်မရှိ နှစ်စဉ်ပြေကျေစွာ ပေးဆပ်ကြကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## သဘာဝဘေးသင့်သူများအား တန်းဖိုးသင့်အိမ်ရာများ ဆောက်လုပ်ပေး

**တီးတိန် နိုဝင်ဘာ ၉**

တီးတိန်မြို့ကယ်ဆယ်ရေးစခန်း၌ နေထိုင်လျက်ရှိသော ပြည်သူများအတွက် စကော့လမ်းရပ်ကွက်နှင့် ရှောင်စွန်းကျေးရွာအကြား တက်လှီးကျေးရွာလမ်းခွဲ အစိုးရပိုင် ထင်းရှူးစိုက်ခင်းတွင် ကင်ကျေးရွာ အိမ်ခြေ ၃၈ အိမ်၊ ဝုန်မွာလ်ကျေးရွာ ၇ အိမ်နှင့် ထင်ဇန်ကျေးရွာ ၇ အိမ် စုစုပေါင်း ၄၆ အိမ်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဦးစီးဌာန၊ သစ်ထုတ်လုပ်ငန်းမှ တန်ဖိုးသင့်အိမ်ရာများ ဆောက်လုပ်လျက်ရှိသည်။

ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း ဇူလိုင်လကုန်နှင့် ဩဂုတ်လဆန်းပိုင်းတွင် မကြုံစဖူး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာအတွင်း မြေပြိုမှုများဖြစ်ပွားရာ မြေပြိုမှုကြောင့် ပျက်စီးသွားသောကျေးရွာများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ခိုင်ကမ်းကျေးရွာနယ်နိမိတ်အတွင်း ဆန်နဲမ်ဒေသတွင် လိုင်ဘုံကျေးရွာ ၁၀၅ အိမ်၊ ဝုန်မွာလ်ကျေးရွာ ၃၁ အိမ်၊ ခိုင်ကမ်းကျေးရွာ ၁၅ အိမ်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇိုဟေဆာ**



## သီပေါမြေတွင် ဈေးရနေသည့် ကမ္ဗလာသီးများ လှိုင်လှိုင်ပေါ်၍ဈေးကွက်ဝင်ရောက်

**သီပေါ နိုဝင်ဘာ ၉**

ရှမ်းပြည်(မြောက်ပိုင်း)၏ ဒေသထွက်လိမ္မော်သီးများဖြင့် နာမည်ရလှသိများနေသည့် သီပေါမြို့တွင် လိမ္မော်သီးများ လှိုင်လှိုင်မပေါ်မီကာလ အကြိုအဖြစ် ကမ္ဗလာသီးများ စတင်ပေါ်နေပြီဖြစ်ကာ မြို့မဈေးတွင် လက်လီရောင်းချသူများက ခြံများသို့ ကိုယ်တိုင်ဆင်း၍ဝယ်ယူကြပြီး ဆယ်လုံးပါခြင်းငယ်များဖြင့် ရောင်းချကြနေကြကြောင်းသိရသည်။

လက်ကြီးသမားများကမူ ပွဲရုံများနှင့် ဆက်သွယ်၍ ခြံပြတ်ဝယ်သူ၊ ငွေကြိုတင်ပေးဝယ်သူ၊ သီးပင်အရေအတွက်၊ ခန့်မှန်းထွက်မည့်လုံးရေ စသည်ဖြင့် တွက်ချက်ကာ ဈေးစကားပြောကြသည်။

မဒန်သီးဆိုသည့် မနှစ်တလယ်ကျသီးများမှာ ယခင်နှစ်ကအသီးဖြစ်၍ အလုံးသေး၊ အလုံးငယ်သော်လည်း ချို၍ ဝါဝင်းသောကြောင့် လူကြိုက်များပြီး နှစ်ချို့ဆိုသော်လည်း ချို၍ချိုဈေးနှုန်းသက်သာသာသာဖြင့် ပုံမှန်သာရောင်းချနေကြောင်း သိရသည်။

လက်လီရောင်းဈေးသည်တစ်ဦးဖြစ်သော ပါန္ဒယ်(ဒေါ်နွယ်)က “ဒီနှစ်အထွက်အသီးစိမ်းတွေက ရောရာဆယ်လုံးတစ်ခြင်းထည့်ရောင်းတယ်၊ အလုံးလှတာ မလှတာကြည့်ပြီး ကျပ် ၁၀၀၀၊ ၁၂၀၀ ရောင်းတယ်။ တာလုံ(နောင်ချို)နယ်ဘက်ကအသီးတွေကတော့ မရဘူး။ ဆယ်လုံးကိုကျပ် ၁၅၀၀ ဈေးရှိတယ်။ မဒန်သီးတွေလည်းရောင်းရပါတယ်။ ဆယ်လုံးကို ကျပ် ၈၀၀ ပါ။ သိပ်ညံ့ရင်တော့ ကျပ် ၅၀၀ နဲ့ပဲ ရောင်းရပါတယ်။ မဒန်သီးက အလုံးသေးပေမယ့် ဝင်းဝါနေတော့ လှလည်းလှ၊ ချိုလည်းချိုတော့ ဝယ်ကြပါတယ်” ဟု ပြောပြသည်။

“အမှန်က ကမ္ဗလာသီးကို အသီးစားသည်ထက် ဖျော်ရည်အဖြစ်သာ လူကြိုက်များပါတယ်။ ကမ္ဗလာသီးက လိမ္မော်သီးထက် အချိုလေးလို့ ဖျော်ရည်အတွက်ဆိုက လူပိုကြိုက်ကြလေ့ရှိပါတယ်။ အခုနှစ်မှာ အချိန်မှန်စွာ ရာသီသီးနဲ့ ကမ္ဗလာသီးတွေ သီပေါမြို့ (လိမ္မော်မြေ) မြို့မဈေးတွင် ကြိုကြားကြိုကြားတွေ့လာနေပါပြီ” ဟု ကမ္ဗလာသီးကြိုက်သည့် ယင်းဒေသခံတစ်ဦးက ပြောသည်။

သီပေါမြို့ကို (လိမ္မော်မြေ)ဟု ဆိုကြသည်နှင့်အညီ မြို့၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် ပတ်ပတ်လည်တွင် လိမ္မော်ခြံများဖြင့်သာ အစီအရီတွေ့နိုင်သောကြောင့် ဖြစ်သည်။

ယင်းသို့သော လိမ္မော်ခြံတိုင်းလိုလိုပင် ကမ္ဗလာ၊ သံပရာ၊ သံပယို စသည်တို့ကို ခြံထွက်သီးနှံအဖြစ် ပူးတွဲစိုက်ပျိုးလေ့ရှိပြီး ကမ္ဗလာကမူ လိမ္မော်ထက် အထွက်စောသဖြင့် လိမ္မော်အကြိုသီးသဘော ပေါ်တတ်သည်။

ခြံထွက်သီးနှံတစ်မျိုးဖြစ်သော နာနတ်သီးကမူ သီပေါဈေးကွက်အမည်ရသော်လည်း အမှန်က မြို့၏တောင်ဘက်ခြမ်းရှိ နမ့်လန်မြို့နယ်ခွဲကထွက်၍ အချိုကဲသဖြင့် နာမည်လည်းရကြောင်း သိရသည်။

**စိမ်းသူဟန်**

## နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပေါင် နိုဝင်ဘာ ၉**

ပေါင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် နိုဝင်ဘာ ၉ ရက် နံနက် ၁၀ နာရီက ဖလပ်ကျေးရွာ အ. မ. က (မူလွန်) ဝတ်ကြီးကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး၊ နယ်လှည့်စာကြည့်တိုက်လုပ်ငန်း အသိပညာပေးဟောပြောပွဲများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ပေါင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် စာဖတ်ရှိန်မြှင့်တင်ရေး၊ နယ်လှည့်စာကြည့်တိုက်လုပ်ငန်း၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲများကို ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။ ကွင်းဆင်းဆောင်ရွက်ရာတွင် ဖလပ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးငွေသိန်းက အမှာစကားပြောကြားပြီး ပေါင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးအေးက ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးလက်နေပြည်သူများအား ရွာငယ်ဇနပုဒ်၏ အစွန်းဆုံးမှ တဲပုတ်တွင်နေရသော်လည်း စာအုပ်စာပေကို တစိုက်မတ်မတ်လေ့လာလိုက်စားခဲ့ခြင်းကြောင့် ဘဝ၏အထွတ်အထိပ်ကို ရောက်ရှိသွားသည့် စာပေအကျိုးကျေးဇူးနှင့်ပတ်သက်ပြီး ပြောပြခဲ့သည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများအား စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပပေးခဲ့ပြီး ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူ လေးဦးအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန် /ဆက်)**

## အထက်သီတရာကျေးရွာတွင် ဝါးဖျာလုပ်ငန်းဖြင့် ဒေသခံတောင်သူအချို့ တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိနေ



**စစ်ကိုင်း နိုဝင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် အနောက်ခြမ်းဒေသ ကျွန်းတောအုပ်စု အထက်သီတရာကျေးရွာသည် အိမ်ထောင်စု ၂၀၀ ကျော်ခန့်ရှိပြီး စပါးနှင့် နေကြာ၊ ကုလားပဲ၊ နှမ်း၊ မြေပဲ၊ ကြံစသည်တို့ကို ရာသီအလိုက် စိုက်ပျိုးကြသည်။

ယင်းအပြင် မိသားစု တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိစေမည့် တင်းဝါးဖြင့်ပြုလုပ်သော ဝါးနှီး၊ ဖျာ၊ ကြံသကာများချက်ရာတွင် အခင်းပြုလုပ်သော ကြံသကာဖျာ၊ စပါးရိုင်ပတ်ဖျာ စသည့်ဝါးဖျာရက်ခြင်းအမျိုးမျိုးတို့အား မိုးစပါးစိုက်ပျိုးချိန်၌ ခဏတာ ရပ်နားကာ ကျန်ရာသီကာလများတွင် လုပ်ကိုင်လျက်ရှိကြသည်။

အဆိုပါ ဝါးဖျာရက်လုပ်ငန်းလုပ်ကိုင်ရာတွင် အဓိကလိုအပ်ချက်ဖြစ်သော တင်းဝါးများကို မြို့နယ်ချင်းထိစပ်သည့် ပင်လည်ဘူးမြို့နယ်ရှိ သဘာဝတောတောင်လျှိုမြောင်များနှင့် ထီးချိုင့်မြို့နယ်ရှိ မင်းဝံတောင်တန်း တောတောင်များသို့ အဖွဲ့လိုက်သွားရောက်ရှာဖွေခုတ်ယူကာ မိမိတို့အဆင်ပြေသည့် မော်တော်ဆိုင်ကယ်များနှင့်လည်းကောင်း၊ ခြောက်ဘီးယာဉ်၊ ၁၀ ဘီးယာဉ်တို့ကို ငှားရမ်း၍ သယ်ဆောင်ကာ လုပ်ကိုင်ကြရသည်။

ယင်းကျေးရွာမှ ရက်လုပ်သည့် ဝါးနှီးဖျာများကို ကျေးရွာရှိ ဒေသခံအချို့က အဝယ်ဒိုင်အဖြစ် ဝယ်ယူစုဆောင်းကာ ကောလင်းမြို့ပေါ်ရှိ ကြိမ်နှင့်ဝါးထည်ပစ္စည်းအရောင်းဆိုင်များသို့ တင်သွင်းရောင်းချကြကာ အချို့မှာ မိမိကိုယ်တိုင်ရက်လုပ်သော ဝါးနှီးဖျာများကို ဆိုင်ကယ်ဖြင့်သယ်ဆောင်၍ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး ၊ဗန်းမောက်၊ ထီးချိုင့်၊ ကန့်ဘလူ စသည့်ကျေးလက်ဒေသများသို့ ရောင်းချကြကြောင်း သိရသည်။

ဝါးနှီးဖျာများရက်လုပ်ရောင်းချရာတွင် ဝါးအကြောဖြင့်ရက်လုပ်သော အမာဖျာများကို လေးထောင့်ပတ်လည်ဖျာတစ်ချပ်လျှင် ငွေကျပ် ၅၅၀၀၊ ဝါးနှီးဖြင့်ရက်လုပ်သော အပျော့ဖျာတစ်ချပ်လျှင် ငွေကျပ် ၃၀၀၀ နှင့် ကြံသကာဖျာ အလျားသုံးထောင်၊ အနံနှစ်တောင် ဖျာတစ်ချပ်လျှင် ငွေကျပ် ၁၀၀၀၊ လှည်းများတွင် စပါးထည့်ရာတွင်အသုံးပြုသည့် ရိုင်ပတ်ခွေဖျာနှင့် ဒေသသုံး လေးလုံးထိုးအင်ဂျင်တပ် တုံဖုံး၊ ထော်လာဂျီ စပါးထည့်ရိုင်ပတ်ခွေဖျာ အလျား ၁၂ တောင်ထွာ၊ အနံတစ်တောင့်တစ်မိုက်ဖျာတစ်ချပ်လျှင် ငွေကျပ် ၅၅၀၀၊ အလျား ၁၆ တောင်၊ အနံနှစ်တောင်ဖျာတစ်ချပ်လျှင် ငွေကျပ် ၂၅၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

ယင်းအပြင် မိမိဒေသများနှင့် အခြားဒေသများမှ အော်ဒါမှာဝယ်ယူကြသော တစ်ယောက်အိပ်ဖျာနှင့် နှစ်ယောက်အိပ်ဖျာများကိုလည်း ရက်လုပ်ရောင်းချကြရသဖြင့် ခိုင်မာသည့်ဈေးကွက်ရှိကြသောကြောင့် အဆိုပါလုပ်ငန်းလုပ်ကိုင်ကြသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**စိုင်းလှုမင်း**

## သုံးခွမြို့နယ်တွင် သက်နု၊ သက်လတ်မိုးစပါးများရင့်မှည့်လာ၍ ရိတ်သိမ်း

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၅ အုပ်စု၌ စိုက်ပျိုးထားသော သက်နု၊ သက်လတ်မိုးစပါးများမှာ ရင့်မှည့်လာ၍ စပါးရိတ်သိမ်းခြွေလှေ့စက်များဖြင့်လည်းကောင်း၊ လူအင်အားအသုံးပြု၍လည်းကောင်း ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

စပါးရိတ်သိမ်းခြွေလှေ့စက်များကို အသုံးပြု၍ ရိတ်သိမ်းခြင်းကြောင့် အချိန်ကုန်၊ အလုပ်သက်သာခြင်း၊ ဆောင်းသီးနှံ ပဲတီစိမ်းစိုက်ပျိုးချိန်အမီ ရိတ်သိမ်းနိုင်ခြင်း၊ လုပ်သားရှားပါးမှုအတွက် ပူပင်စရာမလိုခြင်း၊ တလင်းပျောက်စနစ်ဖြင့် ရိတ်သိမ်းခြွေလှေ့နိုင်ခြင်း၊ ဈေးကွက်အတွင်း စပါးများ ချက်ချင်းရောင်းချနိုင်ခြင်းတို့ကြောင့် စက်များကို အသုံးပြုသူ များပြားလာကြောင်း သိရသည်။

သုံးခွမြို့နယ်တွင် ပုသိမ်ရာကျော်၊ ဗီယက်နမ်၊ ပုလဲသွယ်၊ မနောသုခ၊ ဆင်းသုခ စပါးမျိုးများကိုစိုက်ပျိုးကြပြီး စပါးပေါက်ဈေးမှာ နိုဝင်ဘာ ၄ ရက်တွင် ပေါက်ဈေးတင်း ၁၀၀ လျှင် ကျပ် ၅၄၀၀၀၀ ဖြစ်ကာ သုံးခွမြို့နယ်တွင် မိုးစပါးဧကစုစုပေါင်း ၁၅၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ ယခုနှစ်ပညာသင်နှစ်အတွက် လူတွေ့စစ်ဆေးမည်

**ရန်ကုန် နိုဝင်ဘာ ၉**

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများအား ပဏာမလူတွေ့စစ်ဆေးခြင်း၊ မျက်စေ့စမ်းသပ်စစ်ဆေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းများအား နိုဝင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ ယင်းတက္ကသိုလ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါတက္ကသိုလ်မှ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ယခုနှစ်ပညာသင်နှစ်အတွက် ပဏာမ ၃၂၇ ဦး ရွေးချယ်ထားပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများထဲမှ အနိမ့်ဆုံးရမှတ်အဖြစ် အမျိုးသား ၄၇၈ မှတ်နှင့် အမျိုးသမီး ၄၉၀ မှတ်သတ်မှတ်ထားကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ရေယာဉ်တည်ဆောက်မှုပညာဘွဲ့အတွက် ၄၀၊ ရေကြောင်းအင်ဂျင်နီယာပညာဘွဲ့အတွက် ၆၀၊ ရေကြောင်းစက်မှုအင်ဂျင်နီယာပညာဘွဲ့အတွက် ၄၀၊ ဆိပ်ကမ်းအင်ဂျင်နီယာပညာဘွဲ့အတွက် ၄၀၊ မြစ်ချောင်းနှင့် ကမ်းရိုးတန်းအင်ဂျင်နီယာပညာဘွဲ့အတွက် ၄၀၊ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရောနစ်ပညာဘွဲ့အတွက် ၄၀၊ ရေကြောင်းသိပ္ပံပညာဘွဲ့၊ ရေကြောင်းသိပ္ပံပညာ (ဂုဏ်ထူးဘွဲ့) အတွက် ၆၀ သတ်မှတ်ထားပြီး ဘာသာရပ်အလိုက် လက်ခံသင်ကြားပေးသွားမည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(ကြေးမုံ)**

သတင်းဆောင်းပါး

# ကမ္ဘာကျော်ပတ္တမြားပေါ်ထွက်ရာ မိုးကုတ်မြေတွင် ကျောက်ထွက်မှုနှုန်းများ ကျဆင်းလာ

à သန့်ဇင်ဝင်း

"ကျောက်သွေးခုံကြီးတွေတော့ မရှိတော့ဘူး။ ကုန်ကြမ်းကျောက်များများ မထွက်တော့ဘူးလေ။ မထွက်တဲ့အခါကျတော့ မိသားစုတစ်ပိုင်တစ်နိုင် လေးငါးဆယ်ယောက်လောက်ပဲဆိုတော့ ကျောက်သွေးရတာ တချို့ဆို ကိုယ့်ကျောက်ကိုယ်ဝယ်လိုက် သွေးလိုက်ဆိုတော့ လုပ်နိုင်သွားတာပေ့ါ" ဟု မိုးကုတ်မြို့နေ သဘာဝအလှ ကျောက်မျက်ရောင်းဝယ်ရေးဆိုင်ပိုင်ရှင် ဦးထွန်းဦး ကပြောသည်။

မိုးကုတ်မြို့သည် ယခင်က ပတ္တမြား၊ နီလာ၊ ကြောင်ကျောက်များထွက်ခဲ့ရာ ယခုအခါ အထွက်နည်းသွားသည်ဟု သိရသည်။

"အရင်က မိုးကုတ်မှာ ပေါက်တူးနဲ့ဆန်ခါရှိရုံနဲ့ အလုပ်ဖြစ်တယ်။ တစ်နေ့တာ ဝင်ငွေကောင်းကောင်းရှာနိုင်တယ်။ တစ်ခါတရံ အပေ့ါအပါးသွားတာတောင် ကျောက်ကောင်းကောင်းတွေ့ရတဲ့အထိ ကျောက်မျက်ပေါများခဲ့ပါတယ်။ အခု မိုးကုတ်ကို ခရိုင်ပေးမယ်လည်းကြားတယ်။ လောလောဆယ် ပြင်ဦးလွင်ခရိုင်၊ လွတ်လပ်ရေးရပြီးခါစက ရွှေဘိုခရိုင်ထဲ၊ နောက် ရှမ်းပြည်ထဲမှာပါတယ်။ ဒီမှာ လူမျိုးစုံတယ်။ ဒါပေမဲ့ ပဋိပက္ခမဖြစ်ဘူး။ အေးချမ်းတယ်။ ခရစ်ယာန်၊ ဟိန္ဒူ၊ ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ လမ်းထိပ်မှာ ဆစ်ဘုရားကျောင်းတောင်ရှိတယ်" ဟု မိုးကုတ်အင်းအနီးနေထိုင်သူ ကိုလတ်က ပြောသည်။

မိုးကုတ်သားများသည် မြို့တက်ပြီး တက္ကသိုလ်ပညာသင်သွားလျှင်ပင် ငွေမပါသော်လည်း ပတ္တမြားကိုသာ ကျောင်းစရိတ်အဖြစ် အလုံးလိုက်ယူဆောင်သွားကာ ရောင်းချသုံးစွဲလေ့ရှိကြသည်။

ဟံသာဝတီပြည့်ရှင် ဘုရင့်နောင်လက်ထက် မြန်မာသက္ကရာဇ် ၉၀၂ ခုတွင် ကသဲစော်ဘွားကို နှိမ်နင်းနိုင်ပြီး ကသဲသုံ့ပန်းများကို မိုးကုတ်မြို့တွင် နေထိုင်စေခဲ့သည်။ ထိုအချိန်က မိုးကုတ်မြို့၏ ပတ္တမြားကျောက်မျက်များမှာ အပေါ်ယံမြက်နုတ်သကဲ့သို့ ကောက်ယူနိုင်၏။ ထိုခေတ်က မိုးကုတ်ပတ္တမြားအကြောင်းရေးသားသူမှာ ပေါ်တူကီလူမျိုး ဘာဘိုးစ ဖြစ်သည်။

မိုးကုတ်မြို့ဖြစ်ပေါ်လာပုံမှာ သဖန်းပင်ရွာမှ အစပြုခဲ့ကြောင်း စာရေးဆရာထွန်းဦး(မိုးကုတ်)၏ ကမ္ဘာသိတဲ့ မြန်မာ့ပတ္တမြားမြေစာအုပ်တွင် ပါရှိသည်။ မိုးမိတ်စော်ဘွားသိုဟန်ဖက် ၅၇၉ ခုနှစ်လက်ထက်တွင် အမဲလိုက်မုဆိုးများ တောလည်ကြရာမှ မိုးချုပ်သွားသဖြင့် တစ်ညတာခိုနားအိပ်စက်ရန် အနီးနားရှိ သဖန်းပင်ပေါ်တက်ပြီး အိပ်စက်ခဲ့သည်။ မနက်မိုးလင်းချိန်တွင် သဖန်းပင်အောက်ဘက်မှ ချောက်ထဲတွင် ကျီးကန်းများဝိုင်းအော်နေသဖြင့် ကြည့်ရာမှ သားတစ်တုံးများကဲ့သို့ နီရဲရဲကျောက်များကို တွေ့ရှိကြသဖြင့် အဖိုးတန်ကျောက်များဟုယူဆကာ ဖွဲ့ယူကြပြီး မိုးမိတ်စော်ဘွားထံ ဆက်သခဲ့ကြလေသည်။

မိုးမိတ်စော်ဘွားလည်း အဖိုးတန်ကျောက်မျက်များထင်ရသဖြင့် အဆိုပါကျောက်နီများထွက်ရှိရာ တောင်ကိုထိန်းသိမ်းရန် မိသားစုဝင်တချို့နှင့်အတူ အမှုထမ်းများစေလွှတ်တာဝန်ပေးခဲ့ပြီး နှစ်စဉ်ထောက်ပံ့ငွေများပေးပို့စေခဲ့ရာမှ ရှမ်းလူမျိုးများ ခြေချနေထိုင်ခဲ့သည်။

နောက်ပိုင်းတွင် မြန်မာမင်းအဆက်ဆက်နှင့် အီတလီ၊ ပြင်သစ်၊ အင်္ဂလိပ်နှင့် အိန္ဒိ၊ ဂျပန်နယ်ချဲ့ အာဏာပိုင်တို့အဆက်ဆက်၏ မျက်စိကျရာမြို့တစ်မြို့ဖြစ်ခဲ့သည်သာမက သီဟိုဠ်ပတ္တမြားထက် အရည်အသွေးသာသဖြင့် နိုင်ငံခြားသားများ၏ မက်လုံးနေရာဒေသဖြစ်လာခဲ့ရာ ယနေ့တိုင်ပင် ဖြစ်သည်။ ယခုအခါ နိုင်ငံတော်အကျိုးတူကုမ္ပဏီများကသာ ဆက်လက်တူးဖော်လျက်ရှိသည်။

မြောက်ပိုင်းယူနန်မှ တရုတ်ကုန်သည်များ ဗန်းမော်၊ မိုးမိတ်၊ မိုးကုတ်မြို့များသို့ ရောက်ရှိရာမှ မိုးကုတ်ပတ္တမြားများကို ရသမျှဝယ်ယူကာ ပင်လယ်ရေကြောင်းမှတစ်ဆင့် အနောက်နိုင်ငံများသို့ ပို့ဆောင်ခဲ့သဖြင့် မိုးကုတ်ပတ္တမြား၏အရည်အသွေးကို ကမ္ဘာကသိလာသည်။

အင်းဝဘုရင် မြန်မာသက္ကရာဇ် (၇၇၆-၇၇၉) သည် မိုးမိတ်စော်ဘွား သိုဟန်ဘွားထံ သပိတ်ကျင်းကဲ့သို့ မြန်မာပိုင်ရွာကြီး ၁၂ ရွာဖြင့် လဲလှယ်ပြီး မိုးကုတ်မြို့ကို မြန်မာမင်းပိုင်ထဲထည့်သွင်းကာ ပတ္တမြားကျောက်မျက်များကို လက်ဝါးကြီးအုပ်၍ နန်းတွင်းသို့ စုဆောင်းစေခဲ့သည်။

အင်းဝဘုရင်လက်ထက်၌ အီတာလျံလူမျိုးများရောက်ရှိလာပြီး သီပေါမင်းလက်ထက်တွင် မိုးကုတ်၊ ကျပ်ပြင်၊ ကသည်းရပ်ကွက်များတွင် ပြင်သစ်လူမျိုး စီယာဗွန်ဗလိန်းနှင့် မွန်စီယာဘလင်းတို့သည် ဘုရင့်ခွင့်ပြုချက်ဖြင့် ကျောက်မျက်တူးဖော်ခွင့်ပြုကြရာမှ နယ်ချဲ့အင်္ဂလိပ်တို့က လက်ဦးမခံဘဲ သိမ်းပိုက်လိုသဖြင့် အထက်မြန်မာပြည်ကို ၁၈၈၆ ခု ဇန်နဝါရီ ၁ ရက်တွင် ဗြိတိသျှပိုင်အဖြစ် ကြေညာပြီး ဒီဇင်ဘာ ၂၉ ရက်တွင် မိုးကုတ်မြို့ကို ဦးစွာသိမ်းပိုက်ခြင်းမှာ မိုးကုတ်ပတ္တမြားမြေ သိမ်းပိုက်လိုသည့် အကြောင်းရင်းတစ်ခုဖြစ်ခဲ့သည်။ ထိုအချိန်က မိုးကုတ်တွင် အိမ်ခြေ ၃၀၀၊ ကြပ်ပြင်တွင် အိမ်ခြေ ၁၅၀၊ ကသည်း၌ အိမ်ခြေ ၅၀ သာရှိခဲ့သည်။

ကိုလိုနီခေတ်တွင် ၁၈၈၆ ခုနှစ်မှ ၁၉၂၀ ပြည့်နှစ်အထိ မိုးကုတ်မြေကို အုပ်ချုပ်ခဲ့သည့် အရေးပိုင် မစ္စတာကာတာမှ မစ္စတာဂေ့ါဒ်ဘားအထိ အရေးပိုင် ၂၇ ဦးအနက် ၁၉ ဆက်မြောက်အရေးပိုင် မစ္စတာအီးစီအက်စ်ဂျော့မှာ ရှစ်နှစ်ကြာအုပ်ချုပ်ခဲ့ပြီး အင်္ဂလိပ်ဘာသာဖြင့် (Burma Gazetter Ruby Mines District) ကျောက်တွင်း ဒီစကြိတ်စာအုပ်ကို ၁၉၁၅ ခုနှစ်တွင် ရေးသားခဲ့သည်။ ၁၉၁၉ ခုနှစ် ဇွန် ၂၈ ရက်၌ ဗာဆိုင်စာချုပ်လက်မှတ်ရေးထိုးသည့်နေ့တွင် ရရှိသည့် မိုးကုတ်ပတ္တမြားမှာ ၄၂ ကာရက်ရှိပြီး သွေးရာ ၂၃ ကာရက်ကျန်ရှိပြီး ငြိမ်းချမ်းရေးပတ္တမြားဟု အမည်ပေးခဲ့သည်။

၁၉၂၀ ပြည့်နှစ်မှစ၍ ကျောက်တွင်းဒီစတြိတ်ကိုဖျက်ပြီး မိုးကုတ်ကို ကသာခရိုင်ထဲထည့်သွင်းကာ နယ်အရာရှိများက ဆဗ္ဗဒီဗီဇနယ်အဖြစ် အုပ်ချုပ်ခဲ့သည်။ ၁၉၂၅ တွင် ကမ္ဘာ့စီးပွားဆုတ်ယုတ်လာမှုကြောင့် ကျောက်မျက်ဈေးများထိုးကျပြီး နိုဝင်ဘာ ၂၀ ရက်တွင် Burma Ruby Mine Co., Ltd ကို ဖျက်သိမ်းရန် အစုရှယ်ယာများခေါ်၍ ဆုံးဖြတ်ခဲ့သည်။ တွင်းပိုင်ရှင်တစ်ဦးလျှင် နှစ်ဧကခွဲလုပ်ကွက်တစ်နှစ်သက်တမ်းအတွက် မြေတွင်းအခွန်ငွေ ၅၀ကျပ်၊ လူတွင်းအခွန်ငွေကျပ် ၂၅ ကျပ်၊ တွင်းလုံး ၁၂ ကျပ်ဖြင့် လုပ်ပိုင်ခွင့်ရခဲ့ကြသည်။

ကပါးတစ်ခုဖြိုပြီး (George Town) ဟု တည်ခဲ့ရာ ယခု ဂျော့တောင်ရပ်ကွက်ဟု အမည်တွင်ခဲ့သည်။ Ruby Mine Batallian အမည်ဖြင့် မဟာမင်းကြီး ဘားနဒ်လက်ထက်က အခြေစိုက်စခန်းတပ်ခွဲတစ်ခုဖြင့် စောင့်ကြပ်ခဲ့သဖြင့် ယခုအခါ ဘားနဒ်ရွာ(ယခု ရွာသာယာရွာ) ဘားနဒ်ရွာအနီးတွင် အင်္ဂလိပ်စစ်ယမ်းတိုက်နှင့် စစ်သင်္ချိုင်းဟောင်းရှိပြီး သာသနာပြုသူများလည်း အခြေချနေထိုင်ခဲ့သည်။ တရုတ်တန်းရပ်ကွက်တစ်ခုလုံးကို လွတ်ရာအရပ်သို့ရွှေ့ပြီး ကျောက်မျက်တူးခဲ့သည်လည်း ရှိသည်။

အရှေ့မိုးကုတ်မြို့လယ်ကျောက်တွင်းမှာ တွင်းနက်တူးလေမြေအောက်ရေများထွက်လာလေဖြစ်သဖြင့် အရှုံးပေါ်မှုများရှိခဲ့ရာ အင်ဂျင်နီယာချုပ်သစ် မော်ဂန်သည် ပေ ၅၁၁၅ ရှည်သည့် ရေထုတ်လှိုင်ခေါင်းကို ၁၉၀၆ ခုနှစ်မှ ၁၉၀၈ ခုနှစ် နွေရာသီအတွင်း ရေနီချောင်းသို့ဖောက်ထုတ်ရန် တည်ဆောက်ခဲ့ပြီး အနက်ပေ ၁၀၀ ထိ တူးဖော်ခဲ့သည်။ ၁၉၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် မော်ဂန်လှိုင်ဂူပြိုကျပြီး ရေများဖုံးလွှမ်းကာ မိုးကုတ်အင်းကြီးဖြစ်လာတော့သည်။ ယခုအခါ အင်္ဂလိပ်တို့၏ ကျောက်မျက်တူးဖော်၍ဖြစ်ပေါ်လာသည့် အဆိုပါမိုးကုတ်အင်း (မုံကွင်းအင်း)ကြီးအား လမ်းပေါင်များခတ်ကာ အများပြည်သူ အပန်းဖြေနိုင်ရန် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ထားသည်။

ဖ. ဆ. ပ. လ (၁၉၄၄-၁၉၅၄) အစိုးရက မိုးကုတ်မြို့ကို ရွှေဘိုခရိုင်တွင်းသွတ်သွင်း၍ ကျောက်တွင်းပေါင်း သဲစုပ်တွင်း ၆၆၊ ရေစုပ်တွင်း ၃၄၀၊ လက်တူးတွင်း ၇၀၀ နီးပါးဖြင့် တိုင်းရင်းသားများ၏ ကျောက်မျက်တူးဖော်ရေး တိုးမြှင့်ခဲ့သည်။ လမ်းခရီးဆက်သွယ်မှုခက်ခဲသဖြင့် သူပုန်များသောင်းကျန်း၍ ဂျပန်စစ်တပ်များ ဝင်ရောက်ဗုံးကြဲခံခဲ့ရသည်။ ထိုအချိန်က အင်္ဂလိပ်၊ ဂျပန်တို့သည် မြန်မာပြည်ရောက်ပါက မိုးကုတ်မှကျောက်မျက်ကို လေယာဉ်ဖြင့်လည်းကောင်း၊ ကားလမ်းမှ လည်းကောင်း လူကြုံပါး၍လည်းကောင်း နည်းမျိုးစုံဖြင့် ဝယ်ယူခဲ့ကြသည်။

၁၉၉၅ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် မြန်မာ့စီးပွားရေးဦးပိုင်မှ ကျောက်မျက်တူးဖော်ရေးစခန်းကို လွှဲပြောင်းတာဝန်ယူလုပ်ကိုင်ခဲ့ပြီး ယခုအခါ နိုင်ငံတော်အကျိုးတူကုမ္ပဏီများက တူးဖော်လျက်ရှိသည်။

မိုးကုတ်မြို့သည် ပင်လယ်ရေပြင်မှ ပေ ၅၀၀၀ ကျော်မြင့်ပြီး စတုရန်းမိုင်ပေါင်း ၄၅၃ ဒသမ ၆၀ မိုင်ကျယ်ဝန်းသည့် တောင်ပေါ်မှ ဒယ်အိုးပုံမြို့ကလေးပင်ဖြစ်သည်။ အရှေ့မိုးကုတ်နှင့် အနောက်မိုးကုတ်ဟု နှစ်ခြမ်းရှိပြီး မိုးကုတ်မြို့ကို ရှမ်းစကားအရ (မိန်းကွတ်) ကွေ့ကောက်သောမြို့၊ မိန်းကု (ပ) ခမောက်မြို့၊ (မိန်းကတ်) အေးချမ်းသည့်မြို့၊ (မိုးချုပ်) မိုးချုပ်စောသည့်မြို့ စသည်ဖြင့် အမည်အမျိုးမျိုးဖြင့် ယူဆရေးသားခဲ့ကြသည်။ မိုးကုတ်မြို့သည် အရှေ့နှင့် တောင်ဘက်တွင် ကျောက်မဲမြို့နယ်၊ မြောက်ဘက်တွင် မိုးမိတ်မြို့နယ်၊ အနောက်ဘက်တွင် သပိတ်ကျင်းမြို့နယ်တို့နှင့် နယ်မြေထိစပ်လျက်ရှိသည်။ မန္တလေးမြို့မှ ၁၂၈ မိုင်ကွာဝေးပြီး ပြင်ဦးလွင်လမ်းနှင့် စဥ့်ကူး၊ သပိတ်ကျဉ်းလမ်းတို့မှ ကားလမ်းခရီး ၇ နာရီကြာသွားရသည်။ လမ်းအနည်းငယ်ကျဉ်းသော်လည်း ယခုအခါ လမ်းချဲ့ထွင်ပြုပြင်လျက်ရှိသည်။

ပြည်တွင်းနှင့် အိမ်နီးချင်းနိုင်ငံများ၌ ဘုရားတည်ရာတွင်လည်း မိုးကုတ်ပတ္တမြားကို လှူဒါန်းအသုံးပြုခဲ့ကြသည်။ အိမ်နီးချင်းနိုင်ငံဖြစ်သည့် သီဟိုဠ်ကျွန်း မဟာစေတီသို့ ၁၉၃၉ ခုနှစ်တွင် ၁၅ ရတီရှိ ပတ္တမြားအပါအဝင် နဝရတ်ကိုးပါး၊ ရွှေချိန်သုံးပိဿာပါသည့် ၁၃ လက်မရှိ စိန်ဖူးတော်ကို မိုးကုတ်ဆရာတော်ဦးဝိမလနှင့် တပည့်များက စုပေါင်းလှူဒါန်းခဲ့သည်။ ၁၃၁၈ ခုနှစ် နတ်တော်လဆုတ် ၅ ရက် ၂၂-၁၂-၁၉၅၆ ရက်တွင် မိုးကုတ်နေပြည်သူများ၏ ဒုတိယမြောက်စိန်ဖူးတော်အလှူကို သီဟိုဠ်ကျွန်းရှိ မဟိယင်္ဂဏစေတီမြတ်သို့လည်းကောင်း နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုဦးဆောင်၍ မိုးကုတ်မြို့ခံလူ ၉၀ ကျော်လိုက်ပါပို့ဆောင်၍ သွားရောက်လှူဒါန်းရာ သီဟိုဠ် (ယခုသီရိလင်္ကာနိုင်ငံ) ဝန်ကြီးချုပ် ဒေါက်တာဘန္ဒရာနကေးမှ လက်ခံခဲ့သည်။

မိုးကုတ်မြို့တွင် ယခင်က ကျောက်မျက်ရတနာအရောင်းအဝယ်လုပ်သူများက မိမိတို့တွင်းများမှထွက်ရှိသည့် ကျောက်အရည်အသွေးအမျိုးအစားအလိုက် ကျောက်ထုတ်များကို 'ထာ' ခေါ် ကြေးလင်ဗန်းကြီးထဲတွင်ထည့်ပြီး ပြသကြသည်။ ထိုသို့ကျောက်မျက်အရောင်းအဝယ်ပြုလုပ်ရာဈေးကို ထာပွဲကန်းဟုခေါ် ဆိုပြီး နေ့စဉ် ကျောက်မျက်လာရောက်ပြသ စမ်းသပ်သူ ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။ ယခုအခါ ပတ္တမြားရပ်ကွက်ဟု ပြောင်းလဲခေါ်တွင်စေသည်။ ထိုထာပွဲဈေးများကို မြို့နယ်စည်ပင်သာယာမှုကြီးကြပ်၍ မိုးကုတ်မြို့ အရှေ့နှင့်အနောက်နှစ်ခြမ်းလုံးတွင် လေး၊ ငါးနေရာ၌ လာရောက်ပြသ ရောင်းချလျက်ရှိသည်။ အရောင်းအဝယ်ဖြစ်သည့်ကျောက်အမျိုးအစား ၃၀ ကျော်ရှိပြီး ပတ္တမြား၊ နီလာ၊ အည့်၊ ပြောင်ခေါင်းစိမ်းကျောက်တို့မှာ အဓိကရောင်းတန်းဝင်ကြသည်။



မိုးကုတ်မြို့တွင် နိုင်ငံခြားသားများကိုရောင်းချနိုင်မည့် ကျောက်မျက်ပြခန်းတစ်ခု ဖွင့်လှစ်နိုင်ရေးနှင့် One Stop Service အဆောက်အအုံ ဖွင့်လှစ်နိုင်ရေး နေရာရှာဖွေလျက်ရှိကြောင်း၊ ဖွင့်လှစ်ပါက ကျောက်မျက်ပစ္စည်းကိရိယာများ လှူမည့်သူများရှိနေကြောင်းကို "အဓိကကျောက်မျက်စင်တာတစ်ခုကတော့ မိုးကုတ်မှာ မဖြစ်မနေလိုတယ်လေ။ မိုးကုတ်မြို့က ကျောက်ထွက်တဲ့ဒေသဖြစ်ပြီးမှ မိုးကုတ်မှာ ကျောက်မျက်ဈေးကွက်က မဖြစ်ဘူး။ နယ်စပ်မှာသွားဖြစ်နေတယ်။ အနည်းဆုံး ကျွန်တော်တို့က ပြပွဲဆို နေပြည်တော်ကိုသွားရတယ်။ ရန်ကုန်ကနေ သွားရတယ်ဆိုတော့ ကိုယ့်မြို့ကိုယ့်ဒေသကဟာတွေကို ထိန်းသိမ်းပြသဖို့ ကျောက်မျက်စင်တာကလိုတယ်။ ကျောက်မျက်ပြတိုက်နဲ့ ကျောက်မျက်စင်တာကို မဖြစ်မနေလုပ်ရမှာပါ။ နေပြည်တော်မှာလုပ်တဲ့ Emporiumu နိုင်ငံတကာကုန်သည်ကြီးတွေအတွက်တော့ အဆင်ပြေတယ်" ဟု ဒေသခံကျောက်မျက်ရောင်းဝယ်သူတစ်ဦးက ပြောသည်။

မိုးကုတ်ဒေသသည် နိုင်ငံခြားသား ခရီးသွားများ စိတ်ဝင်စားသည့် နေရာဒေသတစ်ခုဖြစ်သော်လည်း နိုင်ငံခြားသားဧည့်သည်များ သွားရောက်လည်ပတ်ရန် ကန့်သတ်ချက်များရှိနေသည်။ ယင်းအပြင် မိုးကုတ်ရောက် အမှတ်တရအဖြစ် ကျောက်မျက်ဝယ်ယူရန် အာမခံပေးနိုင်သည့် အဆောက်အအုံ ဌာနများလည်း မရှိသေးသောကြောင့် ကျောက်မျက်ရောင်းချသူများအနေဖြင့် နိုင်ငံခြားသားများအား တရားဝင်ရောင်းဝယ်နိုင်မှု အခြေအနေနည်းပါးနေသေးကြောင်း သဘာဝအလှ ကျောက်မျက်ရောင်းဝယ်ရေးဆိုင်ပိုင်ရှင် ဦးထွန်းဦးက ပြောသည်။

"နိုင်ငံခြားသားတွေ ကျောက်ဝယ်ခွင့်မရှိဘူး။ နားလည်မှုနဲ့ သူတို့ထာပွဲမှာ အမှတ်တရအနေနဲ့ ဝယ်သွားတယ်။ သူဝယ်သွားလို့ လေဆိပ်ကထွက်ဖို့အတွက် ဖြတ်ပိုင်းပေးပါဆို ပေးလို့မရဘူး။ သူတကယ်တမ်း ဥပဒေအရ ဝယ်သွားလို့ရတဲ့ဟာကလည်း ဒီက ရွှေနဲ့လုပ်ထားတဲ့ လက်ဝတ်ရတနာကိုပဲ ရောင်းခွင့်ရှိတာ။ အရိုင်းမပြောနဲ့ အလွတ်တောင်မှ ရောင်းလို့မရဘူး။ အဲဒီလိုလုပ်ပေးဖို့ကလည်း အာမခံတဲ့အဆောက်အအုံရှိမှ အဲဒါမှ တစ်ခါတည်း အခွန်ဆောင်ရမယ်။ တာချိတ်ထိုးမယ်။ ဖြတ်မယ်။ one stop service လုပ်ပေးလို့ရမှာ။ အခုတော့ One Stop က ဘာမှမစရသေးဘူး။ ဒါကြောင့် ဒီကျောက်မျက်အဆောက်အအုံကိုတော့ မြန်မြန်ဖြစ်စေချင်တယ်။ အခု သီတင်းကျွတ်ဆို နိုင်ငံခြားသားတွေ ခရီးသွားတွေလာတော့မှာ။ အခုက မိုးကုတ်ဟိုတယ်ဇုန်လည်းရှိလာပြီ။ ကျောက်က ဒီဒေသက အမှတ်တရထွက်ကုန်ပဲ။ သူတို့နိုင်ငံခြားသားတွေအနေနဲ့ကတော့ ဒေါ်လာ ၁၀၊ ၂၀ ဆိုတာ ဘာမှမဟုတ်ဘူးလေ။ ဒီဘက်က လူတွေအတွက်တော့ အတော်အဆင်ပြေတယ်လေ။ အဲဒီတော့ ကျောက်မျက်ပြတိုက်ကြီးဖွင့်ပြီးရင် အဆင်ပြေမှာပါ။ ကျောက်မျက်ပြတိုက်ဆောက်ပြီးပါက ကျောက်စမ်းသပ်ပစ္စည်းတွေ လှူမယ့်သူတွေရှိတယ်။ အရင်က မိုးကုတ်မှာ Burma Ruby Mine ကုမ္ပဏီကပဲ အစအဆုံးလုပ်ခဲ့တာပဲ" ဟု ဦးထွန်းဦးက ပြောသည်။

နိုင်ငံခြားသားများ မိုးကုတ်သို့သွားရောက်လည်ပတ်လိုပါက တိုင်းဒေသကြီးသို့ နှစ်ပတ်ကြိုပြီးသွားလာခွင့်တင်ရမည်ဖြစ်ပြီး သွားလာခွင့် ခွင့်ပြုချက်ကျမှသာ မိုးကုတ်မြို့သို့ နိုင်ငံခြားသားခရီးသည်များသွားလာနိုင်ကြောင်း သိရသည်။



# ယာဉ်မောင်းနှင့် ယာဉ်အကူများ ခရီးသည်များပေါ် မထီမဲ့မြင်လုပ်မှု ပိုမိုများပြားလာ

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်မြို့တွင် နေ့စဉ်ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်လိုင်းအများစုမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ ခရီးသည်များပေါ် မထီမဲ့မြင်ပြုလုပ်မှု ပိုမိုများပြားလာကြောင်း နေ့စဉ်ခရီးသွားများက ဝေဖန်ပြောဆိုနေကြသည်။

"ကျွန်တော်တို့က ရွှေပြည်သာကနေ ရန်ကုန်မြို့ထဲကို နေ့တိုင်းအလုပ်သွားနေကြရတာ။ နေ့တိုင်းခရီးရှည်သွားနေရတာဆိုတော့ ယာဉ်မာင်းနဲ့ ယာဉ်နောက်လိုက်တွေရဲ့ စရိုက်တွေကို အစအဆုံးမြင်နေရတယ်။ အဆိုးဆုံးကတော့ မှတ်တိုင်လုပြီး ကားကိုပြိုင်မောင်းကြတာတွေ၊ ခရီးသည်တွေကို လမ်းလယ်မှာအတင်းဆင်းခိုင်း၊ မီးပွိုင့်မှာဆင်းခိုင်းနဲ့ ခရီးသည်ကမဆင်းရဲလို့ မဆင်းဘူးဆိုရင် 'လာနေကြတယ်ဟုတ်လား၊ အဲလောက်နေနေရင် Taxi စီးကြ' ဆိုတာမျိုးတွေပြောပြီး ခရီးသည်ကမခံနိုင်လို့ပြန်ပြောရင် စကားများကြရော။ အဲဒီခရီးသည်လည်းဆင်းသွားရော ယာဉ်နောက်လိုက်က မျိုးစုံဆဲတော့တာပဲ။ ကားပေါ်မှာရှိနေတဲ့ ခရီးသည်တွေကိုလည်း ဂရုမစိုက်ဘူး။ ဆဲချင်သလိုဆဲ ပြောချင်သလိုပြောနေကြတာ ခရီးသည်တွေမကြားဝံ့မနာသာပဲ။ ရုံးတက်ရုံးဆင်းချိန်တွေဆိုရင် ကားထဲမှာ လူကအပြည့်အကြပ်။ ကားလမ်းတွေကပိတ်၊ လူကကြပ်၊ ယာဉ်နောက်လိုက်ကအပြောဆိုး၊ ယာဉ်မောင်းက ဆေးလိပ်သောက်နဲ့ ကားထဲမှာ ငရဲကျနေသလိုပဲ။ ဒါကို ခရီးသည် တစ်ယောက်နှစ်ယောက်လောက် ပိုက်ဆံပေးဖို့ကျန်နေရင် ကားကိုမမောင်းဘဲ ဒီအတိုင်းရပ်ထားတာ။ သူတို့ရဖို့အတွက်ပဲကြည့်တယ်။ အခြားခရီးသည်တွေရဲ့ ဒုက္ခကို သူတို့ မကြည့်ဘူး" ဟု ရွှေပြည်သာမြို့နယ်တွင်နေထိုင်သူတစ်ဦးက ပြောသည်။

ယာဉ်နောက်လိုက်များမှ ယာဉ်စီးခပိုမိုကောက်ခံနေမှုများကြောင့် ခရီးသည်များနှင့် ယာဉ်နောက်လိုက်များ နေ့စဉ်မပြေလည်မှုများဖြစ်နေကြကြောင်းလည်း ခရီးသွားများကပြောသည်။

"အထူးကားလို့အမည်ပြောင်းတပ်ထားတဲ့ကားတွေကော ခရီးစဉ်ပိုင်းဖြတ်မှုအရ ယာဉ်စီးခကောက်ခံတဲ့ ခရီးသည်တင်ယာဉ်တွေကော ဗိုလ်တထောင်ကနေ လှိုင်သာယာကိုစီးရင် ၃၀၀ ကျပ်ပေးရပါတယ်။ ခရီးသည်တွေကလည်း ကျေကျေနပ်နပ် ပေးကြပါတယ်။ ဒါပေမယ့် လမ်း ၃၀၊ လသာ၊ ၁၅ လမ်း၊ အလုံကနေ လှိုင်သာယာဆိုလည်း ၃၀၀ ကျပ်တောင်းကြတော့ တချို့ခရီးသည်တွေက ၂၀၀ ကျပ်ပဲပေးနိုင်တယ်။ အဲဒီမှာစကားများကြရော။ အဲလိုစကားများတော့ ယာဉ်နောက်လိုက်က ယာဉ်မောင်းကို ကားရပ်ခိုင်းပြီး ခရီးသည်တွေကို ၃၀၀ မပေးနိုင်ရင်ဒီကားမစီးနဲ့ ဆိုပြီး ရောက်တဲ့နေရာ လမ်းမအလယ်မှာ ချထားခဲ့တာတွေ ခဏခဏမြင်နေရတယ်။ အနောက်မှာနေရာကြပ်လို့ အရှေ့မှာစီးရင် ထိုင်စီး ၁၀၀၀ ကျပ် မတ်တတ်ရပ်စီး ၅၀၀ ကျပ်ပေးရတယ်။ မကျေနပ်ရင် ကြိုက်တဲ့နေရာတိုင်ဆိုပြီး ပြောတာတွေကလည်း အမြဲလိုလိုကြားနေရတယ်" ဟု ခရီးသွားတစ်ဦးက ပြောသည်။

"ယခင်တစ်ရက်ကဆိုရင် ယဉ်မောင်းဘယ်လောက်အချိုးမပြေလိုက်သလဲဆို သူ့ဘေးမှာ သူကောင်မလေးကားလိုက်စီးတယ် ထင်ပါတယ်။ အရှေ့မှာ ယောကျ်ားလေးတွေကိုမတင်ဘူး မိန်းကလေးတွေကိုပဲတင်တယ်။ တစ်လမ်းလုံးလဲ ခရီးသည်တွေနဲ့ ယာဉ်နောက်လိုက်တွေကို ဟိန်းလိုက်ဟောက်လိုက်တာ သူ့ကိုယ်ပိုင်ကားပေါ် ခရီးသည်တွေကို အလကားတင်လာသလိုပါပဲ။ ကားက လှိုင်သာယာမြို့ထဲရောက်လာတော့ ခရီးသည်တွေပါးလာတယ်။ အဲဒီအချိန် ရှေ့မှာစီးတဲ့မိန်းကလေးတစ်ယောက်က မှတ်တိုင်ရောက်ခါနီးတော့ ဆင်းဖို့ပြင်နေတာကို ယာဉ်မောင်းက 'ဟဲ့ကောင်မလေး၊ နင်နောက်ကသွားဆင်း' ဆိုပြီး လှမ်းဟောက်တယ်။ အဲဒီမိန်းကလေးကလည်း သူ့ကို ခပ်တည်တည်ပဲကြည့်ပြီး ရှေ့ကနေပဲဆင်းသွားတယ်။ အမှန်က သူ ၅၀၀ လိုချင်လို့ အရှေ့ကနေတင်လာပြီးမှတော့ ခရီးသည်ဆင်းမဲ့မှတ်တိုင်မှာ ချပေးရမှာ သူ့အလုပ်ပဲ။ ခရီးသည်တင်ကားကို ကိုယ်ပိုင်ကားလိုမောင်းပြီး မောက်မာနေတဲ့ယာဉ်မောင်းတွေလည်း အများကြီးပါပဲ" ဟု လှိုင်သာယာတွင်နေထိုင်သူတစ်ဦးက ပြောသည်။

"အခုလိုင်းကားတွေက ညနေဘက်ဆိုရင် ခရီးစဉ်အဆုံးထိ မသွားချင်ကြတော့ဘူး။ ဂတ်စ်ထည့်စရာရှိတယ်ဆိုပြီး ဂတ်စ်ဆိုင်ရှေ့မှာဆင်းခိုင်းလိုဆင်းခိုင်း၊ လှိုင်သာယာကိုသွားမယ့်ကားက အင်းစိန် ပေါက်တောဝမှာ ခရီးသည်တွေကို ဆင်းခိုင်းလိုဆင်းခိုင်းနဲ့ တချို့လည်း ကားချိန်းပေးတယ်။ တချို့လည်း ဒီတိုင်းပဲချထားခဲ့တယ်။ ကားထဲမှာ ဂတ်စ်တကယ်မရှိတော့ဘူးဆိုရင်တော့ နားလည်ပေးရမှာပေ့ါ။ ဒါပေမယ့် အဲလိုကိစ္စတွေက နေ့တိုင်းကြုံနေရတာ။ လှိုင်သာယာ ဘီအိုစီမှတ်တိုင်နားမှာ ဂတ်စ်ဆိုင်ရှိတော့ အဲဒီဂတ်စ်ဆိုင်ကိုလှမ်းကြည့်လိုက်လို့ တန်းစီနေတဲ့ကားရှင်းတယ်ဆိုရင် ရှေ့မှတ်တိုင်တွေကိုဆက်မသွားတော့ဘူး။ ဂတ်စ်ဆိုင်ရှေ့မှာရပ်ပြီး ခရီးသည်တွေကို ဆင်းခိုင်းတော့တာပဲ။ ခရီးသည်တွေက ကိုယ့်အစီအစဉ်နဲ့ကိုယ် လမ်းလျှောက်သူလျှောက်၊ ကားပြောင်းစီးသူစီးနဲ့ ခရီးဆက်ရတယ်။တချို့ကားတွေကျတော့ သမိုင်းအဝိုင်းမှာ ကားတွေပိတ်နေလို့ဆိုပြီး ရှေ့ဆက်မသွားတော့ဘဲ ဘီအိုစီနဲ့ သမကုန်းကြားက ကမ်းသာယာအိမ်ရာရှေ့မှာ ဂိတ်ဆုံးပြီဆိုပြီး ခရီးသည်တွေကိုဆင်းခိုင်းရော' ဟု လှိုင်သာယာတွင်နေထိုင်သူများက ပြောသည်။

ယင်းကဲ့သို့ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များက ခရီးသည်များအပေါ် မထီမဲ့မြင်ပြု၍ မောက်မာရိုင်းစိုင်းစွာ ဆက်ဆံနေကြခြင်းမှာ တာဝန်ရှိသူများ၏ အရေးယူမှုအားနည်းနေခြင်းနှင့် ပွင့်လင်းမြင်သာမှုအားနည်းခြင်းကြောင့်ဖြစ်ကြောင်း လေ့လာသူများက သုံးသပ်သည်။

"ဟိုတလောက လှိုင်သာယာကိုသွားတာ ကားက အင်းစိန်ပေါက်တောဝလည်းရောက်ရော ဆက်မသွားတော့ဘူးဆိုပြီး ခရီးသည်တွေကိုပြောတယ်။ ခရီးသည်တွေလည်း ဒေါသဖြစ်ပြီး ယာဉ်နောက်လိုက်နဲ့စကားများကြတယ်။ 'ခင်ဗျားတို့ကို လှိုင်သာယာလို့ ဘယ်သူကပြောလည်း။ ကျွန်တော်အင်းစိန်လို့ပဲအော်တာ' တဲ့။ ခရီးသည်တွေကလည်း 'မင်းကားမှာ လှိုင်သာယာလို့ ဘာလို့ရေးထားလဲ။ မင်းလှိုင်သာယာမရောက်ဘူးလို့ အော်ပါလား။ ဘာလို့မလိမ့်တစ်ပတ်အော်လဲ' ဆိုပြီး ခရီးသည်တွေနဲ့ စကားများတော့ ယာဉ်နောက်လိုက်က ခင်ဗျားတို့မကျေနပ်ရင် တိုင်ချင်တဲ့နေရာတိုင်ဆိုပြီး ကားပေါ်တက်သွားတယ်။ ယာဉ်မောင်းက ကားမောင်းပြီး ထွက်သွားတယ်။ ကျွန်တော်လည်း စိတ်တိုတာနဲ့ ကားပေါ်မှာတုန်းက မှတ်ထားလိုက်တဲ့ ဖုန်းနံပါတ်တွေကိုဆက်တာ တချို့ဖုန်းလာကိုင်တဲ့သူတွေက သူတို့နဲ့မဆိုင်လို့ ဒီဖုန်းနံပါတ်ကိုဆက်ပါဆိုပြီး လွှဲပေးတယ်။ လွှဲပေးတဲ့ဖုန်းကိုဆက်တော့ မကိုင်ဘူး။ ဒါနဲ့ တိုင်တဲ့အလုပ် မအောင်မြင်လိုက်ဘူး' ဟု ခရီးသွားတစ်ဦးက ပြောသည်။

ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၏ မယဉ်ကျေးခြင်းနှင့် ယာဉ်စီးခပိုမိုတောင်းခံခြင်းများကို မ. ထ. သ(ဗဟို)မှ အပြစ်ပေးဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းများပို့ချ၍လည်း ပြုပြင်ပေးကာ ယာဉ်လိုင်းများနှင့်လည်း ဆွေးနွေးမှုများပြုလုပ်၍ ထိန်းသိမ်းပေးနေကြောင်း၊ တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်၊ အီးမေးလိပ်စာနှင့် ဝက်ဆိုဒ်လိပ်စာများကို မီဒီယာမှတစ်ဆင့် အများပြည်သူသို့ အသိပေးထားပြီးဖြစ်ကြောင်း၊ သို့သော်ဖုန်းဖြင့် ဆက်သွယ်တိုင်ကြားချိန်သည် ရုံးဆင်းချိန်ဖြစ်နေပါက ဖုန်းကိုင်မည့်သူမရှိခြင်းများဖြစ်တတ်ကြောင်း၊ ခရီးသည်များမှ ဆက်သွယ်တိုင်ကြားလာပါက တိုင်ကြားသူ၏ အမည်နှင့် ဖုန်းနံပါတ်ကို မှတ်သား၍ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ကို စစ်ဆေးအရေးယူကာ အကြောင်းပြန်ပေးကြောင်း၊ သို့သော် ပြန်လည်ဆက်သွယ်၍မရသော ဖုန်းနံပါတ်များလည်းရှိကြောင်း မ. ထ. သ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က ကြေးမုံသတင်းစာသို့ပြောသည်။

မ. ထ. သ (ဗဟို) ၏ စစ်ဆေးတွေ့ရှိချက်အရ အချို့ယာဉ်နောက်လိုက်များမှာ သတ်မှတ်ယာဉ်နောက်လိုက်များမဟုတ်ဘဲ ဘော်ဒါယာဉ်နောက်လိုက်များဖြစ်နေသည်ကို တွေ့ရကြောင်း၊ ယင်းတို့ကိုလည်း ဖော်ထုတ်၍ စစ်ဆေးအရေးယူလျက်ရှိကြောင်း ဦးလှအောင်က ဆက်လက်ပြောသည်။

**ကံ့ကော်**

## အစားအစာလုံခြုံစိတ်ချရမှုနှင့် အပင်ပိုးမွှားကင်းရှင်းရေး တွေ့ဆုံဆွေးနွေးပွဲပြုလုပ်

**မင်းကင်း နိုဝင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ် ပသေးကျေးရွာအုပ်စု ပသေးကျေးရွာမဏ္ဍပ်ရုံတွင် နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီက ပို့ကုန်ဝင်ငွေတိုးမြင့်လာစေရေး အစားအစာလုံခြုံစိတ်ချရမှုနှင့် အပင်ပိုးမွှားကင်းရှင်းရေးအတွက် ဒေသခံတောင်သူ ၈၂ ဦးနှင့် တွေ့ ဆုံ၍ ဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ ပို့ကုန်ဝင်ငွေတိုးမြင့်လာစေရေး အစားအစာလုံခြုံစိတ်ချရမှုနှင့် အပင်ပိုးမွှားကင်းရှင်းရေးတွေ့ဆုံပွဲတွင် အမျိုးသားပို့ကုန်မဟာဗျူဟာဆောင်ရွက်ချက်များထဲမှ ဆီထွက်သီးနှံနှင့်ပတ်သက်၍ အီတလီနိုင်ငံနှင့် မြန်မာနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ညှိနှိုင်းချက်အရ တိုင်းဒေသကြီးအတွင်း၌ ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ကုန်ဝင်ငွေတိုးမြင့်လာစေရေး၊ ဒေသခံပြည်သူများအစားအစာလုံခြုံစိတ်ချရမှုနှင့် အပင်ပိုးမွှားကင်းရှင်းရေးအတွက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးသောင်းကြိုင်နှင့်မြို့နယ်တာဝန်ခံ ဦးဌေးဝင်းတို့ကရှင်းလင်းဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ယင်းနောက် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်သူများအစုအဖွဲ့နှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများအစုအဖွဲ့တို့ဖွဲ့စည်းကာ စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**



## ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၉**

မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၇ ရက်က ဟိုပင်မြို့ တကွင်းကျေးရွာဘက်မှ မြကျွန်းသာရပ်ကွက် မြငွေရောင်လမ်းဘက်သို့ လောဆန်(ခ)မောင်စံ မောင်းနှင်ပြီး တင်နောင်းလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၅၀ (ဘိန်းဖြူ အလေးချိန် သုည ဒသမ ၅၈၇ ကီလို) သိမ်းဆည်းရမိသည်။

အလားတူ နိုဝင်ဘာ ၈ ရက်က ဖားကန့်မြို့နယ် လုံးခင်းကျေးရွာဂေါက်ကွင်းရှေ့ "ပေါ်ဦး"စားသောက်ဆိုင်လမ်းကြားတွင် ဘရန်ဆိုင်း(ခ)လာဒီး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် ခေါင်လွမ်းမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တို့ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြားအကြေ သုည ဒသမ ၀၁၂ ကီလိုတို့ကိုလည်းကောင်း၊ နိုဝင်ဘာ ၈ ရက်က တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက် နယ်မြေ(၇)အောင်မင်္ဂလာလမ်း အိမ်အမှတ်(ည/၁၈၅)နေ ခွန်သိန်းဦး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

တောင်ငူ GTI, EGTI, GTC, GTU ကျောင်းသား/ကျောင်းသူများ၏
တောင်ငူ GTI နှစ်(၃၀)ပြည့် ပတ္တမြားရတုနှင့်
(၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

တောင်ငူ GTI နှစ်(၃၀)ပြည့် ပတ္တမြားရတုနှင့် (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးကို ၂၀၁၅ခုနှစ် ဒီဇင်ဘာလ ၂၇ရက်၊ နံနက် ၉နာရီတွင် တောင်ငူမြို့၊ ကန်ရိုးကျေးရွာရှိ တို့တစ်တွေ ပညာအတူ သင်ယူခဲ့တဲ့ ကျောင်းတော်ကြီး၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သူငယ်ချင်းများအားလုံးကျေးဇူးရှင်ဆရာကြီး/ဆရာမကြီးများအားလုံးကို ပူဇော်ကန်တော့နိုင်ရန်နှင့်တို့သူငယ်ချင်းများအားလုံး ကျောင်းတော်ကြီးတွင် ပြန်လည်ဆုံတွေ့နိုင်ရန် ဖိတ်ကြားလိုက်ပါတယ်။

ရပ်ဝေးရပ်နီး သူငယ်ချင်းများ အချိန်မီလာရောက်နိုင်ရန် နှိုးဆော်လိုက်ပါတယ်--

အလှူငွေကို အောက်ဖော်ပြပါသူငယ်ချင်းများနှင့် ဆက်သွယ်လှူဒါန်းနိုင်ပါသည်--

| | |
|---|---|
| ကိုအေးကို | ဖုန်း-၀၉-၅၁၃၀၆၁၅(ရန်ကုန်) |
| ကိုနိုင်မင်းသူ | ဖုန်း-၀၉-၅၀၅၉၉၈၉(ရန်ကုန်) |
| ကိုနေမျိုး | ဖုန်း-၀၉-၅၀၀၆၃၁၄(ရန်ကုန်) |
| ကိုမြင့်နိုင် | ဖုန်း-၀၉-၅၁၁၄၂၆၂(ရန်ကုန်) |
| ကိုမြင့်စိုး | ဖုန်း-၀၉-၇၃၂၂၂၈၉၀(ပျဉ်းမနား) |
| ကိုခင်မောင်ဦး | ဖုန်း-၀၉-၅၁၅၂၆၂၆(ရန်ကုန်) |
| မခင်မာလာထွန်း | ဖုန်း-၀၉-၅၁၆၁၂၃၄(ရန်ကုန်) |
| ကိုအောင်ကျော်နိုင် | ဖုန်း-၀၉-၅၁၉၅၁၉၄(ရန်ကုန်) |
| မမာမာနွယ် | ဖုန်း-၀၉-၄၄၈၀၀၀၁၉၃(ရန်ကုန်) |
| မစန္ဒာသောင်း | ဖုန်း-၀၉-၅၁၇၁၂၇၅(ရန်ကုန်) |
| ကိုကျော်ကျော်လွင် | ဖုန်း-၀၉-၅၃၅၀၂၅၂(တောင်ငူ) |
| ကိုထွန်းမြင့် | ဖုန်း-၀၉-၅၁၉၇၀၉၈(နေပြည်တော်) |
| ကိုသန်းနိုင် | ဖုန်း-၀၉-၅၃၅၂၂၆(တောင်ငူ) |
| ကိုသိန်းထွန်းဦး | ဖုန်း-၀၉-၈၁၀၂၇၈၁(မန္တလေး) |

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph: 209200, 544383, 430480

သင့်သွေးဖြင့် အသက်ကယ်ပါ

နန်းဦးလှိုင် တောင်ကြီးမီးပုံးပျံပွဲတော်
● တောင်ကြီးမီးပုံးပျံပွဲတော် နှင့် အင်းလေး၊ မွေတော်ကက္ကူ၊ ထမ့်စမ်းဂူ၊ ပင်းတယ၊ ကလော၊ အောင်ပန်း (၄)ရက်။ ဆက်၍-ကယားပြည်နယ်၊ လွိုင်ကော် တောင်ကွဲစေတီ၊ ထီးပွင့်ကန်ပါ (၆)ရက်။ (၂၄-၁၁-၂၀၁၅)နေ့ထွက်မည်။
● မြဝတီ၊ မဲဆောက်၊ ကျောက်ကလပ်၊ ကော့ဂွန်းဂူ၊ ရသေ့ပုံဂူ၊ ဘုရင့်ညီဂူ (၃)ရက်။ (မဲဆောက်ကားခနှင့် မြဝတီတည်းခိုမြီး)
● ပုဂံ(ရွှေစည်းခုံ-ဆူ)၊ ပုပ္ပါး၊ ပခုက္ကူ၊ သီဟိုဠ်ရှင်(၄)ရက်။ ● မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ(၂)ရက်-ကျိုက်ထီးရိုးပါ(၃)ရက်။
● မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် (၄)ရက်။ ● ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ခမီ၊ စက်စဲ (၅)ရက်-ဆက်၍- မြိတ်(ဘိတ်)ပါ (၇)ရက်။ Nov 13,20,24,27 ● ကျိုက်ထီးရိုး(နေ့စဉ်)
● ထုံးဘို၊ အကောက်တောင်နှင့် ပြည်ဘုရားစုံဖူး (စနေ) ● ဧလွန် (နေ့ချင်းပြန်-ရုံးပိတ်ရက်) 01-391577
အမှတ်(၄၂)၊ လမ်းမတော်လမ်း၊ မြို့မဈေးအနောက်၊ သန်လျင်မြို့နယ်။ 09-5122961
အမှတ်(၂၅၁)၊ ပန်းဆိုးတန်းလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။ 09-254340569
အမှတ်(၁၇)၊ ကျိုက္ကစံလမ်း၊ ကျောက်မြောင်းဈေး၊ တာမွေမြို့နယ်။ 09-254821597

အလိုရှိသည်
စာရေးမ(1)ဦး သိပ္ပံဘွဲ့ရ၊ အသက် 20-25 လစာ-130000
0973077744

09-420051117, 09-252566687
+ ပုဂံ၊ ရွှေစည်းခုံ-ဆူ၊ ပြည့်ငါးပြည့်၊ ပုပ္ပါး ပခုက္ကူ - Nov 6, 13,20, 24,27 ထွက်မည် - 40000/-
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ထမ့်စမ်း - 50000/-
+ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်းစေတီ - 45000/-
+ ကျိုက်ထီးရိုး (နေ့စဉ်) 8000/- (၁၀)ဦးဝယ်လျှင် (၁)ဦး Discount
Air-com

GOLDEN STAR Travels & Tours
ပုဂံ (ရွှေစည်းခုံ-ဆူ)-ပုပ္ပါး-ပခုက္ကူ Nov-20,25
မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မင်းကွန်း Nov-20,25
တောင်ကြီး-အင်းလေး-ပင်းတယ-ကက္ကူ Nov-20,25
Ph;01-703448, 209200, 544383, 09-5081580

ASIA KING 01-543319, 09-420221257
ပုဂံ (ရွှေစည်းခုံ-ဆူ)၊ ပြည့်ငါးပြည့်၊ ပုပ္ပါး၊ ပခုက္ကူ Guest 55000/-
(4star Hotel, Restaurant ဘူဖေး) Special package .. 75000/-
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ကလော၊ အောင်ပန်း Guest 65000/-
Hotel Special package ..120000/-
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း၊ မုံရွာ၊ ရွှေဘို၊ ကျောက်စိမ်းစေတီ Guest 65000/-
Hotel Special package ..120000/-
မော်လမြိုင်၊ ကျိုက်(၅)ကျိုက် လမ်းဘုရားစုံ 30000/-
Oct 30, Nov 6, 13, 20, 24, 27 နေ့ထွက်မည်
ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်) ၅-ဦးဝယ် ၁-ဦး Discount


သုံးမျိုးပါဝင် အထူးအစီအစဉ်
အင်တာနက်၊ ပြည်တွင်းဖုန်းနံပါတ်အားလုံးကို အသုံးပြုနိုင်သည့် ဖုန်းခေါ်ဆိုမှုနှင့် SMS တို့ပါဝင်တဲ့ နေ့စဉ်သုံး၊ အပတ်စဉ်သုံး၊ လစဉ်သုံး 3 in 1 အစီအစဉ်များကို *150# သို့ ခေါ်ဆိုပြီး ရယူလိုက်ပါ။
ooredoo
နေ့စဉ်သုံး
၁၅ မိနစ် • 50MB
SMS ၁၀ စောင်
၅၀၀ကျပ်
*7070# ကိုခေါ်ဆိုပါ
အပတ်စဉ်သုံး
၈၀ မိနစ် • 300MB
SMS ၅၀ စောင်
၃,၀၀၀ကျပ်
*8080# ကိုခေါ်ဆိုပါ
လစဉ်သုံး
၂၅၀ မိနစ် • 1GB
SMS ၁၅၀ စောင်
၁၀,၀၀၀ကျပ်
*9090#ကိုခေါ်ဆိုပါ
3in1
စည်းမျဉ်းစည်းကမ်းအသေးစိတ်ကို www.ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

ကြော်ငြာ

TRITONE
LivingSquare Hanwha

- 8 Mile, Pyay Road
- Freehold Land
- Basement (B1~B5) Car Parking
- 18mm Pair-Glass System
- Granite Stone Finishing
- World Class Shopping Complex
- Multiplex Cinema
- Roof-top Solar Power Generator
- Panorama Views
- 3 Balconies for Every Units
- Development, Construction and Management By Hanwha, Global Leader In Real Estate Development


**Enquiry Hotline : 09-264554707**




https://facebook.com/TRITONE.8mile
https://tritone8mile.com

Hanwha
Living Square

Career Opportunity
Share your passion with us. For more info, tritonecareer@gmail.com



ကြော်ငြာ

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေ(kyats)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | တင်ဒါပုံစံ ရောင်းချမည့်နေ့ | တင်ဒါပိတ်ရက်/ အချိန် |
|---|---|---|---|---|
| (က) | 3-7(T)/MESC/2015-2016 | ရုံးသုံးစက်ကိရိယာများ(၇)မျိုး | ၆-၁၁-၂၀၁၅ | ၂၀-၁၁-၂၀၁၅ ၁၃း၀၀နာရီ |
| (ခ) | 3-8(T)/MESC/2015-2016 | ရုံးသုံးပရိဘောဂများ(၁၆)မျိုး | ၆-၁၁-၂၀၁၅ | ၂၀-၁၁-၂၀၁၅ ၁၃း၀၀နာရီ |
| (ဂ) | 3-9(T)/MESC/2015-2016 | ရုံးသုံးယာဉ်များ (အုပ်ချုပ်မှုနှင့်လုပ်ငန်းသုံး) | ၆-၁၁-၂၀၁၅ | ၂၇-၁၁-၂၀၁၅ ၁၃း၀၀ နာရီ |
| (ဃ) | 3-10(T)/MESC/2015-2016 | တာယာနှင့်ဘက်ထရီများ | ၆-၁၁-၂၀၁၅ | ၂၇-၁၁-၂၀၁၅ ၁၃း၀၀နာရီ |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူ နိုင်ပါသည်။
တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)
၇၇-လမ်း၊ ၂၆-၂၇ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၇၃၈၀၁


"ကုန်ကျစရိတ်အသက်သာဆုံး ၊အချိန်အတိုဆုံးဖြင့် အင်ဂျင်နီယာ ဖြစ်နိုင်မည့် အခွင့်အလမ်း"

City & Guilds **UK Engineering Diploma & Advanced Diploma** သင်တန်းများ

- Electronic Engineering(New)
- Electrical Engineering(New)
- Mechanical Engineering (New)
- Manufacturing Engineering (New)
- Electrical Installation
- Refrigeration & Air Conditioning
- Construction Engineering (Civil)
- Automotive Engineering (Japan)

(Since 2004) GLORY မှ ဖော်ပြပါ ဒီပလိုမာဆုရှင်များ ကိုမွေးထုတ်ခဲ့ပြီးဖြစ်သည်။

မင်းစိုက်ချမ်းမွန် Electronic Eng (2008)
နေမင်းထွန်း Electronic Eng (2009)
စိုင်းခမ်းလှံ Electronic Eng (2009)
ပြည့်ဖြိုးအောင် Adv Mechanical Eng (2013)

GLORY ၁၃၈/၁၄၀၊ ဒု-ထပ်၊ ပန်းဆိုးတန်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ကျောက်တံတားမြို့နယ်။ 09-73121717,09-5197817



# USA College Seminar

USA ထိပ်တန်းတက္ကသိုလ်များတွင် အချိန်တိုအတွင်း ဘွဲ့ယူနိုင်မည့် အခွင့်အလမ်းများနှင့် ပညာသင်ဆု ရရှိခွင့်များအကြောင်း ဟောပြောဆွေးနွေးမည်ဖြစ်၍

Lucky Draw
Win Prize
iPad Mini & More

◆ တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ ◆ အောင်မြင်ပြီးသူများ
◆ တက္ကသိုလ်ကျောင်းသူ /သားများနှင့် ◆ စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ပါသည်။

In Science, Engineering, IT, Business, MBA, Finance, Marketing & Many More!

မြန်မာနိုင်ငံတွင် (၁၀)တန်းအောင်မြင်ပြီးနောက် USA ထိပ်တန်းတက္ကသိုလ်များတွင် မိမိနှစ်သက်ရာဘာသာကို ဈေးနှုန်းသက်သာစွာဖြင့် တက်ရောက်သင်ကြားပြီး (၄)နှစ်အတွင်းဘွဲ့ရယူနိုင်ခြင်း အစရှိသောအခွင့်အလမ်းများရှိပါသည်။

California ရှိတက္ကသိုလ်မှ San Mateo, Cañada & Skyline Colleges Vice Chancellor & Study California President Dr. Jing Luan တို့နှင့် တိုက်ရိုက်တွေ့ဆုံမေးမြန်းနိုင်သည့် အခွင့်အရေး



မြန်မာနိုင်ငံတွင် ဝါရင့်ဂျပန်ဆရာကိုယ်တိုင် N5 Level (၃)လ နှင့် N4 Level (၃) လ အချိန်တို အတွင်းဂျပန်ဘာသာစကား၊ တတ်မြောက်အောင်သင်ကြားပေးပြီးနောက်၊ ဂျပန်နိုင်ငံတွင် ပညာသင်ကြားရင်း အချိန်ပိုင်းအလုပ်လုပ်နိုင်ခွင့်ရှိခြင်း၊ နေအိမ်မှနောက်ထပ်ငွေကြေးထောက်ပံ့မှု မလိုဘဲ မိမိနှစ်သက်ရာ ဘာသာရပ်တွင် ဂျပန်နိုင်ငံရှိတက္ကသိုလ်မှ ဘွဲ့၊ ဒီပလိုမာ ရရှိနိုင်မည့်အခွင့်အရေးရှိခြင်း၊ ဘွဲ့၊ ဒီပလိုမာ ရရှိပြီးလျှင် Full Time Job ရရှိနိုင်ခြင်း၊ အစရှိသော အခွင့်အလမ်းများ ရှိပါသည်။

AcademicTelesis
We Build Your Dream
academictelesis.com

Date: Nov 14, 2 pm
Yangon International Hotel
No.330, Ahlone Rd, Corner of Ahlone & Pyay Rd.

CITY COLLEGE

Register early, seats limited 09-263 105 249, 09-79 53 67475, 09-73205503
No. 34,3rd(B) Fl, Mapo St, Myaynigone, Sanchaung Tsp, Yangon.



YCTC Business Institute

Earn A World Recognised
# MBA
From One of Malaysia's Top University in Myanmar

Management & Science University (MSU) Malaysia
(နှစ်သက်ရာ အထူးပြုဘာသာရပ်များ ရွေးချယ်နိုင်ရန်အတွက်)



Specialisation in
- Global Marketing
- Organisational Leadership
- Finance
- Health Care Management

*Installment Available*
*Enroll Before : 30 November , 2015*
*Program Start on : December , 2015*

UK, Germany, Japan မှ Dual MBA ရယူနိုင်ပါသည်။

အမှတ်(၂၄)၊ ယောမင်းကြီးလမ်း၊ (Park Royal Hotel)အနီး။
Tel : (09) 420 163 316, (09) 254 269 644, www.yctcinstitute.com



တစ်မိနစ်အချိန်ပေးပြီးလိမ်းရုံဖြင့် တစ်နေကုန်လှပနေမည့် စန္ဒာ

ဝက်ခြံ၊ တင်းတိပ်နှင့် နေလောင်ကွက်များကိုလျင်မြန်စွာပျောက်ပါးသွားစေပြီး အသားအရေကိုဖြူဝင်းနုပျိုလှပစေမည့်

Vitamin - E
Olive Oil
တို့ပါဝင်ပြီး
အရောင်(၅)မျိုးဖြင့်
ထုတ်လုပ်ထားပါသည်။

ISO 9001-2008
Reg : 47Q14310

Since 1976
SANDAR
CLASSIC
PEARL CREAM
MAKE-UP



အမြို့မြို့ဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။



ခေတ်မီစက်သစ်ကြီးများဖြင့် ထုတ်လုပ်သော သဘာဝစစ်စစ်

စန္ဒာ မြန်မာ့ရိုးရာ သဘာဝအသားဖြူ သနပ်ခါးကို ရနံ့ (၇) မျိုးဖြင့်ထုတ်လုပ်ထားပါသည်။ ဝက်ခြံ၊ တင်းတိတ်၊ မှဲ့ခြောက်၊ နေလောင်ကွက်နှင့်အသားပပ်ခြင်း တို့ကို လျင်မြန်စွာသက်သာစေပြီး အသားရေကိုဖြူဝင်းလှပစေပါသည်။

စန္ဒာ ®
Since 1976
မြန်မာ့ရိုးရာ
သဘာဝအသားဖြူ
သနပ်ခါး



ISO 9001-2008
Reg : 47Q14310



အမြို့မြို့ဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။

**မဟာတိုး ဗုဒ္ဓဂယာ–ထိုင်း–ကမ္ဘောဒီးယား–သီရိလင်္ကာ–ဘုရားဖူးအဖွဲ့**

ဗုဒ္ဓဂယာ (၇) ရက် ၈.၅ သိန်း ၊ ဗုဒ္ဓဂယာ (၁၄) ရက်ခရီး ၉.၅ သိန်း Nov.11,25, Dec.9, 23 (ပိဋကပူဇော်ပွဲ)
ဗန်ကောက်- မြဘုရားဈေးဝယ် (၃) ရက်ခရီး ၃.၅ သိန်း — Oct 30-31, Nov 01
ကမ္ဘောဒီးယား-အန်ကောဝပ် (၃) ရက်ခရီး (လေယာဉ်ဖြင့် ) ၇.၅ သိန်း — Nov 27,28,29
သီရိလင်္ကာစွယ်တော် အပြန်ဘန်ကောက်ဘုရားဖူးဈေးဝယ် ၁၅.၅ သိန်း — Dec 25.26.27

မိသားစု၊ အသင်းအဖွဲ့ သီးသန့် စီစဉ်ပေးပါသည်။

ရန်ကုန် -(၃၈)၊ ၉လမ်း/ ၈၁၅၊မဟာဗန္ဓုလလမ်းနှင့်လှည်းတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်။ ဖုန်း - ၂၂၇၃၂၂၊ ၀၉ ၄၉၂၉၇၁၇၆၊ ၀၉ ၇၃၂၀၅၈၉၀
မန္တလေး -၄၁၄၊ ၈၂ လမ်း၊ ၃၂ × ၃၃ ကြား၊ ချမ်းအေးသာစံမြို့နယ်။ ဖုန်း – ၀၉ ၉၁၀၀၉၅၃၆၊ ၀၂ ၃၄၆၇၄
မော်လမြိုင် – အမှတ် (၄၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း မြိုင်သာယာရပ်၊ ဖုန်း- ၀၉ ၄၉၈၀၀၂၈၆၊ ၀၉၈၇၀၄၀၈၈

မန္တလေးမှ ဗန်ကောက်၊ ကမ္ဘောဒီးယား သီရိလင်္ကာ တိုက်ရိုက်ပို့ပေးပါသည်။

**အာရှနဂါး**
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

**GOLDEN STAR** ခရီးသွားလုပ်ငန်း
ဂျာမနီနိုင်ငံထုတ် MAN အဆင့်မြင့်ကားများဖြင့်...
☆ချောင်းသာ ကမ်းခြေသို့ နေ့စဉ်ပြေးဆွဲနေပါသည်။
☆ကျိုက်ထီးရိုး(နေ့စဉ်)/ငွေဆောင်(သောကြာ)
Ph: 209200, 430480, 544383, 703448, 705968

**သုံးရောင်သီ** ဝမ္မဒါန
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကက္ကူ၊
ထန်စန်း(ထမင်းကျွေး-၅၀၀၀၀/-)
ကျိုက်ထီးရိုး၊ ကျိုက္ကမီ၊ စက်စဲ၊ နွားလပို့
(တစ်ဦး-၂၅၀၀၀/-)
Nov 13,20,25
ကားအမျိုးမျိုးငှားရန်ရှိပါသည်။
☎ 420144148, 421153797

ချမ်းမြေ့ရတနာ — စရိုးစဉ်တိုင်းထမင်းဆိုင်ကျွေး၊ တဆင့်သွား၊ ကား၊ စက်လှေငှားမ်း
တောင်ကြီးမီးပုံးပျံ၊ အင်းလေး၊ ပင်းတယ၊ ထန်စမ်းဂူ၊ မွှေတော်၊ ကက္ကူ၊ နေပြည်တော် 65000/- (၃)ရက်
စစ်ကိုင်း၊ မုံရွာ၊ မန္တလေး၊ မင်းကွန်း၊ ကျောက်စိမ်းဘုရား၊ မြင်ဦးလွင် 60000/- (၃)ရက်
မော်လမြိုင်-ဖားအံ၊ ရွှေရင်မျှော်၊ ဇွဲကပင်၊ ရ သေ့ဂူ၊ ရေပူရေအေး 37000/- (၃)ရက်
ရခိုင်မဟာမုနိ၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ ရွှေစက်တော် 90000/- (၆)ရက်
မြစ်ကြီးနားအင်းတော်ကြီးရွှေမျဉ်းကောင်းမိုးညှင်းပေမလိုး မြစ်ဆုံရွှေကို မုံရွာအလောင်းတော်ကဿပ 70000(၇)(ကိုး)
Ph: 09-250353461, 09-798177845 ကြိုတင်လက်မှတ်ဝယ်နိုင်ပြီ။ (ကားငှားလုံးငှားသည်။)



Opportunities driven by connectivity
ဆက်သွယ်မှုမှ ဆောင်ရွက်ပေးမည့်အခွင့်အလမ်းများ
2 Shows, 1 Event
CommuniCast 2015 Myanmar
The 2nd Communications Technology, Enterprise & Convergence Solutions Show
International Myanmar ICT Exhibition 2015
Incorporating: Myanmar Satellite Forum 2015
Supported by: MCF SOFTWARE PARK
Supported by: MCF MCPA MCIA
Tuesday 17 - Thursday 19 November 2015
Myanmar Event Park (MEP), Yangon (9.00-17.00 Hrs.)
စီးပွားရေးလုပ်ငန်းရှင်များသာ၊ အသက် (၁၈) နှစ်အောက်ဝင်ခွင့်မပြု
Register at
www.communicastmyanmar.com
Info Hotline: +95-1 513 515 - 519
Official Medias: INTERNET Journal, NetGuide, MobileGuide, Oxford Business Group, Telecom Review
Local Media Partner: MYANMAR TIMES
Organised by: BES, ALLWORLD Exhibitions

Since 1996
Home
think of House, think of Home
သီတင်းကျွတ်ပွဲတော်
Special Promotion
ပါကေး အစားထိုး ကြမ်းခင်း



ကြမ်းခင်း ၁ ကျင်း ဝယ်လျှင် နံရံကပ် ၁ ကျင်း လက်ဆောင်
ကြမ်းခင်း ၃ ကျင်း ဝယ်လျှင် နံရံကပ် ၁ ကျင်း လက်ဆောင်
ကြမ်းခင်း ၅ ကျင်း ဝယ်လျှင် နံရံကပ် ကြွေပြား ၁ ကျင်း လက်ဆောင်
** Selected Items Only

» ရန်ကုန် (အောင်ဆန်းကွင်း) မင်္ဂလာတောင်ညွန့်။ ဖုန်း – 09 730 84 840, 09 730 84 841
» ရန်ကုန် (သီရိရတနာ) မြောက်ဥက္ကလာပ။ ဖုန်း – 09 79 700 70 88, 09 79 700 70 99
» ရန်ကုန် (လေးထောင့်ကန်) သာယာကုန်းမြို့နယ်။ ဖုန်း – 09 79 700 70 73, 09 79 700 70 83
» (မန္တလေး) ၈၂ လမ်း ( ၃၄ လမ်း နှင့် ၃၅ လမ်းကြား ) ဖုန်း – 09 3311 6626, 09 3311 6636
» ( ပဲခူး ) တပင်ရွှေထီးလမ်း မဟာကြိုင်မှတ်တိုင်။ ဖုန်း – 09 79 700 70 75, 09 79 700 70 85
» (နေပြည်တော်) ဇော်ဂျီလမ်း ၊ ပျဉ်းမနား။ ဖုန်း – 09 730 84 844, 09 795900 146
» (မော်လမြိုင်) မြေနီကုန်း အဝေးပြေးကားဝင်းအနီး။ ဖုန်း – 09 79 58 999 80, 09 79 58 999 81
» (တောင်ကြီး) ရွှေသူငွေကုန်း။ ဖုန်း – 09 79 700 70 79, 09 79 700 70 89
» (မုံရွာ) ဗိုလ်ချုပ်လမ်း။ ဖုန်း – 09 79 700 70 87, 09 79 700 70 97

100% သံချေးမတက်သည့် Stainless Steel ဘလိတ်ဓားသွားဆူးကြိုးများကို
စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ 15%Discount
ဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အရောင်းခန်းမ(၁) - အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ (နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph : 01-545531, 01-8603141, 09-5008161
အရောင်းခန်းမ(၂) - အမှတ်(၃၆/A)၊ ပြည်လမ်းမ၊ (၉)မိုင်၊ မရမ်းကုန်း။
Ph : 01-656521, 09-421024741
အရောင်းခန်းမ(၃) - အဆောင်(၁၁၇)၊ အခန်း(၅)၊ ကျောက်စိမ်း(၆)လမ်း၊ ကမ္ဘာ့ရတနာဘတ်စ်ကားစော်ဘွားကြီးကုန်းကားဝင်း၊ အင်းစိန်မြို့နယ်။
Ph: 01-642748, 09-421024711, 09-421024811

**လုံးချင်းအိမ်နှင့် မြေ အမြန်ရောင်းမည်**

ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မာလာနွယ်လမ်း၊
၂၅ပေ × ၅၀ပေ၊ မြေဂိုပါသည်၊ အုတ်တံတိုင်းအပြည့်ခတ်ပြီး။
ဂရမ်အမည်ပေါက်၊ နှစ်ထပ်လုံးခြင်းအိမ်ဆောက်ပြီး၊
ဆိုင်ခန်း (၄)ခန်းပါသည်၊ မျက်နှာစာ နှစ်ဖက်၊
(၅)ထပ်ခွဲတိုက်ဆောက်လုပ်ခွင့် ကျပြီး၊
ရောင်းဈေး - သိန်း ၁၇၀၀၊ (ကြော်ငြာမလိုပါ)
ဆက်သွယ်ရန် - ၀၉ ၅၁၉၄ ၉၁၃၊ ၀၉၇၈ ၄၆၉၃ ၆၅၈၊

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးမှုန့်
လေငန်းဖမ်း၍ကိုယ်တစ်ခြမ်းသေခြင်း၊ ပါးရွဲ့ခြင်း၊ လေဖြန်းခြင်း၊ ခြေလက်ထုံကျဉ်ကိုက်ခဲခြင်း ဖြစ်လျှင်လိမ်းနိုင်ပါသည်။
Certificate TH09/3125
Certificate TH06/3966.01
ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက်

စိတ်ချမ်းသာမှု အပြည့်အဝရရှိစေမည့် 24 Hours Service နှင့် အရစ်ကျငွေပေးချေမှုစနစ်များဖြင့်ဝယ်ယူနိုင်ပါပြီ...
KONICA MINOLTA
bizhub 165 (A3 B/W Copier) Multifunction $48/Month — Myanmar Best Seller
bizhub 195 (A3 B/W Copier) Multifunction $90/Month
bizhub C221 (A3 Color Copier) Multifunction $184/Month
bizhub C224e (A3 Color Copier) Multifunction $235/Month — Worldwide Best Seller
Gandamar O.A. & Business Solutions
01-383932, 01-383934, 09-253547980, 09-253547981

Hot Line No-0930500100

# နေပြည်တော်၌ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲရလဒ် ကြေညာမည့် မီဒီယာစင်တာ ဖွင့်လှစ်




**နေပြည်တော်  နိုဝင်ဘာ  ၉**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ် ကြေညာမည့် မီဒီယာစင်တာ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာများ၊ ဖိတ်ကြားထားသည့် အထူးဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်ကြေညာမည့် မီဒီယာစင်တာကို ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားရာတွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသော နိုင်ငံသူနိုင်ငံသားအပေါင်း၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ၊ ရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများနှင့် နိုင်ငံတကာ အထောက်အကူပြုအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူအားလုံးအား အထူးကျေးဇူးတင်ရှိပါကြောင်း။

အထွေထွေရွေးကောက်ပွဲကို တစ်နိုင်ငံလုံးတွင် မဲရုံပေါင်း လေးသောင်းကျော်တွင် ကျင်းပခဲ့ရာ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့် ထူးခြားဖြစ်စဉ် ၄၈ ခုဖြစ်ပွားခဲ့ပြီး **စာမျက်နှာ ၅ ကော်လံ ၁ သို့** ○

ယနေ့ မာတိကာ

လက်ရာမြောက်စဥ့်ထည် ပစ္စည်းများနှင့်အတူ အန်းတိတ်စဥ့်အိုးများကို စိတ်ဝင်စားမှုများပြား
စာမျက်နှာ - ၂

လှည်းယဉ်များနှင့် မြင်းရုပ်ကြွင်းများကို တရုတ်နိုင်ငံ ကျန်စီးပြည်နယ်၌ ရှာဖွေတွေ့ရှိ
စာမျက်နှာ - ၄

ဒဏ်ရာကြောင့် ဘယ်လ်ဂျီယံ၏ ချစ်ကြည်ရေးခြေစမ်းပွဲများကို ဖယ်လိုင်နီလွဲချော်မည်
စာမျက်နှာ - ၁၂

# အာဆီယံပြည်သူ့ဂုဏ်ပြုဆုအတွက် ပါရမီစားပွဲဝိုင်းအုပ်စုအား ရွေးချယ်

နေပြည်တော်  နိုဝင်ဘာ  ၉

**၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအထိမ်းအမှတ် လှုပ်ရှားမှုအဖြစ် အာဆီယံအသိုက်အဝန်းတည်ထောင်မှုတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လူပုဂ္ဂိုလ်/အဖွဲ့အစည်းများအား အသိအမှတ်ပြု ချီးကျူးဂုဏ်ပြုသည့် အာဆီယံပြည်သူ့ဂုဏ်ပြုဆု (ASEAN People's Award) ချီးမြှင့်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၁ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ပြုလုပ်မည့် (၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနား၌ ကျင်းပသွားမည်ဖြစ်သည်။**

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

# ဆာဖာရီဥယျာဉ်(နေပြည်တော်)၌ သစ်ကုလားအုတ်တစ်ကောင် ပေါက်ဖွား

**နေပြည်တော်  နိုဝင်ဘာ  ၉**

ထိုင်းနိုင်ငံ Thai Sawat ကုမ္ပဏီမှ မြန်မာနိုင်ငံရှိ ဆာဖာရီဥယျာဉ်(နေပြည်တော်)သို့ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် သစ်ကုလားအုတ်အထီး(ထုံချိုင်း)အသက် ခုနစ်နှစ် ခြောက်လနှင့် သစ်ကုလားအုတ်အစ်မ တီဇာ(ခ) သဲစု အသက်ရှစ်နှစ် ရှစ်လတို့ကို လှူဒါန်းခဲ့သဖြင့် သစ်ကုလားအုတ်များ၏ နေထိုင်စားသောက်မှု သဘာဝကို အများပြည်သူများ လေ့လာနိုင်ရန်အတွက် မွေးမြူပြသထားခဲ့သည်။

ထိုသို့မွေးမြူပြသထားသော သစ်ကုလားအုတ်အမ (သဲစု)သည် ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ကိုယ်ဝန်ရှိလာသဖြင့် ဥယျာဉ်ဝန်ထမ်းများက ကိုယ်ဝန်ဆောင်အားဆေးများ တိုက်ကျွေးခြင်း၊ ဖြည့်စွက်ရိက္ခာများ ကျွေးမွေးခြင်းတို့ဖြင့် ပြုစုစောင့်ရှောက်ခဲ့ရာ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက် ည ၇ နာရီ ၁၂ မိနစ်တွင် သစ်ကုလားအုတ်များ၏ **စာမျက်နှာ ၁၁ ကော်လံ ၅သို့** ❏






themirror.npt@gmail.com
www.facebook.com/themirrordaily